# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် ၂၀၂၁ ခုနှစ်၊ မေ ၁၉ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၉၈)


# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မဲရုံ ၂၀၀ ရုံ | ၁၉၇၀၀၆ | ၁၈၁၄၃၇ | ၁၇၇၂၁ | ၁၄၄၅ | ၁၈၂၅၄ |
| ၂ | မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မဲရုံ ၁၀၆ ရုံ | ၁၁၇၀၂၂ | ၁၀၀၈၆၆ | ၁၇၄၆၈ | ၄၁၇ | ၉၁၅၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၀၆ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၃၆၅၈၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၁၅၂၉ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၀၅၀၅၄ ၊ မြေပြင်လက်ကျန် ၈၆၂၁၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၁၂၁၄ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၃၇၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ●

# စစ်တွေမြို့ ပို့ပွင့်ကမ်းခြေနှင့် ဟိုတယ်ကမ်းခြေတွင် ရေကစားသူများ၊ အပန်းဖြေသူများဖြင့် စည်ကား



**စစ်တွေ ဧပြီ ၁၈**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ပြီးဆုံးပြီဖြစ်၍ မြန်မာနှစ်သစ်ကူးကာလ ဧပြီ ၁၈ ရက် (တနင်္ဂနွေနေ့)၌ စစ်တွေမြို့ ပို့ပွင့်ကမ်းခြေနှင့် ဟိုတယ်ကမ်းခြေတို့တွင် ရေကစားသူများ၊ အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားနေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ရခိုင်ပြည်နယ် စစ်တွေမြို့၏ ဒုတိယသင်္ကြန်ဟု တင်စားလောက်သည့် သင်္ကြန်အပြီးနောက် တနင်္ဂနွေနေ့တွင် စစ်တွေမြို့ပို့ပွင့်ကမ်းခြေနှင့် စစ်တွေဟိုတယ်ကမ်းခြေတို့တွင် နှစ်စဉ်နှစ်တိုင်း ရေကစားကြသူများ၊ အပန်းဖြေကြသူများနှင့် စည်ကားလျက်ရှိသည်။ ယနေ့တွင် စစ်တွေမြို့ပေါ်ရပ်ကွက်အသီးသီးနှင့်စစ်တွေမြို့နယ်ကျေးရွာများမှ မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများသည် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် လာရောက်ရေကစား အပန်းဖြေကြသည်ကို တွေ့ရသည်။

"ကျွန်တော်တို့က သူငယ်ချင်းတွေနဲ့ပေါင်းပြီးတော့ အပန်းဖြေရင်း ရေကစားဖို့လာကြတာပါ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း

# မြန်မာနှင့်ကမ္ဘာ

ယနေ့နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ သိလိုမှုများရှိနေကြသည်။ မြန်မာနိုင်ငံကို (ဝါ) လက်ရှိမြန်မာအစိုးရကို နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်မပြုကြောင်း အမနာပပြောကြားမှု အချို့ကလည်း ရှိနေသည်။

“နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ရည်ရွယ်သည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသွားမည်ဖြစ်ပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာ ကျင့်သုံးသွားမည်ဖြစ်သည်”ဟူ၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ လက်ရှိအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို ယခင်အတိုင်း အပြောင်းအလဲမရှိ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းပင်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကို ရေရှည်တည်တံ့အောင် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုပေါ် အခြေခံ၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ဆက်လက်ပါဝင်လျက်ရှိသလို ချုပ်ဆိုထားသည့် နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်များကိုလည်း စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု ထပ်လောင်းအတည်ပြုထားသည်။

နိုင်ငံတကာဆက်ဆံရေးဟူသည် နိုင်ငံတိုင်းက မိမိတို့ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုသာဦးတည်ဆောင်ရွက်ကြခြင်း ဖြစ်သည်။ သဘောတရားရေး၊ ဝါဒရေးရာစသည်တို့မှာ အပေါ်ယံအဖုံးအကာမျှသာဖြစ်ပြီး “အမျိုးသားအကျိုးစီးပွား”သည်သာ အစစ်အမှန်နိုင်ငံရေး၊ လက်တွေ့နိုင်ငံရေးဖြစ်သည်ဟူ၍ ဆိုကြသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်လာလျှင် နိုင်ငံတကာမျက်နှာစာ၌ အုပ်စုဖွဲ့၍ ဖိအားပေးမှုများ၊ သူ့ဘက်ကိုယ့်ဘက်ရပ်တည်မှုများမှာ ဤသဘောအတိုင်းပင်ဖြစ်သည်။ နိုင်ငံသေးငယ်ခြင်း၊ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား ချည့်နဲ့ခြင်းတို့က မြေနိမ့်ရာ လှံစိုက်ခံရသည့်အခြေအနေသို့ရောက်ရှိစေခြင်းဖြစ်သည်။ “နိုင်ငံပေါင်းစုံကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး၊ နိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင်ပြုလုပ်သင့်ကြပေပြီ” ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက အလယ်ပစ္စယံ ညီလာခံမိန့်ခွန်းတွင် ပြောကြားခဲ့ရာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်လာပြီဖြစ်သည့် မျက်မှောက်ကာလတိုင်အောင် ကမ္ဘာ့နိုင်ငံရေးတွင် “အင်အားသည်သာ အမှန်တရား” ဖြစ်နေဆဲဖြစ်သည်။ စင်စစ်နိုင်ငံကြီးဆိုသည်မှာ ခေတ်မီအောင်ကြီးပွားတိုးတက်သောနိုင်ငံကို ဆိုလိုသည်ဟူ၍ ဗိုလ်ချုပ်က အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

နိုင်ငံတကာအလယ်တွင် ကိုယ့်နိုင်ငံ ကိုယ်ပြန် အပုပ်ချ၍ အတွင်းထရံအပြင်ကာ အကူအညီ လက်ဖြန့်တောင်းခံနေမှုများ၊ တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာပြိုကွဲရေး၊ ပြည်တွင်းစစ်မီးတောက်လောင်ရေးအတွက် ကြံစည်အားထုတ်နေမှုများ၊ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်တို့ကို ခေတ်မမီဟုယူဆကာ လစ်ဘရယ်အိပ်မက်မက်ပြီး ကယောင်ကတမ်းအော်ဟစ်နေမှုများက မိမိတို့နိုင်ငံရေးချည့်နဲ့နေခြင်းကို ပြသနေသည့် ပြယုဂ်များပင်ဖြစ်သည်။ နိုင်ငံရေးအင်အားချည့်နဲ့နေသရွေ့ စီးပွားရေးတောင့်တင်း ခိုင်မာလာအောင်ဆောင်ရွက်နိုင်ရန်မှာလည်း အလှမ်းဝေးနေလိမ့်မည်။ နိုင်ငံတကာအလယ်တွင် ခေါင်းမော့ရင်ကော့နိုင်သည့်၊ ခေတ်မီကြီးပွားတိုးတက်သည့်နိုင်ငံကြီးဘဝသို့ရောက်ရန် မိမိတို့၏ အခြေခံအကျဆုံးလိုအပ်ချက်မှာ စည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရန်ပင်ဖြစ်သည်ဟု ရှုမြင်ပါကြောင်း။ ။

## သီပေါမြို့ နန်းဦးပရိယတ္တိစာသင်တိုက်၌ ရိုးရာမပျက် သဲပုံစေတီလှူဒါန်းပူဇော်



သီပေါ ဧပြီ ၁၈

သီပေါမြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာအတာ သင်္ကြန်ကာလ၌ မြို့ပေါ်ရှိ ဘုရားကျောင်းကန်များနှင့်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတိုက်များ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ ရိပ်သာများ၌ တရားစခန်းဝင်ခြင်း၊ ဒုလ္လဘရဟန်းဝတ်ခြင်း၊ သံဃာတော်များနှင့် ရိပ်သာဝင်ယောဂီတို့အား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများဆက်ကပ် လှူဒါန်းခြင်းများဖြင့် နှစ်သစ်ကူးကာလ မုဒိတာပွားကြည်နူးဖွယ် တွေ့ရသည်။

အတာသင်္ကြန်အကြိုနေ့မှ အစပြုလျက် သင်္ကြန်အတက်နေ့အထိ သီပေါမြို့ နန်းဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကစ္စာဏအရှင်သူမြတ်အား အမှူးထား၍ တပည့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များ စုပေါင်းဦးဆောင်ပြီး နန်းဦးပရိယတ္တိစာသင်တိုက် စေတီတော်မြတ်ကြီး၏ အရပ်ရှစ်မျက်နှာထောင့်များအလိုက် သဲပုံစေတီတော်ရှစ်ဆူကို ရှေးရိုးရာအစဉ်အလာမပျက် လှူဒါန်းပူဇော်ကြသည်။

ထိုသို့ သဲပုံစေတီတော်ကို လှူဒါန်းပူဇော်ရခြင်းအတွက် ခန္ဓာကိုယ်မှ ချေးညှော်မြူ အညစ်အကြေး မတင်ခြင်း၊ ခန္ဓာကိုယ်မှ နံစော်သော အနံ့ဆိုးများကင်းစင်ခြင်း၊ ခန္ဓာကိုယ်အချိုးအစား၊ အရပ်အမောင်း ပြည့်စုံတင့်တယ်ခြင်း၊ အများနှင့်မတူ ကိုယ်ခန္ဓာအရောင်အဆင်းလှပခြင်း၊ အများတကာထက် အသက်ရှည်ခြင်း၊ အနာကြီးရောဂါ ကင်းစင်ခြင်း၊ လူနတ်တို့ချစ်ခင် ကြည်ညိုခြင်း၊ ပညာဉာဏ်ခွန်အား ဗလနှင့် ပြည့်စုံခြင်း၊ အခြံအရံများ ခွန်အားဗလနှင့် ပြည့်စုံခြင်း၊ ပဋိသမ္ဘိဒါဉာဏ်နှင့် ရဟန္တာအဖြစ် ဆိုက်ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း စသည့် အကျိုးထူးများရရှိနိုင်ကြောင်း နန်းဦးပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်က မိန့်ကြား၍ သိရသည်။

စိုင်း(သီပေါ)

## နေ့သစ်နေခြည်

- နေခြည်အသစ် ၊ ရွှေရည်နှစ်နဲ့
  နေ့သစ်နှစ်သစ် ဖွင့်ခဲ့ပြီ...။
- ကျန်ရစ်ဖြစ်နှောင်း ၊ နှစ်အဟောင်းမှာ
  ကောင်းဆိုးနှစ်တန် ၊ ပြု–ဖြစ်ဟန်ကို
  တစ်ဖန်ဆန်းစစ် ၊ ပြုတင်းလှစ်သို့
  နေ့သစ်နှစ်ပျို ၊ သူငါကြိုမည်
  သီဆိုချစ်တေး သံပြိုင်နှင့်...။
- ရလဒ်ကောင်းမှာ ၊ ငါမှငါဟု
  ဂုဏ်ဆာယစ်မူး ၊ မလွန်ကျူးဖို့...။
- ရလဒ်ဆိုးမှာ ၊ ရှုံးလှစွာဟု
  ရင်နာအားပျော့ ၊ မာန်မလျှော့ဖို့...။
- သင်ခန်းစာလား ၊အမြတ်လား...ဟု
  ပိုင်းခြားဆင်ခြင် ၊ ခရီးနှင်ဖို့
  သင်နှင့်သူငါ ၊ အားလုံးမှာလျှင်
  မေတ္တာရင်းခံ ၊ လမ်းကြောင်းမှန်၌
  နိုင်ငံလူမျိုး ၊ ထိုနှစ်ကျိုးကို
  ဘေးဘိုးစဉ်လာ ၊ ထိန်းဆက်ကာဖြင့်
  မြန်မာဂုဏ်ကို မြှင့်ဦးစို့...။
  နေ့သစ်နေခြည် လင်းရောင်ပျို့ ...။

**ကိုရင်စော**

### နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် ဧပြီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ(၃)စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www. issuu. com/myanmarnewspaper ၊ https://www. moi.gov.mm/mal၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

- **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှား သင်ခန်းစာတွေကို ကြည့်ပါ။**
  **နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ဆေးရုံများ ပိတ်ထားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရ

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ပါက တိုင်းပြည်အတွက် များစွာနစ်နာပါကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ဆက်တွင် ဝန်ထမ်းများကြား NGO ၊ INGO များက စည်းကမ်းမဲ့ ဒီမိုကရေစီပုံစံများဖြစ်အောင် ရိုက်သွင်းခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်သူများအနေဖြင့် ထဘီများတွင် ဘုန်းတော်ကြီးပုံများ ချိတ်ဆွဲဆောင်ရွက်မှုများသည် သာသနာတော်အပေါ် စော်ကားခြင်းဖြစ်ကြောင်း၊ ဆေးရုံများ ပိတ်ထားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရကြောင်း၊ ယင်းကို တပ်မတော်အနေဖြင့် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် နာဂဒေသသို့ သမ္မတဦးသိန်းစိန်နှင့် ရောက်ရှိခဲ့စဉ်က နာဂဒေသ၌ ဆရာဝန်များ လိုအပ်ချက်များရှိကြောင်း၊ တပ်မတော်အနေဖြင့် ဆရာဝန်အရာရှိ ၄၄ ယောက် စေလွှတ်ပေးခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများကို ကြည့်သည့်အခါ ၁၉၉၇ ခုနှစ်တွင် ၁၅၉၂၁၁၉ ဦး ကျောင်းနေခဲ့သော်လည်း ၅ တန်းတက်သည့်အချိန်တွင် ၃၄ ဒသမ ၇၁ ရာခိုင်နှုန်းသာ တက်ရောက်နိုင်ခဲ့ကြောင်း၊ ၆၅ ရာခိုင်နှုန်းမှာ ၅ တန်းတွင်သာရပ်သွားပြီး ဆယ်တန်းရောက်အချိန်တွင် ၁၇ ရာခိုင်နှုန်း ကျော်သာ ကျန်ရှိတော့ပါကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့၏ သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့၏ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်၊ ရုံးအမှတ်(၈)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး ဒေါ်နီလာစိန်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အသက် (၈၀) နှင့်အထက် အတူနေမိသားစုဝင် အဘိုးအဘွား (၆၀) ကို အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် ငွေသားများကို တက်ရောက်လာသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ဇနီးများမှ အသီးသီးပေးအပ် လှူဒါန်းခဲ့ကြပြီး ဂါရဝပြုကန်တော့ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*ရှေ့ဖုံးမှ

ကျွန်တော်တို့ စစ်တွေမှာ သင်္ကြန်ပြီးတဲ့နောက် တနင်္ဂနွေနေ့ဆိုရင် အခုလိုပဲ ပျော်ပွဲစားထွက်ကြပါတယ်၊ စစ်တွေဟိုတယ်ကမ်းခြေက သာယာအေးချမ်းပြီးရေကစားအနားယူလို့ အလွန်ကောင်းတဲ့ ကမ်းခြေတစ်ခုဖြစ်ပါတယ်၊ ကမ်းခြေက ပြန်လာတဲ့သူတွေကိုလည်း မြို့ပေါ်ရပ်ကွက်တွေမှာ သင်္ကြန်တွင်းလိုပဲ ရေပက်ကစားကြပါတယ်၊ ဒီနှစ်က ထူးခြားပြီးသွားရလာရတာ အဆင်ပြေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ပြည်သူတွေနဲ့ပေါင်းပြီးတော့ ကမ်းခြေကိုသွားတဲ့လမ်းတွေကို တစ်လမ်းမောင်းစနစ်ဖြစ်အောင် လုပ်ဆောင်ပေးထားတဲ့အတွက် ဖြစ်ပါတယ်။ အရင်နှစ်တွေကဆိုရင် ကမ်းခြေကပြန်ရတာ အလွန်ခက်ခဲပါတယ်၊ လူတွေက အလွန်များပြီးတော့ စည်ကားတဲ့အတွက်ဖြစ်ပါတယ်၊ အခုလိုဆောင်ရွက်ပေးတဲ့အတွက်လည်း လူကြီးတွေနဲ့ တာဝန်ရှိတဲ့သူတွေကို ကျေးဇူးအထူးတင်ပါတယ်”ဟု စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်မှ ကိုထွန်းထွန်းနိုင်က ပြောသည်။

သင်္ကြန်ကာလအတွင်း ဘုရား၊ ကျောင်းကန်သွားကြသူများ၊ ဝမ်းရေးအတွက် စီးပွားရှာကြသူများ၊ သင်္ကြန်ရေပက်ကစားကြသူများသည် မိသားစုဝင်များ၊ သူငယ်ချင်းမိတ်ဆွေများနှင့်အတူ ပျော်ရွှင်စွာ အနားယူအပန်းဖြေကာ စစ်တွေမြို့ ပွိုင့်ကမ်းခြေနှင့် ဟိုတယ်ကမ်းခြေတွင် စည်ကားလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း (မြန်/ဆက်)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဧပြီ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၄၅၁၂၈ ဦး၊ အတွင်းလူနာ ၄၀၉၁ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ် ကုသရန်လိုအပ်သူ ၆၈၇၅ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၅၆၂ ဦး စုစုပေါင်း ၁၀၄၃၇ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၆၂၆ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၅၉၁ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၉၂၁၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။



တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမိသားစုများ နှစ်သစ်အန္တရာယ်ကင်း ပရိတ်တရားတော်နာယူ

**နေပြည်တော် ဧပြီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ နှစ်သစ်အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားကို ဧပြီ ၁၇ ရက် ညနေပိုင်းက နေပြည်တော်ရုံးအမှတ် (၁၅) ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက်၏ ပဓာနနာယက၊ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလ္လာဝုဓ အမှူးပြုသော ဆရာတော် သံဃာတော် ၅ ပါးတို့ က နှစ်သစ်ကူး မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်အရှင်မြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် နှစ်သစ်ကူး မင်္ဂလာ ပရိတ်တရားတော်များကို ရိုသေစွာ နာယူကြသည်။

ထို့နောက် ပျဉ်းမနားမြို့ မဟာလယ်တီစံ ကျောင်းတိုက်၏ ပဓာနနာယက၊ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလ္လာဝုဓ အမှူးပြုသော ဆရာတော် သံဃာတော်ငါးပါးတို့အား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး (ယာပုံ) ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မန္တလေးတိုင်းဒေသကြီးရှိ အားကစားကွင်း/အားကစားရုံများ ပြုပြင်မွမ်းမံမှု၊ တည်ဆောက်ပြီးစီးမှုများစစ်ဆေး

**နေပြည်တော် ဧပြီ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ဧပြီ ၁၆ ၊ ၁၇ နှင့် ၁၈ ရက်များတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနအောက်ရှိ အားကစားကွင်း/ အားကစားရုံများ တည်ဆောက်ပြုပြင်မွမ်းမံမှု လုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်အားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်း စိမ်းလန်းစိုပြည်ရေး၊ ရေလုံလောက်စွာ ရရှိရေးအတွက် အဝီစိတွင်း ပေ ၉၀၀ တူးခြင်း လုပ်ငန်းများ၊ ရေဂါလန် ၃၂၀၀ ဆံ့ အမြင့်ပေ ၃၀ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဘောလုံးကွင်း အရှေ့ဘက် အုတ်တံတိုင်း ပေ ၆၀၀ ပြုလုပ်ခြင်း လုပ်ငန်းများ၊ အရှည်ပေ ၃၀၀ အမြင့်ပေ ခုနစ်ပေရှိ မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၁၇ ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်အားကစားကွင်းကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးက နေအိမ် တည်ဆောက်နေမှုလုပ်ငန်းများ၊ အားကစားသမားများ အိပ်ဆောင် လေးထပ်နှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုလုပ်ငန်းများ၊ ဗထူးအားကစားကွင်း ပြန်လည်ပြုပြင် မွမ်းမံထားရှိမှု၊ စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပမှု၊ ကာယဗလနှင့် ကာယအလှ အားကစားရုံတည်ဆောက်နေမှု လုပ်ငန်းများ၊ မန္တလေး(အားကစားနှင့် ကာယပညာ သိပ္ပံကျောင်း) ၁၀ ခန်းတွဲ ဝန်ထမ်းအိမ်ရာ သုံးထပ် တည်ဆောက်မည့် မြေနေရာများ၊ ရေဂါလန် ၂၀၀၀ ဆံ့ Ground Tank တည်ဆောက်နေမှုလုပ်ငန်းများ၊ စက်ရေတွင်း ၄ လက်မ (၁၃.၅) PVC ပေ ၅၀၀ တူးဖော်နေသောလုပ်ငန်းများ၊ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းမြက်ခင်းကို Spinkler ဖြင့် ရေဖျန်းတပ်ဆင်ခြင်းလုပ်ငန်းများနှင့် ပုသိမ်ကြီးမြို့နယ် ဘောလုံးအားကစားကွင်းနှင့် မြို့နယ်အားကစားခန်းမတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တံတားဦးမြို့နယ် ဘောလုံးကွင်းကို ကြည့်ရှုစစ်ဆေးပြီး လေးခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုလုပ်ငန်းများ၊ လေးခန်းတွဲ အများသုံး သန့်စင်ခန်း နှစ်ခန်း တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မြို့နယ်တွင်း အားကစားပြိုင်ပွဲများ၊ မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင် အားကစားလေ့ကျင့်ရေးစခန်းရှိ ခရိုင်အားကစားကွင်းကို ကြည့်ရှုစစ်ဆေး၍ ပွဲကြည့်စင် တည်ဆောက်နေမှု၊ အားကစားနည်းအလိုက် လေ့ကျင့်ရန်လျာထားသော အားကစားရုံများ၊ ခန်းမများကို လည်းကောင်း၊ အားကစားသမားများ ကျွေးမွေးစားသောက်ရန်အတွက် စားရိပ်သာတို့ကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် အားကစားကွင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနေရှင်နယ်လိဂ် ရတနာပုံယူနိုက်တက်ကလပ် ဘောလုံးအသင်းမှ ငှားရမ်းပြီး ပြန်လည်အပ်နှံထားသော မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာဘောလုံးကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးကွင်းကို ပြန်လည်ပြုပြင်မွမ်းမံရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် ဧပြီ ၁၈

COVID-19 ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလများအတွင်း ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် အခြားဘာသာများအလိုက် ဘာသာရေးကျောင်းများအား ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ ပြန်လည်ဖွင့်လှစ်ပေးခဲ့သဖြင့် ယနေ့တွင်လည်း ဗုဒ္ဓဘာသာ ဘုရား၊ စေတီ၊ ကျောင်းကန်များတွင် ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက စည်ကားသိုက်မြိုက်စွာ ကုသိုလ်ယူ ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

အလားတူ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာဝင်များ၏ ဘာသာအလိုက်ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင်လည်း သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

ဦးစွာ တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်ရသည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် အခြေအနေများအား ရှင်းလင်းတင်ပြကာ တိုင်းမှူးက တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါတာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၌ မေ့ဆေး ပါရဂူ ၅ ဦး၊ ရောဂါဗေဒပါရဂူ ၁ ဦး၊ ခွဲစိတ်ပါရဂူ ၅ ဦး၊ ခတ်မှန်ပါရဂူ ၁ ဦး၊ ဆေးမှူးဆရာဝန် ၁ ဦး၊ သူနာပြုအရာရှိ ၂၇ ဦး စုစုပေါင်း ၄၀ ပါဝင်ကာ ၎င်းတို့သည် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်ကုသရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်မှ COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်း တိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော် တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစား



သာယာဝတီခရိုင်ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများကို ဆေးဝါးကုသမှုပေးနေစဉ်။

နေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သောလူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန်စီးတီးကိုနိုင်ပြီး အက်ဖ်အေဖလားဖိုင်နယ်ပွဲ တက်လှမ်းနိုင်ခဲ့သည့် ချယ်ဆီး

အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ချယ်ဆီးနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို စနေနေ့ ညပိုင်းက ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက ဇီယက်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် မန်စီးတီးအသင်းကို အနိုင်ရရှိကာ အက်ဖ်အေဖလား ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ချယ်ဆီးအသင်းသည် အက်ဖ်အေဖလား ဖိုင်နယ်ပွဲသို့ တက်လှမ်းနိုင်ရန်အတွက် ပြီးခဲ့သည့် ပေါ်တိုအသင်းနှင့်ပွဲစဉ်မှ လူစာရင်းကို သုံးဦးအထိ အပြောင်းအလဲပြုလုပ်ကာ မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ မန်စီးတီးအသင်းကလည်း ဖလားလေးလုံးမျှော်လင့်ချက် ဆက်လက်ရှင်သန်နိုင်ရန်အတွက် ပြီးခဲ့သည့်ပွဲစဉ်မှ လူစာရင်းကို ရှစ်ဦးအထိ အပြောင်းအလဲပြုလုပ်ကာ ချယ်ဆီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ယနေ့ပွဲစဉ်တွင် ကစားသမားရှစ်ဦးအထိ အပြောင်းအလဲပြုလုပ်ခဲ့သော မန်စီးတီးအသင်းအနေဖြင့် ချယ်ဆီးအသင်းအပေါ် သိသိသာသာ ဖိအားပေးကစားနိုင်ခြင်း မရှိခဲ့ပေ။ ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ထိုးဖောက်တိုက်စစ်ဆင်မှုများရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီးအသင်းသည် ကစားကွက်အပြောင်းအလဲပြုလုပ်ကာ ဒီဘရိုင်း၏နေရာကို ဖိုဒင်ဖြင့် အစားထိုးခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့်ဂိုးများကို မြင်တွေ့ခဲ့ရခြင်းမရှိဘဲ ချယ်ဆီးအသင်းကသာ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ချယ်ဆီးအသင်းအတွက် ဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဝါနာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဇီယက်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း လိုအပ်နေသည့်ဂိုးများကို ထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ချယ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အက်ဖ်အေဖလားဖိုင်နယ်ပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မန်စီးတီးအသင်း၏ ဖလားလေးလုံးမျှော်လင့်ချက် ချယ်ဆီးအသင်းမှ ဇီယက်၏ဂိုးကြောင့် ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။

ချယ်ဆီးအသင်းသည် အက်ဖ်အေဖလားဖိုင်နယ်ပွဲသို့ ၂၀၁၇-၂၀၁၈ ခုနှစ်က နောက်ဆုံးရောက်ရှိခဲ့ပြီး မန်ယူအသင်းနှင့်တွေ့ဆုံခဲ့ကာ ဟာဇက်၏ ပယ်နယ်တီသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချယ်ဆီးအသင်းသည် အက်ဖ်အေဖလားဖိုင်နယ်ပွဲတွင် လက်စတာနှင့် ဆောက်သမ်တန်တို့ပွဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဧပြီ ၁၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။


မိုး/ဇလ

# မိမိကစ ကာကွယ်ပါ၊ ကိုဗစ် ၁၉ ကပ်ရောဂါ တကယ်ကြောက်စရာ ...

---- ကိုတိုး ----

**နှစ်သစ်ကူးမဟာသင်္ကြန်ကာလကတော့ ဟိုအရင်နှစ်များကလို စိတ်လွတ်ကိုယ်လွတ် အားပါးတရ မြိမ့်မြိမ့်သဲသဲ မဆင်နွှဲနိုင်ခဲ့ကြပေမယ့်လည်း ကျေကျေနပ်နပ်နဲ့ပဲ အောင်မြင်ပြီးမြောက်လို့ နှစ်သစ်ကို ရောက်ခဲ့ကြပါပြီ။**

ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေနဲ့ မင်္ဂလာရှိတဲ့ အချိန်ကာလမှာ မင်္ဂလာမရှိတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတချို့ရဲ့ အမင်္ဂလာလုပ်ရပ်တွေကြောင့်ရယ်၊ အရှိန်မသေသေးတဲ့ ကိုဗစ်ကပ်ရောဂါဆိုးကြောင့်ရယ် ကျွန်တော်တို့တစ်တွေ ဆင်ဆင်ခြင်ခြင်၊ ကြောက်ကြောက်လန့်လန့်နဲ့ပဲ နှစ်သစ်ကို ရောက်ရှိကူးပြောင်းခဲ့ကြပါပြီ။ ဘာပဲဖြစ်ဖြစ်ပေါ့။ တည်ငြိမ်အေးချမ်းတော့မယ့် အရိပ်အရောင်များနဲ့အတူ နှစ်သစ်ကို ဝမ်းမြောက်ကြည်နူးစွာ ဖြတ်သန်းဖို့ကြိုးစားနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။



> **“အဲဒီ ကိုဗစ်ကာလက အမျိုးသားရေး စိတ်အပြည့်နဲ့ တိုင်းရင်းသားမိဘပြည်သူများအပေါ် တာဝန်ကျေခဲ့တဲ့၊ သစ္စာရှိခဲ့တဲ့ ဆရာဝန်တွေနဲ့ အခု CDM မှာပါပြီး အတွေးတိမ်တိမ်၊ အဆင်အခြင်နည်းနည်း၊ စာသာတတ်ပြီး တွေးခေါ်ဆင်ခြင်မှု အားနည်းတဲ့ ဆရာဝန်တွေနဲ့ ယှဉ်ကြည့်မိတယ်။ မိုးနဲ့မြေပါပဲ။ မြင့်မိုရ်တောင်နဲ့ ဆီးစေ့ပါပဲ။ အဖြူနဲ့အမည်းပါပဲ။ ကုသိုလ်နဲ့ အကုသိုလ်ပါပဲ။ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ အတွေးအခေါ် အယူအဆ၊ အလုပ်အကိုင်တွေ လားလားမှမတူပါဘူး။ ဒါ့ကြောင့် နိုင်ငံနဲ့ ပြည်သူလူထုအပေါ် တာဝန်ကျေသစ္စာရှိတဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ထာဝရလေးစားဂုဏ်ပြုနေမှာပါ”**

ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အစီအစဉ်အောက်မှာ အရင်နှစ်တွေတုန်းကလို သင်္ကြန်ကာလမှာ မဏ္ဍပ်ကြီးတွေနဲ့ လူထောင်သောင်းချီပြီး ပူးပူးကပ်ကပ် သီဆိုကခုန်ပျော်ရွှင်စွာ ရေပက်ကစားခြင်းမျိုးကို ရှောင်ရှားပြီး စည်းကမ်းနဲ့အညီ ရေပက်ကစားခဲ့ကြတဲ့ တိုင်းရင်းသားပြည်သူများရဲ့ အမျိုးသားရေး အသိစိတ်ဓာတ်ကိုလည်း ကျေးဇူးတင်ပါတယ်။ အခြေအနေအရ နိုင်ငံတော်အတွက် ဒီလိုဆင်ဆင်ခြင်ခြင် ကျင့်ကြံနေထိုင်ခြင်းကြောင့် နိုင်ငံတော်အတွင်းမှာ ကိုဗစ်ရောဂါ အခြေအနေ ပိုမိုဆိုးရွားမလာနိုင်ဘူးလို့လည်း ယုံကြည်မိပါတယ်။ ဒါပေမယ့် ဒီနေ့ နိုင်ငံတကာမှာ ဒီရောဂါ ထပ်တိုးကူးစက်ပြန့်ပွားလာနေတာတွေကိုတော့ သတိထားပြီး ဆက်လက်ထိန်းသိမ်းကာကွယ်သွားကြဖို့ လိုအပ်မယ်လို့ ယူဆမိပါတယ်။

**တစ်ကျော့ပြန် အားကောင်းလာတဲ့ ဒီရောဂါ**

ဒီသင်္ကြန်ပိတ်ရက်ကာလအတွင်းမှာ ကိုဗစ်နဲ့ပတ်သက်တဲ့ နိုင်ငံတကာသတင်းတွေ လက်လှမ်းမီသလောက် လေ့လာကြည့်မိပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာဆို အင်ဒိုနီးရှားနိုင်ငံမှာ တစ်ရက်အတွင်း ကိုဗစ်ရောဂါ ထပ်မံကူးစက်ခံရသူ ၆၁၇၇ ဦးရှိကြောင်းနဲ့ အတည်ပြုလူနာ ၁ ဒသမ ၅၈ သန်းကျော်ရှိပြီး သေဆုံးသူ ၄၃၀၇၃ ဦးရှိကြောင်း သိရပါတယ်။ အလားတူ ဖိလစ်ပိုင်နိုင်ငံမှာလည်း တစ်ရက်တည်း ၁၂၆၇၄ ဦး ထပ်မံတွေ့ရှိပြီး တစ်နိုင်ငံလုံးကူးစက်ခံရသူ ၈၈၄၇၈၃ ဦးရှိကြောင်း၊ မလေးရှားနိုင်ငံမှာလည်း တစ်ရက်အတွင်း ကိုဗစ်ရောဂါ ကူးစက်ခံရသူ ၁၇၃၉ ဦး ထပ်မံတိုးလာပြီး ကူးစက်ခံရသူပေါင်း ၃၆၀၈၅၆ ဦးရှိပြီး သေဆုံးသူ ၁၃၂၉ ဦး ရှိခဲ့ကြောင်း သတင်းများအရ သိရပါတယ်။ မိမိတို့နိုင်ငံရဲ့ အရှေ့ဘက်ခြမ်း ထိစပ်နေတဲ့နိုင်ငံများ အခြေအနေကတော့ သိပ်မဆိုးလောက်ဘူး ထင်ရပါတယ်။

အလားတူ ကမ္ဘောဒီးယားမှာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများလာနေလို့ ကမ္ဘောဒီးယားဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးစည်းကမ်း ချိုးဖောက်သူတွေကို ထောင်ဒဏ်ချမှတ်မယ်လို့ သတိပေးထားပြီး ရောဂါပျံ့နှံ့ကူးစက်မှုကို ထိန်းချုပ်ဖို့ မြို့တော်ဖနောင်ပင်နဲ့ အိမ်နီးချင်းပြည်နယ်တွေကို ၁၄ ရက်ကြာ ကန့်သတ်ပိတ်ဆို့လိုက်တယ်လို့ သိရပါတယ်။ အလားတူ အာရှဒေသတွင်းက ဂျပန်၊ တောင်ကိုရီးယားနဲ့ ရုရှားနိုင်ငံတို့မှာလည်း ကူးစက်မှု တိုးပွားလာနေကြောင်း သတင်းများမှာ ဖော်ပြနေပါတယ်။ ထို့အတူ ဥရောပ၊ အာဖရိကနဲ့ တခြားကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု တိုးလာနေပါတယ်။

အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဧပြီ ၁၇ ရက်နေ့က ထပ်မံကူးစက်ခံရသူ ၃၄၇၃ ဦးရှိပြီး ကူးစက်ဖြစ်ပွားသူ ၇၁၅၂၅၂ ဦး ရှိကြောင်း၊ သေဆုံးသူ ၁၀၂၈၃ ဦးရှိကြောင်း သိရပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ဒီရက်ပိုင်းအတွင်း တစ်ရက်တည်းမှာ ရောဂါကူးစက်ခံရသူ ၁၆၁၇၃၆ ဦးအထိ ရှိပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူပေါင်း ၁၃၆၈၉၄၅၃ ဦးရှိကြောင်း၊ သေဆုံးသူ စုစုပေါင်း ၁၇၁၀၅၈ ဦးရှိကြောင်း သတင်းများအရ သိရပါတယ်။ ဒါတွေဟာ အခြားနိုင်ငံတွေရဲ့ ရောဂါအခြေအနေကို ပြစ်တင်ပြောဆိုလိုခြင်းမဟုတ်ဘဲ ဒီရောဂါဆိုးကြီးဟာ အရှိန်မသေသေးဘဲ ကူးစက်မှုပျံ့နှံ့ဆဲဖြစ်ကြောင်းကို မိမိတို့နိုင်ငံ ပြည်သူလူထုက သတိထားမိအောင် ဖော်ပြပေးခြင်းဖြစ်ပါတယ်။

တရားဝင်လမ်းကြောင်းတွေက ဝင်ထွက်သွားလာမှုတွေကို ပိတ်ဆို့ကန့်သတ်ထားပေမယ့်လည်း နယ်မြေချင်း ရှည်လျားစွာထိစပ်နေတဲ့နိုင်ငံတွေ ရှိနေတာကြောင့် တရားမဝင် ဖြတ်သန်းဝင်ရောက်မှုတွေကတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်စေအောင် တော်တော်ဂရုစိုက်ထိန်းချုပ်ကြရမှာပါ။

**ကာကွယ်ထိန်းချုပ်မှု ကောင်းခဲ့လို့ ကူးစက်မှုနည်းခဲ့တဲ့ မိမိတို့နိုင်ငံ**

ကျွန်တော်တို့ နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ခံခဲ့ရတာက တစ်နှစ်လောက် ရှိခဲ့ပါပြီ။ ၁၇-၄-၂၀၂၂ ရက်နေ့အထိ ရောဂါ အတည်ပြုလူနာ ၁၄၂၆၂၈ ဦး၊ ရောဂါပိုးကင်းစင်သွားသူ ၁၃၁၈၉၅ ဦး၊ ပိုးတွေ့သေဆုံးလူနာ ၃၂၀၆ ဦးရှိကြောင်း သိရပါတယ်။ လက်ရှိအခြေအနေမှာတော့ (စစ်ဆေးနိုင်တဲ့ အရေအတွက် နည်းပါးတာလည်းပါတာပေါ့လေ) နေ့စဉ် ကူးစက်လူနာ ဆယ်ဂဏန်းအောက်မှာပဲရှိကြောင်း သိရပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာတော့ ကူးစက်ခံရမှု အခြေအနေက အဆင့် (၄) ရှိပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ဒီကပ်ရောဂါဆိုးကြီး စတင်ကူးစက်လာကတည်းက နိုင်ငံတော် အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတစ်ရပ်လုံးက နည်းလမ်းမျိုးစုံနဲ့ တားဆီးကာကွယ်ပိတ်ဆို့ခဲ့ပါတယ်။ စတင်ကူးစက်လာတာက ပြည်ပက ကူးစက်တာဖြစ်တော့ နိုင်ငံတကာ အဝင်အထွက်လမ်းတွေ၊ လေယာဉ်တွေ၊ နယ်စပ်ဖြတ်ကျော်မှုတွေကို ပိတ်ဆို့ကန့်သတ်ခဲ့ပါတယ်။ နယ်စပ်တွေကတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူတွေကို အဝင်ဂိတ်တွေမှာ ရောဂါရှိ၊ မရှိ စစ်ဆေးပါတယ်။ သီးသန့်နေရာတွေမှာ ထားပြီး စောင့်ကြည့်ကာလအတွင်း ယခင်သတ်မှတ်ချက်တွေအတိုင်း ရောဂါ ရှိ/မရှိ စမ်းသပ်ခဲ့ပါတယ်။ ရောဂါပိုးတွေ့ရှိသူတွေကို သီးသန့်ဆေးရုံတွေမှာ ကုသပြီး ရောဂါပိုး မတွေ့ရှိသူတွေကို နေရပ်ပြန်စေခဲ့ပါတယ်။ နေရပ်ပြန်ရောက်ရင်လည်း သက်ဆိုင်ရာဒေသ ကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ အုပ်ချုပ်ရေးဆိုင်ရာတွေက ထပ်မံစစ်ဆေးစောင့်ကြပ်ပြီး ကင်းရှင်းမှသာ မိဘဆွေမျိုးများနဲ့ တွေ့ထိစေခဲ့ပါတယ်။

ရောဂါကူးစက်မှု အမြင့်ဆုံးကာလတွေမှာ ကူးစက်မှုများတဲ့ မြို့တွေ၊ ရပ်ကွက် ကျေးရွာတွေကို အဝင်အထွက် အသွားအလာတားမြစ်ခဲ့ပြီး သွားလာမှု ကန့်သတ်မှုတွေလုပ်တဲ့အထိ တင်းတင်းကျပ်ကျပ်ထိန်းသိမ်းခဲ့ပါတယ်။ နောက်ဆုံးရောဂါကူးစက်မှုမြင့်လာပြီး စိုးရိမ်ရတဲ့ အခြေအနေမှာတော့ ပြည်တွင်းခရီးသွားလာမှုတွေကိုပါ ကန့်သတ်ပြီး အဆက်အသွယ် ပြတ်တောက်အောင်၊ ရောဂါပိုး မကူးစက် မပြန့်ပွားအောင် စီစဉ်ဆောင်ရွက်ထိန်းချုပ်ခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတော်အနေနဲ့ ကုန်ကျစရိတ်အများအပြား သုံးခဲ့ရသလို နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်တွေ၊ ပြည်သူတွေကလည်း အလှူငွေတွေထည့်ဝင်ပြီး အင်တိုက်အားတိုက်လုပ်ခဲ့ကြပါတယ်။ မေတ္တာရှင်၊ စေတနာရှင်၊ ကျန်းမာရေးအကူအညီပေးရေး အဖွဲ့တွေကလည်း လူအား၊ ငွေအား၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အကူအညီ၊ ကုသစောင့်ရှောက်မှု စတာတွေနဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းခဲ့ကြပါတယ်။

**ကိုဗစ်ရောဂါ ထိန်းချုပ်ကာကွယ်ကုသရေးမှာ ကျေးဇူးတင်ထိုက်သူများ**

အဲ့ဒီကာလတုန်းက ကျေးဇူးတင်စရာ အကောင်းဆုံးနဲ့ လေးစားစရာ အကောင်းဆုံးကတော့ ဒီကပ်ရောဂါဆိုးကြီးကို ကာကွယ်ကုသရေးမှာ အားတက်သရော တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာရှင်လုပ်အားပေး ဝန်ထမ်းတွေပါ။ နေရာအနှံ့အပြားမှာ ကိုဗစ်-၁၉ အထူးကုဆေးရုံ၊ ဆေးခန်းနေရာတွေဖွင့်ပြီး ရောက်လာသမျှ လူနာတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနဲ့ ကိုယ်ဖိရင်ဖိ ကုသခဲ့တာတွေဟာ မှတ်တမ်းရှိပါတယ်။ ဒီရောဂါ အမြန် အမြစ်ပြတ်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ ဆင်းရဲပင်ပန်းခံပြီး ကုသပြုစုခဲ့ကြတာပါ။

*စာမျက်နှာ ၇ သို့*

> **“ဒီနေ့ Social Distancing ဆိုတာကိုလည်း လိုက်နာမှုအားနည်းလာကြတယ်။ ပိုဆိုးတာက နှာခေါင်းစည်း (mask) တော်တော်များများ မတပ်ကြတော့ဘူး။ အားလုံးကိုတော့ ဆိုလိုခြင်းမဟုတ်ပါဘူး။ ထုတ်ပြန်ထားတဲ့ စည်းကမ်းနဲ့အတူ နေထိုင်ကျင့်ကြံသူတွေလည်း ရှိပါတယ်။ ပေါ့ပေါ့ဆဆဖြစ်သလို နေထိုင်သွားလာနေကြသူတွေ၊ စည်းကမ်းမလိုက်နာသူတွေလည်း ရှိနေ”**

စာမျက်နှာ ၆ မှ

ကူးစက်မှု မြန်ဆန်လွယ်ကူတာမို့ မိမိတို့ ကူးစက်ပြီး အသက်အန္တရာယ် ထိခိုက်မှာကို မကြောက်မရွံ့၊ မထိတ်မလန့်ဘဲ ပြည်သူကို အလုပ်အကျွေးပြုရမယ်၊ ပြည်သူ့ကျန်းမာရေးဟာ ဒို့တာဝန်၊ ဒီရောဂါ ကင်းစင်ပပျောက်ရေးဟာ တို့အလုပ်ဆိုတဲ့ အလွန်မွန်မြတ်သန့်စင်တဲ့ စေတနာနဲ့ လုပ်ခဲ့ကြတဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ လုပ်အားပေးအလှူရှင်တွေ အားလုံးရဲ့ ယုံကြည်ချက်၊ ခံယူချက်တွေဟာ အံ့သြထိတ်လန့်စရာကောင်းလောက်အောင် ကြီးမားမြင့်မြတ်ခဲ့ပါတယ်။ ကျွန်တော်တို့အားလုံး သိပါတယ်လေ။ ဒီလိုမြင့်မြတ်တဲ့ စိတ်ကောင်းစေတနာနဲ့ ပြုစုကုသပေးရင်း ရောဂါကူးစက်ခံရပြီး ဒီရောဂါနဲ့ သေဆုံးသွားကြတဲ့ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း အချို့လည်း ရှိခဲ့ပါတယ်။ သိပ်ပြီးလေးစားဂုဏ်ယူစရာ ကောင်းပါတယ်။

ဒီနေရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ လမ်းညွှန်ချက်အရ တပ်မတော်ဆေးတပ်ဖွဲ့ကလည်း တစ်ဖက်တစ်လမ်းက ပါဝင်အားဖြည့်ကူညီပေးခဲ့ပါတယ်။ နေရာဒေသအသီးသီးမှာ ကိုဗစ်ရောဂါ စစ်ဆေးကာကွယ်ရေး၊ ကုသရေးတွေကို ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ အခုနောက်ပိုင်းတော့ ပိုမိုပါဝင်လာရတော့တာပေ့ါ။ အရပ်ဘက်ဆေးရုံ၊ ဆေးခန်းတွေမှာ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေက CDM ပါပြီး ဆေးရုံတွေပိတ်ထားရတဲ့အခြေအနေထိရှိလာတော့ တပ်မတော်က တာဝန်ယူပြီး ဆေးရုံတွေ ဖွင့်ဖြစ်အောင်လုပ်၊ လူနာတွေ လက်ခံကုသပေးတာတွေ လုပ်လာရတာပေ့ါ။ အခုတော့ နေရာတော်တော်များများမှာ တပ်မတော်က ဆရာဝန်နဲ့ သူနာပြုစစ်သည်တွေဟာ CDM မလုပ်လို့ ကျန်ရစ်တဲ့ စိတ်ကောင်းစေတနာရှိတဲ့ ဆရာဝန် အစစ်အမှန်တွေနဲ့အတူ မိဘပြည်သူတွေကို ကျန်းမာရေး ကာကွယ်စောင့်ရှောက်နေတာဟာ အားရလေးစားစရာပါ။

ဒီနေရာမှာ တစ်ခုတော့ ပြောစရာရှိလာတယ်။ **အဲဒီ ကိုဗစ်ကာလက အမျိုးသားရေးစိတ်အပြည့်နဲ့ တိုင်းရင်းသားမိဘပြည်သူများအပေါ် တာဝန်ကျေခဲ့တဲ့၊ သစ္စာရှိခဲ့တဲ့ ဆရာဝန်တွေနဲ့ အခု CDM မှာ ပါပြီး အတွေးတိမ်တိမ်၊ အဆင်အခြင်နည်းနည်း၊ စာသာတတ်ပြီး တွေးခေါ်ဆင်ခြင်မှုအားနည်းတဲ့ ဆရာဝန်တွေနဲ့ ယှဉ်ကြည့်မိတယ်။ မိုးနဲ့မြေပါပဲ။ မြင်းမိုရ်တောင်နဲ့ ဆီးစေ့ပါပဲ။ အဖြူနဲ့ အမည်းပါပဲ။ ကုသိုလ်နဲ့ အကုသိုလ်ပါပဲ။ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ အတွေးအခေါ် အယူအဆ၊ အလုပ်အကိုင်တွေ လားလားမှမတူပါဘူး။ ဒါ့ကြောင့် နိုင်ငံနဲ့ ပြည်သူလူထုအပေါ် တာဝန်ကျေ သစ္စာရှိတဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ထာဝရ လေးစားဂုဏ်ပြုနေမှာပါ။**

ဒီလိုကပ်ရောဂါဆိုးကြီးကို ကာကွယ်ရေး၊ ကုသရေး စီမံဆောင်ရွက်ပေးခဲ့ကြတဲ့ အစိုးရတာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာပဲပြောပြော ဒီလိုကပ်ရောဂါကြီးကို ရင်ဆိုင်ကာကွယ်ဖို့ ငွေကြေး အဓိကပါပဲ။ ဒါ့ကြောင့် အလှူငွေ ပါဝင်ထည့်ဝင်ကြတဲ့ အလှူရှင် မိဘပြည်သူတွေ၊ ယာယီဆေးရုံကြီးတွေဆောက်ပြီး ကုန်ကျစရိတ်အဝဝကို တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများကိုလည်း ကျေးဇူးတင်ဂုဏ်ပြုပါတယ်။ ဘာပဲပြောပြော

## “ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး အမြန်ပျောက်ကင်းရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေတဲ့ ကြိုတင်ကာကွယ်ရေးအတွက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြဖို့နဲ့ ဦးစားပေးအစီအစဉ်အရ ထိုးပေးနေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်တွေမှာလည်း ကိုယ်တိုင် ပါဝင်ဆေးထိုးခံသလို မိမိမိသားစု၊ မိမိအသိုင်းအဝိုင်းနဲ့ သူများတကာတွေကိုလည်း ကာကွယ်ဆေးထိုးကြဖို့ တိုက်တွန်းနှိုးဆော်ပေးဖို့ လိုအပ်ပါတယ်။ ကာကွယ်ဆေးထိုးစီမံချက်အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒီလောက် ကမ္ဘာနဲ့အဝန်းမှာ ကူးစက်မှု မြန်ဆန်များပြားပြီး အသေအပျောက်များလွန်းတဲ့ ကပ်ရောဂါဆိုးကြီးကို ဝိုင်းဝန်းကာကွယ် တွန်းလှန်တိုက်ဖျက်ကြဖို့ လိုအပ်”

ကျွန်တော်တို့နိုင်ငံမှာ ဒီလို ကိုဗစ်ရောဂါဆိုးကြီးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များနဲ့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ထိန်းချုပ်ဟန့်တားနိုင်ခဲ့ကြပါတယ်။ ဒါ့ကြောင့်လည်း တချို့နိုင်ငံတွေလို ဆိုးဆိုးရွားရွား ကူးစက်ခံရ၊ သေဆုံးကြတာမျိုး ဖြစ်မလာခဲ့တာ ဝမ်းသာစရာပါ။

### မပေါ့မဆ ဆက်လက်ကာကွယ်ထိန်းသိမ်းကြပါ

ရောဂါဖြစ်တဲ့ကာလကကြာ၊ ကူးစက်ပြန့်ပွားမှုက နှေးလာ၊ နည်းလာပြီး တခြားယှဉ်တွဲ ဖြစ်ပေါ်လာတဲ့ အခြေအနေတွေကြောင့် ဒီနေ့ ကိုဗစ်ကာကွယ်မှုအတွက် နေထိုင်လိုက်နာကြရမယ့် စည်းမျဉ်းစည်းကမ်းတချို့ကို လူတွေက မေ့ချင်လာကြတယ်။ အလေးမထားသလို ဖြစ်လာကြတယ်။ သိပ်ပြီး ပူပူပင်ပင်မရှိတော့ဘဲ အေးအေးဆေးဆေး နေလာကြတယ်လို့ ထင်ပါတယ်။

**ဒီနေ့ Social Distancing ဆိုတာကိုလည်း လိုက်နာမှု အားနည်းလာကြတယ်။ ပိုဆိုးတာက နှာခေါင်းစည်း (mask) တော်တော်များများ မတပ်ကြတော့ဘူး။ အားလုံးကိုတော့ ဆိုလိုခြင်း မဟုတ်ပါဘူး။ ထုတ်ပြန်ထားတဲ့ စည်းကမ်းနဲ့အတူ နေထိုင်ကျင့်ကြံသူတွေလည်း ရှိပါတယ်။ ပေ့ါပေ့ါဆဆ ဖြစ်သလို နေထိုင်သွားလာနေကြသူတွေ၊ စည်းကမ်းမလိုက်နာသူတွေလည်း ရှိနေပါတယ်။**

စိုးရိမ်ကြောက်လန့်စရာ ကောင်းပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အရင်ကတည်းက အတွေးတစ်ခုရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါကို စမ်းသပ် စစ်ဆေးနိုင်တဲ့နေရာ၊ အင်အားနည်းလို့များ တွေ့တာနည်းတာလား၊ တောတွေ တောင်တွေ ကျေးရွာတွေမှာ ဘာမသိ ညာမသိ ဒီရောဂါရှိနေတဲ့ လူတွေ များနေမလားဆိုတဲ့အတွေး ရှိခဲ့ပါတယ်။ မဟုတ်လောက်ပါဘူး။ မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းမိတယ်။ ဒါကို အလေးမထားဘဲ ပြန်ပြီး ဂရုတစိုက်နဲ့ ကြပ်ကြပ်မတ်မတ် မထိန်းသိမ်းနိုင်ကြရင် ထပ်မံကူးစက်ခံရမှာ မလွဲပါပဲ။

### လူဦးရေ ၁၅ သန်းကျော်အား ဦးစားပေးအဆင့်အလိုက် ကာကွယ်ဆေး ထိုးနှံပေးသွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားတဲ့ ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက် မင်္ဂလာစကားမှာ **“ယခုလို COVID-19 ကပ်ရောဂါနဲ့ ပတ်သက်ပြီး တိုင်းရင်းသားပြည်သူလူထုအတွက် ကာကွယ်ရေး၊ ကုသရေးတို့တွင် မျက်ခြည်မပြတ် စောင့်ကြည့်ဆောင်ရွက်ပေးလျက်ရှိရာမှာ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံထုတ်၊ တရုတ်နိုင်ငံထုတ်၊ ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများကို လူဦးရေ ၁၅ သန်းကျော်အား ဦးစားပေးအဆင့် ၃ ဆင့်၊ အုပ်စု ၅ စုခွဲ၍ ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်၊ လက်ရှိတွင် ကာကွယ်ဆေး ၃ သန်းခွဲ ရောက်ရှိနေပြီး ထပ်မံ၍ ၂၈ သန်းရောက်ရှိမှာဖြစ်ပြီး ပြည်သူလူထုအတွက် ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေး အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာဖြစ်ပါတယ်။ ကျန်းမာမှသာ မိမိတို့ရဲ့ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မှာ ဖြစ်ပါတယ်”** လို့ ထည့်သွင်းပြောကြားသွားပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးဟာ အဓိကဖြစ်ပါတယ်။ မကျန်းမာရင် ဘာမှလုပ်လို့မရပါ။ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ မိမိအကျိုး၊ ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ ကျန်းမာရေးကို မိမိတို့ကိုယ်တိုင်က ဂရုစိုက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ပြည်သူလူထု ကျန်းမာရေးအတွက်နဲ့ ဒီရောဂါကပ်ဆိုးကြီး အမြန်ပျောက်ကင်းဝေးရေးကို အလေးထားဆောင်ရွက်နေကြောင်းနဲ့ ပြည်သူလူထု ကျန်းမာရေးကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီ **ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး အမြန်ပျောက်ကင်းရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေတဲ့ ကြိုတင်ကာကွယ်ရေးအတွက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြဖို့နဲ့ ဦးစားပေးအစီအစဉ်အရ ထိုးပေးနေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်တွေမှာလည်း ကိုယ်တိုင်ပါဝင်ဆေးထိုးခံသလို မိမိမိသားစု၊ မိမိအသိုင်းအဝိုင်းနဲ့ သူများတကာတွေကိုလည်း ကာကွယ်ဆေးထိုးကြဖို့ တိုက်တွန်းနှိုးဆော်ပေးဖို့ လိုအပ်ပါတယ်။ ကာကွယ်ဆေးထိုး စီမံချက်အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒီလောက် ကမ္ဘာနဲ့အဝန်းမှာ ကူးစက်မှု မြန်ဆန်များပြားပြီး အသေအပျောက်များလွန်းတဲ့ ကပ်ရောဂါဆိုးကြီးကို ဝိုင်းဝန်းကာကွယ်တွန်းလှန် တိုက်ဖျက်ကြဖို့ လိုအပ်**ကြောင်း နိုင်ငံတော်အကြီးအကဲက အလေးထား ဖော်ပြထားပါတယ်။

ကိုဗစ် -၁၉ ကြောင့် ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံတွေနည်းတူ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် ထိခိုက်ဆုံးရှုံးနစ်နာမှုတွေက များလွန်းပါတယ်။ ကျောင်းတွေပိတ်ထားရတဲ့အတွက် ထိခိုက်နောက်ကျရတာဟာ တိုင်းပြည်အနာဂတ်ကို ထိခိုက်စေပါတယ်။ အလားတူ ဈေးတွေ၊ စက်ရုံအလုပ်ရုံတွေ ပိတ်ထားရ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ ရပ်ထားရတဲ့အတွက် အခြေခံလူတန်းစားတွေမှာ အလုပ်လက်မဲ့ ဖြစ်ရ၊ စီးပွားရေးအဆင်မပြေကြဘဲ စားဝတ်နေရေး အခက်အခဲတွေ တွေ့နေကြရပါတယ်။

သွားရေးလာရေး ကန့်သတ်ထိန်းချုပ်မှုတွေကြောင့် ပြည်သူလူထုမှာ မိသားစုကိစ္စများနဲ့ လူမှုရေးကိစ္စများမှာ အခက်အခဲကြုံတွေ့ရပါတယ်။ ဒီကြားထဲမှာ ဆူပူအကြမ်းဖက်မှုတွေကြောင့် ဘဏ်တွေပိတ်ထားရ၊ စက်ရုံအလုပ်ရုံတွေ မီးရှို့ဖျက်ဆီးခံရတာတွေကြောင့်လည်း မြွေပူရာကင်းမှောင့် ဆိုသလို တစ်နိုင်ငံလုံး စီးပွားရေးကျဆင်းပြီး ကမောက်ကမနဲ့ ဆင်းရဲဒုက္ခ များလှပါပြီ။ အချိန်ကာလကလည်း တစ်နှစ်ကျော်လာတော့ ထိခိုက်နစ်နာမှုက ကြီးမားလှပါတယ်။

ကိုဗစ်ကြောင့် နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အဘက်ဘက်က နစ်နာဆုံးရှုံးခဲ့ရတာတွေကို ပြန်လည်ကုစားရမယ့် အချိန်ကာလဟာ ကြာဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီအခက်အခဲတွေကို အမြန်ကုစားပြီး ပုံမှန်အခြေအနေရောက်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဒီရောဂါကပ်ဘေးကြီး အမြန်ပြီးပြတ်ကင်းစင်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါကို ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။

**“ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်”** ဆိုတဲ့ သတိပေးဆောင်ပုဒ်လေး အတိုင်း ကျွန်တော်တို့တစ်တွေ ဒီရောဂါဆိုးကြီး အမြစ်ပြတ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကာကွယ်ထိန်းသိမ်းသွားကြပါစို့။

“မိမိကစ ကာကွယ်ပါ” ဆိုတဲ့ စကားအတိုင်း မိမိနဲ့ မိမိ မိသားစု ကူးစက်မခံရရေး၊ မိမိမှတစ်ဆင့် အခြားသူများကို ကူးစက်မှုမဖြစ်ရေးတို့ကို အလေးထား ဂရုစိုက်ကြပါစို့။

နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ခြောက်ပေကွာ တွင်နေခြင်း၊ တစ်ခုခုကိုင်တွယ်ထိတွေ့ပြီးတိုင်း လက်ဆေးခြင်း စတဲ့ ကိုဗစ်ရောဂါ ကာကွယ်ထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာနေထိုင်ကြပါစို့။

ဤရောဂါဆိုးကြီး ကူးစက်မှုတဖြည်းဖြည်း လျော့ပါးလာစေပြီး အမြစ်ပြတ်သည်အထိ မိမိတို့ ကျရာအခန်းကဏ္ဍမှ အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

အားလုံး ကျန်းမာချမ်းသာကြပါစေ။

---

❍ ကျောဖုံးမှ

ဂရစ်ဇ်မန်းက သွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် ဒီဂျောင်က အယ်ဘာ၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ဘီလ်ဘာအိုအသင်း လူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း ဘာစီလိုနာအသင်းကသာ ဖိအားပေးကစားနိုင်ခဲ့သည်။ ဘီလ်ဘာအိုအသင်းသည် ယနေ့ပွဲစဉ်တွင် အသင်းလိုက်စုဖွဲ့မှုအားနည်းခဲ့သောကြောင့် ထိရောက်သည့် ဂိုးကန်သွင်းမှုပိုင်း၊ အဆုံးသတ်မှုပိုင်းတို့တွင် ဘာစီလိုနာအသင်းကို မယှဉ်သာခဲ့ခြင်း ဖြစ်သည်။ ဘာစီလိုနာအသင်း အတွက် တတိယဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် မက်ဆီက သွင်းယူပေးပြီး စတုတ္ထမြောက်ဂိုးကိုလည်း မက်ဆီကပင် သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ဘာစီလိုနာအသင်းမှ မက်ဆီ အထူးခြေစွမ်းပြသခဲ့သည်ကို တွေ့ရသည်။ ခြေစွမ်းပြပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သော မက်ဆီသည် ယခုနှစ်ရာသီ ပြိုင်ပွဲအရပ်ရပ် ပွဲ ၄၀ တွင် ၃၁ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် ကိုပါဒယ်ရေးဖလားကို ၂၀၁၇-၂၀၁၈ ခုနှစ်က ဆီဗီလာကို အနိုင်ယူပြီး နောက်ဆုံးဆွတ်ခူးထားခြင်း ဖြစ်သည်။

ဘာစီလိုနာအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဧပြီ ၂၃ ရက်တွင် ဂီတာဖေးအသင်းနှင့် လာလီဂါပွဲစဉ် (၃၁) ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘီလ်ဘာအိုအသင်းသည် ဧပြီ ၂၂ ရက်တွင် ရီးရဲဘက်တစ်အသင်းနှင့် လာလီဂါပွဲစဉ် (၃၁) အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# ပြည်သူကိုသွေးထိုးပေးနေသော အဆိပ်အတောက်စာပေများ ရပ်တန်းကရပ်ပါ

◆ ကနောင် ◆

**မြန်မာတို့၏ ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကား ပြီးစီးသွားခဲ့ပြီ။ ပြည်သူများအဖို့ နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့် တိုင်းပြည်ကြီး စည်ပင်ဝပြော၍ အေးချမ်းသာယာသောအနေအထားကို မျှော်လင့်ကြမည်ဖြစ်ပါသည်။ ပြည်သူများအားလုံး၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်ကြီးအေးချမ်းသာယာဖို့၊ တိုးတက်အောင်မြင်ဖို့၊ လူသားအချင်းချင်း မျှဝေခံစားဖို့နှင့် တိုင်းပြည်၏ အနာဂတ်လူငယ်များဘဝမြင့်မားဖို့ဟူ၍ ဖြစ်လိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါသည်။**

ယခုကာလသည် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ အရေးကိစ္စအဝဝကို ဦးတည်ချက်၊ ရည်မှန်းချက်များချမှတ်ကာ တစိုက်မတ်မတ် ဆောင်ရွက်နေသည့်အချိန်လည်း ဖြစ်ပါသည်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် အခြားနိုင်ငံများနည်းတူ ယိုင်နဲ့လုနီးခဲ့ရသည့် စီးပွားရေးကို ပြန်လည်ကုစားရမည့်အချိန်၊ မကြာမီကျောင်းနေအရွယ် လူငယ်မောင်မယ်များ ကျောင်းတော်ကြီးဆီ ပြန်လည်တက်ရောက်ကြရမည့်အချိန်၊ စက်မှုလက်မှု လုပ်ငန်းစွမ်းအားရှင်များ လုပ်ငန်းခွင်ဆီ ပြန်လည်ဝင်ရောက်ကြရတော့မည့်အချိန် တစ်နည်းအားဖြင့် နိုင်ငံတော်ကြီးအတွက် ရောင်နီသန်းချိန် နှစ်သစ်အခါသမယလည်း ဖြစ်ပါသည်။

ပြည်သူများ၏ စည်းလုံးညီညွတ်မှုအင်အား၊ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများကို အစွမ်းကုန်အပြည့်အဝသုံးကာ တိုင်းပြည်အမြန်ဆုံးတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရမည့် အချိန်ပင်ဖြစ်သော်ငြား မိမိတို့နိုင်ငံတော်ကြီး မငြိမ်မသက်အောင်၊ ပြည်သူများ တည်ငြိမ်အေးချမ်းမှုမရှိအောင်၊ တရားဥပဒေစိုးမိုးမှုမရှိအောင် အမှောင်ထုအတွင်းမှ တိုက်ဖျက်လှိုက်စားနေသည့် အရာများကိုလည်း ပြည်သူများက မိမိတို့ပြည်သူတစ်ရပ်လုံး အထိမနာစေရေး၊ တိုင်းပြည်ကြီး အနာတရမဖြစ်စေရေးအတွက် ဝိုင်းဝန်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်း အဖြေရှာတွန်းလှန်ရမည့် အချိန်အခါလည်း ဖြစ်ပါသည်။

**“ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လေလှိုင်းအတွင်း၊ လူငယ်များ၏ လက်ဝယ်အတွင်း ပြည်သူလူထုကို အဆိပ်အတောက်ဖြစ်စေမည့်၊ အမှားသံသရာဝဲဂယက်တွင် သက်ဆင်းစေမည့် သူပုန်လမ်းစဉ်၊ အဖျက်အမှောင့်လမ်းစဉ်ကို အားပေးအားမြှောက်ပြုနေသည့် တရားမဝင်ထုတ်ဝေနေသော စာစောင်များကို မြင်တွေ့ရသည်။ ထိုစာစောင်များကို တရားမဝင်ထုတ်ဝေနေကြခြင်းဖြစ်ပြီး ရေးသားသူများမှာလည်း ခိုင်မာသည့် သတင်းစာဆရာများမဟုတ်၊ ပါဝင်သည့်အချက်အလက်များမှာလည်း ခိုင်မာသည့် သတင်းအချက်အလက်များမဟုတ်သည်ကို မြင်တွေ့ရသည်။ သို့သော် သေချာသည်မှာ ပြည်သူများ၏ အေးချမ်းသာယာမှုနှင့် ရိုးသားသောလူငယ်များ၏ ခံစားချက်ကို ဖျက်ဆီးပစ်မည့် အဆိပ်အတောက်များ၊ မြှောက်ပင့်သွေးဆောင်မှုများဖြစ်နေသည်ကို မြင်တွေ့ရသည်”**

## မြှောက်ပင့်သွေးဆောင်မှုများ မြင်တွေ့

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လေလှိုင်းအတွင်း၊ လူငယ်များ၏ လက်ဝယ်အတွင်း ပြည်သူလူထုကို အဆိပ်အတောက်ဖြစ်စေမည့်၊ အမှားသံသရာဝဲဂယက်တွင် သက်ဆင်းစေမည့် သူပုန်လမ်းစဉ်၊ အဖျက်အမှောင့်လမ်းစဉ်ကို အားပေးအားမြှောက်ပြုနေသည့် တရားမဝင်ထုတ်ဝေနေသော စာစောင်များကို မြင်တွေ့ရသည်။ ထိုစာစောင်များကို တရားမဝင် ထုတ်ဝေနေကြခြင်းဖြစ်ပြီး ရေးသားသူများမှာလည်း ခိုင်မာသည့် သတင်းစာဆရာများမဟုတ်၊ ပါဝင်သည့် အချက်အလက်များမှာလည်း ခိုင်မာသည့် သတင်းအချက်အလက်များမဟုတ်သည်ကို မြင်တွေ့ရသည်။ သို့သော် သေချာသည်မှာ ပြည်သူများ၏ အေးချမ်းသာယာမှုနှင့် ရိုးသားသောလူငယ်များ၏ ခံစားချက်ကို ဖျက်ဆီးပစ်မည့် အဆိပ်အတောက်များ၊ မြှောက်ပင့်သွေးဆောင်မှုများ ဖြစ်နေသည်ကို မြင်တွေ့ရသည်။

အပြစ်ကင်းမဲ့ပြီး ရိုးသားဖြူစင်သည့် လူငယ်များအဖို့ ယင်းစာစောင်များပါ အချက်အလက်အမှားများသည် မိမိအန္တရာယ်ကို မိမိဖိတ်ခေါ်နေခြင်းဟူ၍ သိကြမည်မဟုတ်နိုင်ပါ။ လူငယ်ထုအား ပြောက်ကျားစနစ်၊ လက်နက်ကိုင်တော်လှန်ရေး၊ တိုက်ပွဲဟူသည့် စကားရပ်များကို တွင်တွင်သုံးကာ ပြည်တွင်းစစ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ တွန်းအားပေးမြှောက်ထိုးပင့်ကော် လုပ်ဆောင်နေသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်မြို့အတွင်း လူငယ်အချို့ လက်လုပ်ဗုံးလုပ်ကိုင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ပစ်ပေါက်သည့်ဖြစ်စဉ်များ၊ ဖမ်းဆီးရမိသည့် လက်လုပ်တော်လှန်ရေးကိရိယာများကို ကြည့်၍ အတော်ပင် စိုးရိမ်မကင်းဖြစ်မိခဲ့ရသည်။ အဆိပ်အတောက်ဖြစ်စေသည့် စာစောင်များ၊ လေလှိုင်းပေါ်မှ သွေးထိုးမြှောက်ပင့်နေသူများ၏ လောင်းရိပ်မိကြရခြင်းမှာ အန္တရာယ်များလွန်းလှသည်။

## ကြမ်းတမ်းရိုင်းစိုင်းသည့် လုပ်ဆောင်မှု

ပြီးခဲ့သည့်ရက်က စမ်းချောင်းမြို့နယ်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးရုံးကို မီးရှို့ကြသည်။ ဒေါပုံမြို့နယ်အတွင်းက အုပ်ချုပ်ရေးရုံးကိုလည်း မီးရှို့ကြသည်။ အခြားမြို့နယ်အသီးသီးတွင်လည်း ထိုကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့် ကြမ်းတမ်းရိုင်းစိုင်းသည့် လုပ်ဆောင်မှုမျိုးကို လုပ်ဆောင်ကြသည်။ ထိုသတင်းကို အဆိပ်အတောက်စာပေ ထုတ်ဝေသူများက တခမ်းတနားဖော်ပြသည်။ အဖျက်အမှောင့်လုပ်ရပ်၊ တိုင်းပြည်နှင့် ပြည်သူများ အေးချမ်းတည်ငြိမ်မှုကို ဖျက်ဆီးသည့်လုပ်ရပ်များကို အားပေးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ ကျဆုံးခြင်း၊ ဒဏ်ရာရခြင်းများကို ဝမ်းသာအားရ ဖော်ပြပေးနေခြင်းသည် တိုင်းပြည်ကို အမှောင်တကာ့ အမှောင်ဆုံးအထိ ဆွဲချနေခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှု၊ စည်းကမ်းလိုက်နာမှု၊ နိုင်ငံတကာနှင့် သင့်တင့်လျောက်ပတ်စွာ ကူးလူးဆက်ဆံနိုင်မှု၊ ပညာသင်ကြားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု စသည့် မည်သည့်ကဏ္ဍတွင်မဆို တုံ့ဆိုင်းသွားနိုင်ပါသည်။ တရားဥပဒေစိုးမိုးမှုအတွက် ဆောင်ရွက်ပေးနေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းဖြင့် ကမ္ဘာမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့်အတိုင်း ရပ်ရွာအတွင်း သူတစ်လူ ငါတစ်မင်း မင်းမဲ့စရိုက်များ ကြီးထွားလာနိုင်သည်ကိုလည်း ပြည်သူများ သတိပြုကြဖို့ လိုအပ်နေပြီဖြစ်ပါသည်။

## ရေကစားကြသူများ စည်ကား

သင်္ကြန်ရက်မတိုင်မီက ထုတ်ဝေသည့် အဆိပ်အတောက်စာစောင်တစ်စောင် မိုလိုတော့ဗ်ကို ဖတ်ကြည့်မိသည်။ ပျော်စရာမဟုတ်တဲ့ တော်လှန်သင်္ကြန်ဆိုသည့် သင်္ကြန်ရက်အတွင်း ပြည်သူများ၏ ခံစားချက်များ ဖျော့တော့ပျောက်ကွယ်သွားမည်ကို စိုးရိမ်သည့်ဟန်ကို မြင်တွေ့ရသည်။ သင်္ကြန်ကို မပျော်ရွှင်ကြဘဲနေဖို့၊ ဆက်၍တော်လှန်ကြဖို့ဆိုပြီး သွေးထိုးပေးထားသည်။ သင်္ကြန်နှင့် မြန်မာပြည်သူများကား ခွဲ၍မရ။ သူတို့တောင်းဆိုချက်များသည် အချည်းနှီးပင်။ ဥပုသ်သီလစောင့်တည်သူများ၊ ဘုရားကျောင်းကန်များသို့ သွားလာလည်ပတ်ကြသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ရေကစားကြသူများနှင့် သင်္ကြန်ကား စည်ကားသိုက်မြိုက်မြဲပင်။ ဆိုလိုသည်မှာ သူတို့လိုလားချက် မပြည့်ဝလိုက်ရ။

## လက်သီးပုန်းထုတ်နိုင်ကြသူများဖြစ်

ယခုဆိုလျှင် မြို့ကြီးများတွင် ည ၈ နာရီ တဝုန်းဝုန်း တဒိုးဒိုးဖြင့် ဆူဆူညံညံ သံပုံးထုသံများ နည်းပါးတိုးတိတ်လာချေပြီ။ အင်တာနက်မှတစ်ဆင့် အမုန်းတရားများ၊ တိုင်းပြည်ဆူပူမှုများကြောင့် အကန့်အသတ်ဖြင့် သုံးစွဲခွင့်ပြုထားသဖြင့် ပြည်သူများ အဆိပ်မိီး ယခင်လောက် မသင့်ကြတော့။ မြို့ကြီးများတွင် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည် လည်ပတ်ကြတော့မည်။ ဈေးဆိုင်များ ယခင်လို စည်ကားလာခဲ့ပြီ။ ကောင်းသောအခြေအနေပင်ဖြစ်သည်။ ထိုသို့ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသည့်ပြည်သူများ တစ်နေ့တခြား များပြားလာလေလေ အဖျက်အမှောင့်သမားတို့ လက်မှိုင်ချရလေလေပင် ဖြစ်တော့မည်။ ဒါကြောင့်ပင် အဆိပ်အတောက်၊ အဖျက်အမှောင့်တို့ကို စာဖြင့်ရေးသားဖြန့်ဝေကြရလေတော့သည်။ မြှောက်ပင့်သွေးထိုးနေသူအများစုမှာ လက်နက်ကိုင်ဖို့ဝေးစွ လေလှိုင်းထဲမှသာ လက်သီးပုန်းထုတ်နိုင်ကြသူများ ဖြစ်နေသည်ကိုလည်း မြင်တွေ့ရသည်။ လူငယ်များကို သူ့ရဲကောင်းများအဖြစ် လမ်းပေါ်ထွက်

*စာမျက်နှာ ၉ သို့*

**“ယခုဆိုလျှင် မြို့ကြီးများတွင် ည ၈ နာရီ တဝုန်းဝုန်း တဒိုးဒိုးဖြင့် ဆူဆူညံညံ သံပုံးထုသံများ နည်းပါးတိုးတိတ်လာချေပြီ။ အင်တာနက်မှတစ်ဆင့် အမုန်းတရားများ၊ တိုင်းပြည်ဆူပူမှုများကြောင့် အကန့်အသတ်ဖြင့် သုံးစွဲခွင့်ပြုထားသဖြင့် ပြည်သူများ အဆိပ်မိီး ယခင်လောက်မသင့်ကြတော့။ မြို့ကြီးများတွင် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည် လည်ပတ်ကြတော့မည်။ ဈေးဆိုင်များ ယခင်လို စည်ကားလာခဲ့ပြီ။ ကောင်းသောအခြေအနေပင်ဖြစ်သည်။ ထိုသို့ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသည့်ပြည်သူများ တစ်နေ့တခြား များပြားလာလေလေ အဖျက်အမှောင့်သမားတို့ လက်မှိုင်ချရလေလေပင် ဖြစ်တော့မည်။ ဒါကြောင့်ပင် အဆိပ်အတောက်၊ အဖျက်အမှောင့်တို့ကို စာဖြင့် ရေးသားဖြန့်ဝေကြရလေတော့သည်။ မြှောက်ပင့်သွေးထိုးနေသူအများစုမှာ လက်နက်ကိုင်ဖို့ဝေးစွ လေလှိုင်းထဲမှသာ လက်သီးပုန်းထုတ်နိုင်ကြသူများ ဖြစ်နေသည်ကိုလည်း မြင်တွေ့ရသည်။ လူငယ်များကို သူ့ရဲကောင်းများအဖြစ် လမ်းပေါ်ထွက် ဖျက်လိုဖျက်ဆီးမှုများ ဆောင်ရွက်ခိုင်း၊ အကြမ်းဖက်ခိုင်းနေကြသည်”**

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် မေ ၁၈

**နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များအား မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ခြင်းများအပြင် အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။**




မြင်းခြံ KBZ ဘဏ်အား ဆူပူအကြမ်းဖက်သူများက လက်လုပ်မိုင်းဖြင့် လာရောက်ပစ်ခတ်အပြီး တွေ့ရစဉ်။

**ထိခိုက်ဒဏ်ရာရရှိမှု မရှိ**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ကာပေါင်းကျေးရွာရှိ ပြည်ခိုင်ဖြိုးပါတီဝင်များ၏ နေအိမ်များအား တစ်ရွာတည်းနေ ကျော်စွာထက်ဦးဆောင်၍ ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က တုတ်/ဓား/လေးခွများဖြင့် ဝိုင်းဝန်းဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဆူပူအကြမ်းဖက်သူများအားမတွေ့ရှိရတော့ဘဲ ဆူပူအကြမ်းဖက်သူများ၏ ဖျက်ဆီးမှုကြောင့် အဆိုပါကျေးရွာနေ ဦးသောင်းအေး (၄၈နှစ်)၊ (ဘ) ဦးစိန်အောင် ပါကျေးရွာသား ကိုးဦး (စိစစ်ဆဲ)၏ နေအိမ်ခြံစည်းရိုးများ၊ ပြတင်းမှန်များ၊ ဆိုင်ကယ်တစ်စီး၊ ရေခဲသေတ္တာတစ်လုံး၊ ဆန်အိတ် ၃၀ နှင့် ဒီဇယ်ဆီပီပါနှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အလားတူ မေ ၁၇ ရက် ည ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်၌ လက်လုပ်အသံမိုင်း တစ်လုံး ပေါက်ကွဲခဲ့သဖြင့် ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာ၌ သွားရောက်ရှာဖွေရာ ကွန်ကြူးပိုက်ဖြင့် ပြုလုပ်ထားသော မပေါက်ကွဲသေးသည့် လက်လုပ်အသံဗုံးတစ်လုံးအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ်မဖြစ်စေရေး သက်မဲ့ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**လက်လုပ်မိုင်းဖြင့် ပစ်ခတ်**

အလားတူ မေ ၁၈ ရက် နံနက် ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အလယ်ချိုင့်ကျေးရွာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးစိန်ရွှေ၏ နေအိမ်အား အကြမ်းဖက်သူလူအုပ်စုမှ မီးပုလင်းများဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ မီးပုလင်းများမှာ နေအိမ်အမိုးပေါ် ကျရောက်ပေါက်ကွဲ မီးလောင်ခဲ့ပြီး ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်နောက်ဖေးအမိုး အနည်းငယ် မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။ ထို့အတူ ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြင်းခြံ KBZ mini Bank (၁) အား လက်လုပ်မိုင်းဖြင့် လာရောက် ပစ်ခတ်ခဲ့ခြင်းကြောင့် ဘဏ်ရှေ့အလူမီနီယမ်လိပ်တံခါး ဆိုင်းဘုတ်၊ အဝင်ဝမျက်နှာကြက်၊ ATM စက်ခန်းမှန်တံခါး၊ အုတ်နံရံများ ပြိုကျပျက်စီး၊ မှန်တံခါးများ ကွဲအက်ခဲ့ကြောင်း သိရှိရသည်။

အလားတူ နံနက် ၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် အမှတ်(၁၈) ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးအား ဆူပူအကြမ်းဖက်သူလူတစ်စုမှ မီးရှို့၍ မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းအဆောက်အအုံတစ်လုံး၊ ရုံးတွင်းပရိဘောဂများ မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

**အသက်မဲ့ပြုလုပ်**

အလားတူ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ထားဝယ်မြို့ ဗျောတောဝမြို့အဝင်/ထွက် စစ်ဆေးရေးဂိတ်နှင့် မီတာ ၅၀၀ ခန့်အကွာ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဗျောတောဝစစ်ဆေးရေးဂိတ်နှင့် မီတာ ၄၀၀ ခန့်အကွာရှိ မီးရထားသံလမ်းစောင့် ဂိတ်တဲအတွင်း၌ မပေါက်ကွဲသေးသော အချိုရည်ပုလင်းဖြင့် ပြုလုပ်ထားသော လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံးအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အသက်မဲ့ပြုလုပ်ခဲ့ရကြောင်း သိရှိရသည်။

ထို့ပြင် ယနေ့ နံနက် ၆ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက် မြို့ပတ်လမ်းနှင့် ဓမ္မဝိဟာရလမ်းထောင့်ရှိ ရပ်ကွက်ဓမ္မာရုံအနီး၌ လက်ပစ်ဗုံးတစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ လုံခြုံရေးပင်ပြုတ်ပြီး လက်ကိုင်ကလစ်မပြုတ်သေးသော အမေရိကန်နိုင်ငံထုတ် M-67 လက်ပစ်ဗုံးဖြစ်ကြောင်း သိရှိရသဖြင့် အများပြည်သူ အန္တရာယ်မဖြစ်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အလားတူ နံနက် ၉ နာရီ ၁၅ မိနစ်အချိန်တွင် မြိတ်မြို့ တက္ကသိုလ်ရပ်ကွက် စကားဝါလမ်းပေါ်တွင် လက်လုပ်ဗုံးတစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကော်ပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်ဗုံးတစ်လုံးဖြစ်ကြောင်း တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အသက်မဲ့ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသော လုံခြုံရေးယာဉ်တန်းအား အကြမ်းဖက်အဖွဲ့များက ရန်ပြုတိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးကျဆုံး၊ သုံးဦးဒဏ်ရာရ

**နေပြည်တော် မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ မေ ၁၇ ရက်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေသော လုံခြုံရေးယာဉ်တန်းအား အကြမ်းဖက်သူများက ရန်ပြုတိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံး၊ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ပြန်လည်ပစ်ခတ်လူစုခွဲ**

ဖြစ်စဉ်မှာ မေ ၁၇ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် လက်နက်ပစ္စည်းကိရိယာများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် စစ်လျင်ချောင်းကျေးရွာနေ အောင်ဘ (၃၅နှစ်)၊ (ဘ)ဦးမောင်ချို၏ နေအိမ်အတွင်းမှ အောင်ဘအား လေသေနတ်တစ်လက်၊ တူမီးသေနတ်တစ်လက်၊ ယမ်းထုပ်တစ်ထုပ်၊ သံဘောစေ့များနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်၍ စိုးဝမ်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိရခြင်းမရှိဘဲ တူမီးသေနတ်တစ်လက်နှင့် ယမ်းထုပ်သုံးထုပ်အား သိမ်းဆည်းရမိခဲ့သည်။ အဆိုပါကျေးရွာနေ ငှက်ပျော့၏ နေအိမ်တဲသို့ ဆက်လက်ရှာဖွေရန် ထွက်ခွာလာစဉ် စစ်လျင်ချောင်းကျေးရွာအထွက် မုံရွာ-ကလေးဝ ကားလမ်းအရောက်၌ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ယာဉ်တန်းအား လမ်းဘေး ဝဲ/ယာ တောင်ကုန်းများမှ တူမီးသေနတ်/ လုပ်သေနတ်များဖြင့် ချောင်းမြောင်းပစ်ခတ် အကြမ်းဖက်တိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးခဲ့ပြီး သုံးဦးမှာထိခိုက် ဒဏ်ရာရရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ပစ်ခတ်လူစုခွဲခဲ့ရကြောင်း သိရှိရသည်။

**အရေးယူနိုင်ရေးဆောင်ရွက်**

လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ပတ်သက်သူများအား ဖော်ထုတ်အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

---

*စာမျက်နှာ ၈ မှ*

ဖျက်လိုဖျက်ဆီးမှုများ ဆောင်ရွက်ခိုင်း၊ အကြမ်းဖက်ခိုင်းနေကြသည်။

ပြင်းပြင်းထန်ထန် ကိုယ်ကာယလေ့ကျင့်ခန်းပင် ပုံမှန်မလုပ်ဖြစ်ကြသည့် လူငယ်များကို တစ်ဖက်တွင် သက်လုံအပြည့်၊ အမိန့်နာခံမှုအပြည့်၊ စည်းလုံးညီညွတ်မှုအပြည့်နှင့် စနစ်ကျနသည့် လေ့ကျင့်မှုများ၊ အတွေ့အကြုံများ အားကောင်းသည့် တပ်မတော်နှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို တော်လှန်ခိုင်းနေခြင်းသည် မှန်ကန်သည့်လုပ်ရပ် ဖြစ်ပါရဲ့လားဟု မြှောက်ပင့်သွေးထိုးသူများကို မေးခွန်းထုတ်လိုပါသည်။ မျှော်မှန်းသည့် ဒီမိုကရေစီသည် မည်သို့သော ဒီမိုကရေစီမျိုးများလဲဟု မေးမြန်းမိချင်ပါသည်။ အချိန်အတိုင်းအတာ သတ်မှတ်ချက်တစ်ခုအတွင်း တရားမျှတပြီး လွတ်လပ်မှုအပြည့်ဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပပေးပါမည်ဟူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကတိစကားကို ဂျန်-ဇီများ လေ့လာစောင့်ကြည့်သင့်သည်ဟု အကြံပြုလိုပါသည်။ နိုင်ငံအတွက်၊ လူမျိုးအတွက် လက်ရှိနှစ်လတာဖြတ်သန်းမှုများကို မည်မျှစောင့်ကြည့်ခဲ့ကြသလဲဟု ဂျန်-ဇီများကို သတိပေးလိုပါသည်။ သတိမမူ ဂူမမြင်ဟူသော ဝေါဟာရသည် အလကားပေါ်ထွက်ခဲ့ခြင်းမဟုတ်ပါ။ မိမိတို့နိုင်ငံအတွက်၊ တိုင်းရင်းသားလူမျိုးများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များကို သတိပြုစေလိုပါသည်။

နှစ်သစ်ကူးအခါသမယတွင် အေးချမ်းစွာတရားအားထုတ်နေကြသည့် သက်ကြီးရွယ်အိုများ၊ ပျော်ရွှင်စွာဆော့ကစားနေကြသည့် ကလေးသူငယ်များ၊ အေးချမ်းစွာအလုပ်ဆင်းလိုကြသည့် လုပ်သားများ၊ လုံခြုံစွာနေထိုင်လိုကြသည့် ပြည်သူများ အမြောက်အမြားရှိကြမည်ဖြစ်ပါသည်။ ထိုသူများအတွက်၊ အထူးသဖြင့် နိုင်ငံတော်ကြီးအတွက် ယမ်းခိုးများဝေ၍ ပြည်သူများ၏ မျက်ရည်များဖြင့် မည်သူမျှမဖြတ်သန်းလိုကြဟု ယုံကြည်မိပါသည်။ ဖြောင့်တန်းနေသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်စေဖို့ လမ်းကြောင်းကိုဖယ်ရှား၍ တိုင်းပြည်နစ်မွန်းရမည့်အခြေအနေ၊ ပြည်သူများ ဆင်းရဲတွင်းနက်ရမည့် အခြေအနေ၊ လူငယ်များ ပညာသင်ဖို့နှောင့်နှေးရမည့် အခြေအနေများကို ရပ်တန်းကရပ်သင့်ပါပြီ။ ထို့ကြောင့် ပြည်သူများ အမှားနှင့်အမှန်၊ ဓမ္မနှင့် အဓမ္မတို့ကို ခွဲခြားသိမြင်၍ အမြန်ဆုံး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းကူညီကြမည်ဟု မျှော်လင့်မိပါတော့သည်။

●ရှေ့ဖုံးမှ

တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပြင်ဦးလွင်မြို့နယ် | ၂၀၀ | ၂၀၅၈၈၃ | ၁၃၉၆၉၅ | ၆၆၁၈၈ | ၅၇၀၄၇ | ၁၁၂၆၈ | ၂၁၂၇ |
| ၂ | စဉ့်ကူးမြို့နယ် | ၁၀၆ | ၁၃၀၇၀၀ | ၉၁၈၃၄ | ၃၈၈၆၆ | ၂၉၁၇၀ | ၉၉၄၆ | ၂၅၀ |
| | စုစုပေါင်း | ၃၀၆ | ၃၃၆၅၈၃ | ၂၃၁၅၂၉ | ၁၀၅၀၅၄ | ၈၆၂၁၇ | ၂၁၂၁၄ | ၂၃၇၇ |

### ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ရပ်ကွက် ၂၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ အုပ်စု၊ မဲရုံပေါင်း ၂၀၀ ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၀၅၈၈၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၉၆၉၅ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၆၆၁၈၈ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၇၀၄၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ် တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၀၃၆၅၀ | ၁၃၇၇၄၈ | ၆၅၉၀၂ | ၅၆၄၀၉ | ၁၁၂၆၈ | ၁၇၇၅ |
| ၂ | ရပ်ကျေးမဲလက်မှတ်အပို | | | | ၃၅၀ | | ၃၅၀ |
| ၃ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၂၃၃ | ၁၉၄၇ | ၂၈၆ | ၂၈၈ | | ၂ |
| | စုစုပေါင်း | ၂၀၅၈၈၃ | ၁၃၉၆၉၅ | ၆၆၁၈၈ | ၅၇၀၄၇ | ၁၁၂၆၈ | ၂၁၂၇ |

၆။ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ၂၁ ရပ်ကွက် ကျေးရွာအုပ်စု ၃၇ အုပ်စုရှိ မဲရုံ ၂၀၀ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၁၂၆၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၁၂၇ အပိုတွေ့ရှိရသည်။

၇။ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂၁)၊ မဲရုံ (၇) ရုံ၌ ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင် ၁၀၃၀၅ ဦးတွင် မဲဆန္ဒရှင်အမည်သာ ပါရှိပြီး အသက်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အဘအမည်၊ အမိ အမည်မပါရှိသူ ၁၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်မပါရှိသူ ၁၂၆၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်နှင့် အမိအမည် မပါရှိသူ ၄၉ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ်နှင့် မွေးသက္ကရာဇ်မပါရှိသူ ၁၅ ဦး၊ မွေးသက္ကရာဇ်မပါရှိသူ ၂၄ ဦး၊ အဘအမည်၊ အမိအမည်မပါရှိသူ ၁၂ ဦး၊ အမိအမည်မပါရှိသူ ၁၉၃၉ ဦးတို့အား ဆန္ဒမဲပေးခွင့်ပြုထားကြောင်း တွေ့ရှိရပါသည်။ [ **ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၂ ရွက်ကို ပူးတွဲဖော်ပြထားပါသည်။** ]

၈။ ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်အရှေ့ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးပြီး လက်ခံဖြတ်ပိုင်းများ မတွေ့ရှိသဖြင့် ဆန္ဒမဲလက်မှတ်များကိုသာ စစ်ဆေးခဲ့ရပါသည်။ သို့ပါ၍ ကြိုတင်မဲလက်မှတ် အရေအတွက်နှင့် လက်ကျန်မဲအရေအတွက် စာရင်းအတိအကျ မရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

၉။ ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်ကွက်ကြီး(၁) | ၈၃၅၀ | ၅၁၈၁ | ၃၁၆၉ | ၃၁၇၃ | | ၄ |
| ၂ | ရပ်ကွက်ကြီး(၂) | ၆၈၀၀ | ၄၁၁၄ | ၂၆၈၆ | ၁၉၅၅ | ၇၃၁ | |
| ၃ | ရပ်ကွက်ကြီး(၇) | ၁၂၂၀၀ | ၇၈၅၈ | ၄၃၄၂ | ၃၇၉၀ | ၅၅၂ | |
| ၄ | ရပ်ကွက်ကြီး(၈) | ၇၀၅၀ | ၄၁၆၁ | ၂၈၈၉ | ၂၁၃၈ | ၇၅၁ | |
| ၅ | ရပ်ကွက်ကြီး(၁၀) | ၆၂၅၀ | ၃၃၉၁ | ၂၈၅၉ | ၂၇၀၈ | ၁၅၁ | |
| ၆ | ရပ်ကွက်ကြီး(၁၁) | ၂၃၀၀ | ၁၄၄၄ | ၈၅၆ | ၅၀၈ | ၃၄၈ | |
| ၇ | ရပ်ကွက်ကြီး(၁၂) | ၈၅၀၀ | ၆၁၅၁ | ၂၃၄၉ | ၃၂၅၆ | | ၉၀၇ |
| ၈ | ရပ်ကွက်ကြီး(၁၃) | ၉၀၀ | ၆၈၃ | ၂၁၇ | ၂၁၇ | | |
| ၉ | ရပ်ကွက်ကြီး(၁၄) | ၁၉၀၀ | ၁၄၂၀ | ၄၈၀ | ၄၈၀ | | |
| ၁၀ | ရပ်ကွက်ကြီး(၂၁) | ၁၀၅၀၀ | ၆၂၀၁ | ၄၂၉၉ | ၃၁၀၀ | ၁၁၉၉ | |
| ၁၁ | ဝက်ဝံကျေးရွာအုပ်စု | ၅၇၅၀ | ၄၁၃၅ | ၁၆၁၅ | ၁၅၁၇ | ၉၈ | |
| ၁၂ | ထုံးဘိုကျေးရွာအုပ်စု | ၅၅၅၀ | ၃၉၉၉ | ၁၅၅၁ | ၁၁၄၈ | ၄၀၃ | |
| ၁၃ | မျှင်တောင်ကျေးရွာအုပ်စု | ၃၀၀ | ၂၇၀ | ၃၀ | ၂၉ | ၁ | |
| ၁၄ | သင်္ဂတုံကျေးရွာအုပ်စု | ၇၅၀ | ၆၅၉ | ၉၁ | ၉၁ | | |
| ၁၅ | နောင်လှိုင်ကျေးရွာအုပ်စု | ၃၁၅၀ | ၂၃၁၀ | ၈၄၀ | ၆၄၀ | ၂၀၀ | |
| ၁၆ | အင်းယားကျေးရွာအုပ်စု | ၂၂၅၀ | ၁၆၉၉ | ၅၅၁ | ၄၀၂ | ၁၄၉ | |
| ၁၇ | နားလင်းကျေးရွာအုပ်စု | ၆၅၀ | ၅၃၇ | ၁၁၃ | ၁၁၃ | | |
| ၁၈ | ကုန်းသာကြီးကျေးရွာအုပ်စု | ၆၅၀ | ၄၅၄ | ၁၉၆ | ၁၄၆ | ၅၀ | |
| ၁၉ | ဟိုလိပ်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၉၄၁ | ၅၀၉ | ၅၀၉ | | |
| ၂၀ | ဘော်(သိုက်တော)ကျေးရွာအုပ်စု | ၂၅၀၀ | ၁၇၄၄ | ၇၅၆ | ၂၉၄ | ၄၆၂ | |
| ၂၁ | ရွှေသင်းကျေးရွာအုပ်စု | ၁၇၅၀ | ၁၄၃၁ | ၃၁၉ | ၃၁၉ | | |
| ၂၂ | ပိန္နဲကုန်းကျေးရွာအုပ်စု | ၁၃၀၀ | ၁၁၄၈ | ၁၅၂ | ၁၅၁ | ၁ | |
| ၂၃ | သက္ကံချိုင်းကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၅၄ | ၂၉၆ | ၂၉၆ | | |
| ၂၄ | မျှော့တောကျေးရွာအုပ်စု | ၅၀၀ | ၃၄၇ | ၁၅၃ | ၁၅၃ | | |
| ၂၅ | နောင်ပိန်ကျေးရွာအုပ်စု | ၁၀၅၀ | ၇၃၈ | ၃၁၂ | ၂၆၂ | ၅၀ | |
| ၂၆ | ဆေးတလုံးကျေးရွာအုပ်စု | ၁၁၅၀ | ၈၇၄ | ၂၇၆ | ၂၇၆ | | |
| ၂၇ | ပွေးကောက်ကျေးရွာအုပ်စု | ၁၀၅၀ | ၈၃၉ | ၂၁၁ | ၂၁၁ | | |
| ၂၈ | မဲတောကျေးရွာအုပ်စု | ၁၂၀၀ | ၉၅၄ | ၂၄၆ | ၂၄၆ | | |
| ၂၉ | သပြေကုန်းကျေးရွာအုပ်စု | ၄၀၀ | ၂၆၀ | ၁၄၀ | ၁၄၀ | | |
| ၃၀ | ပင်လိန်(အလယ်)ကျေးရွာအုပ်စု | ၆၅၀ | ၅၀၈ | ၁၄၂ | ၄၅ | ၉၇ | |
| ၃၁ | ပင်လိန်(အရှေ့)ကျေးရွာအုပ်စု | ၁၄၅၀ | ၁၂၇၀ | ၁၈၀ | ၁၅၀ | ၃၀ | |
| ၃၂ | ရပ်ကွက်ကြီး(၃) | ၁၁၁၅၀ | ၈၅၆၄ | ၂၅၈၆ | ၁၄၃၉ | ၁၁၄၇ | |
| ၃၃ | ရပ်ကွက်ကြီး(၄) | ၃၅၅၀ | ၂၂၁၉ | ၁၃၃၁ | ၉၉၆ | ၃၃၅ | |
| ၃၄ | ရပ်ကွက်ကြီး(၅) | ၈၃၅၀ | ၅၂၇၀ | ၃၀၈၀ | ၂၃၈၄ | ၆၉၆ | |
| ၃၅ | ရပ်ကွက်ကြီး(၆) | ၆၅၀၀ | ၃၇၀၄ | ၂၇၉၆ | ၃၀၀၀ | | ၂၀၄ |
| ၃၆ | ရပ်ကွက်ကြီး(၉) | ၆၂၀၀ | ၃၉၆၆ | ၂၂၃၄ | ၂၁၃၄ | ၁၀၀ | |
| ၃၇ | ရပ်ကွက်ကြီး(၁၅) | ၁၁၀၀ | ၈၄၈ | ၂၅၂ | ၁၀၂ | ၁၅၀ | |
| ၃၈ | ရပ်ကွက်ကြီး(၁၆) | ၁၇၅၀ | ၁၃၁၂ | ၄၃၈ | ၄၃၈ | | |
| ၃၉ | ရပ်ကွက်ကြီး(၁၇) | ၈၂၅၀ | ၅၆၈၅ | ၂၅၆၅ | ၂၁၆၅ | ၄၀၀ | |
| ၄၀ | ရပ်ကွက်ကြီး(၁၈) | ၂၃၀၀ | ၁၀၈၀ | ၁၂၂၀ | ၃၇၀ | ၈၅၀ | |
| ၄၁ | ရပ်ကွက်ကြီး(၁၉) | ၃၈၀၀ | ၂၀၉၀ | ၁၇၁၀ | ၁၅၅၉ | ၁၅၁ | |
| ၄၂ | ရပ်ကွက်ကြီး(၂၀) | ၃၉၅၀ | ၂၂၄၅ | ၁၇၀၅ | ၂၁၃၃ | | ၄၂၈ |
| ၄၃ | သုံးထောင်ကျေးရွာအုပ်စု | ၅၅၀၀ | ၃၃၇၆ | ၂၁၂၄ | ၁၅၁၆ | ၆၀၈ | |
| ၄၄ | အောင်ချမ်းသာကျေးရွာအုပ်စု | ၄၀၅၀ | ၂၈၈၈ | ၁၁၆၂ | ၇၉၀ | ၃၇၂ | |
| ၄၅ | လက်ပံကုန်းကျေးရွာအုပ်စု | ၁၁၀၀ | ၈၄၁ | ၂၅၉ | ၂၅၉ | | |
| ၄၆ | စိုးမိုးအိုင်ကျေးရွာအုပ်စု | ၁၂၅၀ | ၁၀၉၉ | ၁၅၁ | ၁၅၁ | | |
| ၄၇ | လွန်ကောင်းကျေးရွာအုပ်စု | ၃၉၅၀ | ၂၆၄၁ | ၁၃၀၉ | ၁၂၁၁ | ၉၈ | |
| ၄၈ | လိပ်ကျ(သံတောင်)ကျေးရွာအုပ်စု | ၉၅၀ | ၇၂၆ | ၂၂၄ | ၇၄ | ၁၅၀ | |
| ၄၉ | ရွှေချောင်း(မြေပုံ)ကျေးရွာအုပ်စု | ၉၀၀ | ၈၀၈ | ၉၂ | ၉၂ | | |
| ၅၀ | သပြေကျင်းကျေးရွာအုပ်စု | ၁၁၀၀ | ၉၇၆ | ၁၂၄ | ၁၄၄ | | ၂၀ |
| ၅၁ | ဇီးပင်ကြီးကျေးရွာအုပ်စု | ၆၂၅၀ | ၄၇၀၆ | ၁၅၄၄ | ၁၄၉၅ | ၄၉ | |
| ၅၂ | ပေပင်ကျေးရွာအုပ်စု | ၂၆၀၀ | ၁၉၈၂ | ၆၁၈ | ၇၂၈ | | ၁၁၀ |
| ၅၃ | ပေါက်တောကျေးရွာအုပ်စု | ၃၅၀ | ၃၂၀ | ၃၀ | ၃၀ | | |
| ၅၄ | ပြင်စာကျေးရွာအုပ်စု | ၂၀၅၀ | ၁၆၈၃ | ၃၆၇ | ၃၆၇ | | |
| ၅၅ | ကျွဲနွားထောက်ကျေးရွာအုပ်စု | ၈၀၅၀ | ၅၁၆၀ | ၂၈၉၀ | ၂၀၉၉ | ၇၉၁ | |
| ၅၆ | တောင်ကျွန်းကျေးရွာအုပ်စု | ၁၀၅၀ | ၇၈၃ | ၂၆၇ | ၂၁၇ | ၅၀ | |
| ၅၇ | ဆင်လမ်းကျေးရွာအုပ်စု | ၄၃၅၀ | ၂၈၆၁ | ၁၄၈၉ | ၁၄၄၁ | ၄၈ | |
| ၅၈ | ပန်းဦးတောင်ကျေးရွာအုပ်စု | ၂၆၅၀ | ၂၁၄၀ | ၅၁၀ | ၆၁၂ | | ၁၀၂ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၂၀၃၆၅၀ | ၁၃၇၇၄၈ | ၆၅၉၀၂ | ၅၆၄၀၉ | ၁၁၂၆၈ | ၁၇၇၅ |
| | ရပ်ကျေးမဲလက်မှတ်အပိုတွေ့ရှိ | | | | ၃၅၀ | | ၃၅၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၂၃၃ | ၁၉၄၇ | ၂၈၆ | ၂၈၈ | | ၂ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | | | | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၀၅၈၈၃ | ၁၃၉၆၉၅ | ၆၆၁၈၈ | ၅၇၀၄၇ | ၁၁၂၆၈ | ၂၁၂၇ |

### စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ အုပ်စုမှ မဲရုံပေါင်း ၁၀၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၀၇၀၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၁၈၃၄ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၈၈၆၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၉၁၇၀ ဖြစ်ကြောင်း စိစစ် တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ



ပြင်ဦးလွင်မြို့၌ မဲစာရင်းများအား စစ်ဆေးခြင်း မှတ်တမ်းဓာတ်ပုံ။



စဉ့်ကူးမြို့၌ မဲစာရင်းများအား စစ်ဆေးခြင်း မှတ်တမ်းဓာတ်ပုံ။

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၂၆၅၅၀ | ၉၁၅၇၅ | ၃၄၉၇၅ | ၂၅၂၇၉ | ၉၉၄၆ | ၂၅၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၅၉ | ၂၅၉ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၈၉၁ | | ၃၈၉၁ | ၃၈၉၁ | | |
| | စုစုပေါင်း | ၁၃၀၇၀၀ | ၉၁၈၃၄ | ၃၈၈၆၆ | ၂၉၁၇၀ | ၉၉၄၆ | ၂၅၀ |

၁၁။ စဉ့်ကူးမြို့နယ် ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇ အုပ်စုမှ မဲရုံပေါင်း ၁၀၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၉၉၄၆ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၅၀ အပိုတွေ့ရှိရသည်။

၁၂။ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု မဲရုံအမှတ်(၁၂)တွင် ထိုးမြဲလက်မှတ် (သို့မဟုတ်) လက်ဝဲ၊ လက်မ၊ လက်ဖွေ ရေးထိုးရိုက်နှိပ်ရမည်ဖြစ်သော်လည်း ပုံစံ (၁) စာအုပ် ၂ အုပ်လုံးတွင် နည်းဥပဒေနှင့် ကိုက်ညီမှုမရှိသော အမှန်ခြစ်အမှတ်အသားများသာ ပြုလုပ်ထားကြောင်း တွေ့ရှိရပါသည်။ **[အမှန်ခြစ်အမှတ်အသားများပြုလုပ်ထားသည့် မဲစာရင်းပုံစံ(၁) ၂ ရွက်ကို ပူးတွဲဖော်ပြထားပါသည်။ ]**

၁၃။ စဉ့်ကူးမြို့နယ်၊ ရွှေပြည်ကျေးရွာအုပ်စု မဲရုံအမှတ်(၄)၊ လက်ပန်ဇင်ကျေးရွာအုပ်စု မဲရုံအမှတ် (၁) နှင့် လက်ပံလှကျေးရွာအုပ်စု မဲရုံအမှတ်(၉)တို့တွင် ဆန္ဒမဲပေးပြီးလက်ခံဖြတ်ပိုင်းများ မတွေ့သဖြင့် ဆန္ဒမဲလက်မှတ်များကိုသာ ရေတွက်စစ်ဆေးခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကြိုတင်မဲလက်မှတ် အရေအတွက်နှင့် လက်ကျန်အရေအတွက်စာရင်း အတိအကျ မရရှိနိုင်ပါ။

၁၄။ စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်ကွက်(၁) | ၃၃၅၀ | ၂၂၈၆ | ၁၀၆၄ | ၁၀၆၂ | ၂ | |
| ၂ | ရပ်ကွက်(၂) | ၃၅၅၀ | ၂၇၂၂ | ၈၂၈ | ၂၇၈ | ၅၅၀ | |
| ၃ | ခူလယ်ကျေးရွာအုပ်စု | ၃၉၅၀ | ၂၇၉၆ | ၁၁၅၄ | ၉၀၄ | ၂၅၀ | |
| ၄ | ငပြင်းအင်းကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၉၀ | ၅၁၀ | ၄၁၀ | ၁၀၀ | |
| ၅ | ကုက္ကိုကျေးရွာအုပ်စု | ၃၂၀၀ | ၂၆၁၀ | ၅၉၀ | ၅၄၀ | ၅၀ | |
| ၆ | ဝါးရုံကုန်းကျေးရွာအုပ်စု | ၂၇၀၀ | ၂၂၃၅ | ၄၆၅ | ၄၁၅ | ၅၀ | |
| ၇ | လက်ပန်လှကျေးရွာအုပ်စု | ၁၃၆၅၀ | ၉၉၂၂ | ၃၇၂၈ | ၁၇၃၉ | ၁၉၈၉ | |
| ၈ | မာလဲကျေးရွာအုပ်စု | ၁၀၅၀ | ၈၀၁ | ၂၄၉ | ၁၉၉ | ၅၀ | |
| ၉ | ရှောက်ပင်ရိုးကျေးရွာအုပ်စု | ၂၄၀၀၀ | ၁၆၅၄၀ | ၇၄၆၀ | ၅၈၆၅ | ၁၅၉၅ | |
| ၁၀ | နတ်တောင်ကျေးရွာအုပ်စု | ၅၉၀၀ | ၃၉၉၂ | ၁၉၀၈ | ၁၈၀၈ | ၁၀၀ | |
| ၁၁ | ငွေတောင်ကျေးရွာအုပ်စု | ၁၃၅၀ | ၉၈၃ | ၃၆၇ | ၃၆၇ | | |
| ၁၂ | ရွှေကျင်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၂၆၄ | ၇၃၆ | ၂၈၆ | ၄၅၀ | |
| ၁၃ | ဆည်သည်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၆၅၆ | ၄၉၄ | ၄၄၄ | ၅၀ | |
| ၁၄ | ခက်သင်ကျေးရွာအုပ်စု | ၂၃၅၀ | ၁၇၂၂ | ၆၂၈ | ၅၂၈ | ၁၀၀ | |
| ၁၅ | လက်ပန်ကုန်းကျေးရွာအုပ်စု | ၁၀၅၀ | ၈၃၈ | ၂၁၂ | ၆၂ | ၁၅၀ | |
| ၁၆ | ဆည်ကြီးကျေးရွာအုပ်စု | ၅၃၀၀ | ၃၉၁၀ | ၁၃၉၀ | ၁၀၄၂ | ၃၄၈ | |
| ၁၇ | ညောင်ပင်ကျေးရွာအုပ်စု | ၁၁၅၀ | ၉၂၂ | ၂၂၈ | ၁၃၀ | ၉၈ | |
| ၁၈ | တောင်အင်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၄၇ | ၅၀၃ | ၄၅၃ | ၅၀ | |
| ၁၉ | ကြာဥယျာဉ်ကျေးရွာအုပ်စု | ၇၅၀ | ၅၄၀ | ၂၁၀ | ၂၁၀ | ၀ | |
| ၂၀ | မင်းကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၉၃ | ၂၀၇ | ၁၅၇ | ၅၀ | |
| ၂၁ | ညောင်ဝန်းကျေးရွာအုပ်စု | ၃၅၅၀ | ၂၂၀၀ | ၁၃၅၀ | ၅၅၀ | ၈၀၀ | |
| ၂၂ | ရွှေပြည်ကျေးရွာအုပ်စု | ၄၉၀၀ | ၃၆၉၁ | ၁၂၀၉ | ၈၃၁ | ၃၇၈ | |
| ၂၃ | ခတက်ချဉ်ကျေးရွာအုပ်စု | ၄၃၅၀ | ၃၀၄၉ | ၁၃၀၁ | ၁၂၄၉ | ၅၂ | |
| ၂၄ | သာယာဝတီကျေးရွာအုပ်စု | ၉၅၀ | ၆၈၉ | ၂၆၁ | ၂၁၁ | ၅၀ | |
| ၂၅ | ကျောင်းဆိပ်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၈၅၈ | ၅၄၂ | ၅၄၂ | | |
| ၂၆ | ထုံးကြီးကျေးရွာအုပ်စု | ၂၈၅၀ | ၂၃၈၈ | ၄၆၂ | ၁၆၂ | ၃၀၀ | |
| ၂၇ | ရေတော်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၇၉၃ | ၆၅၇ | ၅၀၇ | ၁၅၀ | |
| ၂၈ | မြစိမ်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၃၁ | ၅၁၉ | ၄၁၉ | ၁၀၀ | |
| ၂၉ | ဇီးကျွန်းကျေးရွာအုပ်စု | ၇၅၀ | ၅၀၀ | ၂၅၀ | ၂၀၀ | ၅၀ | |
| ၃၀ | ဟသ်ာဖိုကျေးရွာအုပ်စု | ၂၆၀၀ | ၁၉၂၀ | ၆၈၀ | ၄၈၀ | ၂၀၀ | |
| ၃၁ | ဟသ်ာမကျေးရွာအုပ်စု | ၂၄၅၀ | ၁၇၅၃ | ၆၉၇ | ၅၉၇ | ၁၀၀ | |
| ၃၂ | ဇီးကုန်းကျေးရွာအုပ်စု | ၁၀၀၀ | ၅၄၁ | ၄၅၉ | ၂၀၉ | ၂၅၀ | |
| ၃၃ | သဲအင်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၁၅ | ၄၈၅ | ၂၃၅ | ၂၅၀ | |
| ၃၄ | ရွှေဒုံးကျေးရွာအုပ်စု | ၅၅၀ | ၃၈၆ | ၁၆၄ | ၁၁၄ | ၅၀ | |
| ၃၅ | ကျွန်းကြီးကျေးရွာအုပ်စု | ၁၉၀၀ | ၁၃၉၇ | ၅၀၃ | ၃၀၃ | ၂၀၀ | |
| ၃၆ | လက်ပန်ဇင်ကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၈၈ | ၄၁၂ | ၇၆ | ၃၃၆ | |
| ၃၇ | ဆင်သေကျေးရွာအုပ်စု | ၂၆၀၀ | ၁၉၄၇ | ၆၅၃ | ၉၀၃ | | ၂၅၀ |
| ၃၈ | ရွှေဂုံတိုင်ကျေးရွာအုပ်စု | ၃၀၀၀ | ၂၁၈၅ | ၈၁၅ | ၇၆၅ | ၅၀ | |
| ၃၉ | ရွှေလှေကျေးရွာအုပ်စု | ၁၉၀၀ | ၁၂၇၅ | ၆၂၅ | ၂၇ | ၅၉၈ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂၆၅၅၀ | ၉၁၅၇၅ | ၃၄၉၇၅ | ၂၅၂၇၉ | ၉၉၄၆ | ၂၅၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၅၉ | ၂၅၉ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၈၉၁ | | ၃၈၉၁ | ၃၈၉၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၀၇၀၀ | ၉၁၈၃၄ | ၃၈၈၆၆ | ၂၉၁၇၀ | ၉၉၄၆ | ၂၅၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၁၂ သို့

# လစ်ဗျားနိုင်ငံတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်

ထရီပိုလီ မေ ၁၈

**လစ်ဗျားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို မေ ၁၉ ရက်တွင် ထရီပိုလီမြို့၌ စတင်မည်ဟု လစ်ဗျားနိုင်ငံ၏ အမျိုးသားရောဂါထိန်းချုပ်ရေးညွှန်ကြားရေးမှူးဖြစ်သူ ဒါဒါအက်ဒင် အန်နာဂျာက မေ ၁၇ ရက်က ပြောကြားခဲ့သည်။**

လစ်ဗျားနိုင်ငံသည် တရုတ်၊ ရုရှားနှင့် အခြားသောနိုင်ငံများမှ ကာကွယ်ဆေးများ လက်ခံရရှိခဲ့သည်ဟု အန်နာဂျာက ပြောကြားခဲ့သည်။

တိုင်းပြည်အတွင်း ကာကွယ်ဆေးထိုးပေးရေးစင်တာပေါင်း ၄၅၀ မှတစ်ဆင့် ဖြန့်ဝေမှုများ ပြုလုပ်သွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။

ကာကွယ်ဆေးကို ဦးစားပေးထိုးနှံပေးမည့်အုပ်စုများမှာ ကိုဗစ်-၁၉ လူနာများကို ကုသမှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါသည်များဖြစ်ပြီး သီတင်းပတ်အနည်းငယ်အတွင်း လူဦးရေ အမြောက်အမြားကို ကာကွယ်ဆေးထိုးပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ကာကွယ်ဆေးထိုးရန် အွန်လိုင်းပေါ်မှတစ်ဆင့် ကြေညာထားပြီး ကာကွယ်ဆေးထိုးပြီးသူ ငါးသိန်းရှိသည်ဟု သိရ သည်။

လစ်ဗျားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၇၁၁၃၁ ဦးရှိပြီး သေဆုံးသူ ၂၈၈၂ ရှိသည်ဟု သိရသည်။

ဆင်ဟွာ



ကာကွယ်ဆေးထိုးရန် စာရင်းပေးသွင်းနေကြသူများကို တွေ့ရစဉ်။

# တူနီးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှုနှိမ်နင်းနိုင်ရေးအတွက် စည်းကမ်းတင်းကျပ်မှုအသစ်များ ကြေညာ

**တူးနစ် မေ ၁၈**

တူနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများ များပြားလျက်ရှိရာ ကိုဗစ်-၁၉ ကူးစက်မှုကို နှိမ်နင်းနိုင်ရေးအတွက် နောက်ထပ်စည်းကမ်း တင်းကျပ်မှုများကို အစိုးရက ကြေညာခဲ့သည်။ အဆိုပါ ကန့်သတ်ချက် စည်းကမ်းများသည် မေ ၁၈ ရက်မှ ၃၀ ရက်အထိ သက်ရောက်မှုရှိမည်ဟု တူနီးရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဟတ်စ်နာ ဘန်စလီမိန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဒေသစံတော်ချိန် ည ၇နာရီမှ နံနက် ၅ နာရီအထိ ယာဉ်အသွားအလာများ အားလုံးကို ရပ်နားထားရန် အစိုးရက အမိန့်ထုတ်ထားသည်။ ကျန်းမာရေး အစီအမံများနှင့် သတ်မှတ်ချိန်အတွင်း ဆိုင်မဖွင့်ရအမိန့်ကို ချိုးဖောက်သည့် စီးပွားရေးလုပ်ငန်းများ အားလုံးကို ချက်ချင်းပိတ်သိမ်းသွားရမည်ဟု ကြေညာထားသည်။





တူးနစ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသွားများကို တွေ့ရစဉ်။

သူငယ်တန်းမှလွဲ၍ ကျန်ကျောင်းများအားလုံးကို ပိတ်ထားရန် ဆုံးဖြတ်ခဲ့ပြီး ခရီးသွားများအားလုံးလည်း အသွားအလာစောင့်ကြည့် ကန့်သတ်မှုခံယူရမည်ဖြစ်သည်။ တူနီးရှားနိုင်ငံတွင်လက်ရှိ ကြုံတွေ့နေရသည့် အခြေအနေမှ စိုးရိမ်ဖွယ်ရာ အခြေအနေရှိသည်ဟုလည်း ဖော်ပြခဲ့သည်။

ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အန္တရာယ်ကိုလည်း စိုးရိမ်နေရသည်ဟု ရောဂါဆန်းများ လေ့လာမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် နစ်ဆက်ဖ်ဘန်အယ်လာရာက ပြောသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ဖိုက်ဇာထပ်မံရရှိရန် သဘောတူ

**တိုကျို မေ ၁၈**

ဂျပန်ဝန်ကြီးများသည် အစိုးရ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်များကို ကြီးကြပ်ကွပ်ကဲခဲ့ပြီး ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှိဟိဒဲသည် အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဖိုက်ဇာနှင့် နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိရန် သဘောတူညီချက် ရရှိခဲ့ကြောင်း သိရသည်။

ဖိုက်ဇာမှ စီအီးအို အဲဘတ်ဘော်ရယ်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ် နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိရန် တောင်းဆိုခဲ့သည်ဟု သိရသည်။

ဂျပန်ဝန်ကြီးချုပ်၏ ဝါရှင်တန်ခရီးစဉ်အတွင်း ယခုလို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တယ်လီဖုန်းဖြင့် ဆွေးနွေးစဉ်အတွင်း နောက်ထပ်ကာကွယ်ဆေးများရရှိရန် သဘောတူညီမှုရရှိခဲ့သည်ဟု လုပ်ငန်းထိန်းသိမ်းရေးဝန်ကြီး ကိုနိုတာရိုက မေ ၁၈ ရက်တွင် ပြုလုပ်သည့် တီဗွီအစီအစဉ်တွင် ပြောကြားခဲ့သည်။ စက်တင်ဘာလကုန်တွင် ကာကွယ်ဆေးထိုးနှံခွင့်ရှိသူတိုင်း ကာကွယ်ဆေးရရှိရန် ထောက်ပံ့ပေးနိုင်မည်ဟု ၎င်းက အကြံပြုထားသည်။

ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်မှာ လက်ရှိတွင် အသက် ၁၆နှစ်နှင့်အထက်များကို ထိုးပေးရန် သတ်မှတ်ထားသည်။ ငယ်ရွယ်သူများကို ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ပတ်သက်၍ အမေရိကန်တွင်လည်း အသက် ၁၂ နှစ်မှ ၁၅ နှစ်များကို ကာကွယ်ဆေးအသုံးပြုခွင့်ရရေး အမေရိကန်တွင် ပြုလုပ်နေသည်ဟု ကိုရိုက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတွင်လည်း အလားတူလှုပ်ရှားမှုမျိုး မကြာမီလုပ်ဆောင်နိုင်ရန် စီစဉ်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကာကွယ်ဆေးထိုးရန် အချိန်ဇယားနှင့် ပြင်ဆင်မှုများ ပြုလုပ်ရန်လည်း အစိုးရသည် ကျွမ်းကျင်ပညာရှင်များကို မေးမြန်းလျက်ရှိသည်ဟု ၎င်းက ပြောသည်။

အင်န်အိတ်ချ်ကေ

# အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ကင်းစင်သည့် ရထားဝန်ဆောင်မှုစတင်

**ရောမ မေ ၁၈**

အီတလီနိုင်ငံမှ ခရီးသွားများသည် အမြန်ရထားဖြင့် ခရီးသွားလာရန်အတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်သည်။ ခရီးသည်များအားလုံးအတွက် ကိုဗစ်-၁၉ အကာအကွယ်များဖြင့် ရထားပြေးဆွဲမည်ဖြစ်သည်။

မေ ၁၆ ရက်မှစတင်ကာ အီတလီနိုင်ငံ မြောက်ပိုင်းမြို့ မီလန်နှင့် မြို့တော် ရောမတို့အကြား ကိုဗစ်-၁၉ ကင်းစင်သည့် ရထားဝန်ဆောင်မှုဟု အမည်ပေးထားသည့် ရထားခရီးစဉ် စတင်ပြေးဆွဲပြီဖြစ်သည်။

ခရီးစဉ်မစတင်မီ ခရီးသွားများသည် ၄၈ နာရီအတွင်း ဆေးစစ်ထားသည့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်များကို ပြသရန်လိုအပ်သည်။ သို့မဟုတ် ရထားဘူတာရုံတွင်လည်း ဆေးစစ်မှုပြုလုပ်နိုင်သည်။ ခရီးသည်တွင် ရောဂါစမ်းသပ်တွေ့ရှိပါက ခရီးစဉ်တွင်လိုက်ပါခွင့်မရှိဘဲ ၁၀၀ ရာခိုင်နှုန်းငွေပြန်အမ်းမည် ဖြစ်သည်။

ရထားများတွင် ခရီးသည်များ၏ အကွာအဝေးအတွက် တင်ဆောင်နိုင်သည့်ဝန်၏ ၅၀ ရာခိုင်နှုန်းကိုသာ ခရီးသည်တင်ဆောင်ရမည်ဖြစ်သည်။ ၁၄ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရထားဖြင့် ခရီးသွားရမည်ဖြစ်သည့်အတွက် စိတ်လှုပ်ရှားမိကြောင်း ခရီးသည်တစ်ဦးက ပြောသည်။

စာသင်ကျောင်းသို့ ပထမဆုံးအကြိမ် ကျောင်းတက်ရသည့် ခံစားချက်မျိုးနှင့်တူကြောင်းလည်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ ခရီးစဉ်အတွင်း ရောဂါကူးစက်ခံရမည်ကို စိုးရိမ်စရာမလိုဘဲ ခရီးသွားခွင့်ရသည့်အတွက် ကျေနပ်မိကြောင်း နောက်ထပ် ခရီးသွားတစ်ဦးက ပြောသည်။ အဆိုပါ ရထားပြေးဆွဲမှုခရီးစဉ်တွင် ဗင်းနစ်၊ နေပယ်နှင့် အခြားသောမြို့ကြီးများသို့လည်း တိုးချဲ့ပြေးဆွဲမှုပြုလုပ်သွားရန် အစီအစဉ်ရှိသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ



ရထားဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ် - ၁၉ ကူးစက်မှုနှုန်း အမြင့်ဆုံးအနေအထားသို့ နီးကပ်လာဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြော

နှင်းမိုးအိမ်

**လွန်ခဲ့သည့်နှစ်လကျော်ခန့်မှစတင်ကာ တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်ကူးစက်မှုမှာ နှစ်ဆနီးပါးဖြစ်လာပြီး ကပ်ရောဂါကာလအတွင်း ကူးစက်မှုနှုန်း အမြင့်ဆုံးနှုန်းသို့ နီးကပ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မေ ၁၆ ရက်တွင် ပြောသည်။**




ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

### ကူးစက်မှုနှုန်းမြင့်လာ

ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းများမှာ စိုးရိမ်ဖွယ်ရာကောင်းသည့် နှုန်းထားနှင့် ဆက်လက်များပြားနေပြီး တချို့သော နိုင်ငံများသည် ပြီးခဲ့သည့်ကာလအတွင်းက ကူးစက်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်မှုကို တားဆီးနိုင်ခဲ့သော်လည်း ယခုအခါ ကူးစက်မှုနှုန်းမြင့်လာသည်ကိုလည်း တွေ့မြင်နေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက အထူးအစည်းအဝေးတွင် ပြောကြားခဲ့သည်။ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု လျင်မြန်စွာ ဖြစ်ပေါ်နေခြင်း၊ ပြည်သူ့ကျန်းမာရေး တင်းကျပ်မှုများကို စောစီးစွာဖြေလျှော့မှုများ ပြုလုပ်ခြင်း၊ ကာကွယ်ဆေးဖြန့်ဝေမှု အချိုးအစား မညီမျှခြင်းတို့သည် အချက်ပြလျက်ရှိနေသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### သတိပေးပြောကြား

ကာကွယ်ဆေး ညီမျှစွာဖြန့်ဝေနိုင်မှုမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်ဟု ၎င်းက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စာရင်းဇယားများအရ တစ်ကမ္ဘာလုံးတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူ ၈၃၂ သန်းကျော် ထိုးပေးပြီးဖြစ်သည်ဟု သိရသည်။ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေမြင့်သည့် နိုင်ငံများတွင် ၈၂ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးပေးပြီးဖြစ်သော်လည်း ဝင်ငွေနိမ့်သည့်နိုင်ငံများတွင်မူ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၀ ဒသမ ၂ ရာခိုင်နှုန်းသာရှိသည်ဟု သိရသည်။ ကာကွယ်ဆေးခွဲဝေမှု မညီမျှမှုသည် ကိုယ်ကျင့်တရားအရ မဖြစ်သင့်သည့် ကိစ္စဖြစ်သည်သာမက စီးပွားရေးနှင့် ကပ်ရောဂါအရ ရှုံးနိမ့်ခြင်းလည်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ကူးစက်မှုများလေ ဗီဇပြောင်း ကူးစက်မှု များပြားလေလေ ဖြစ်မည်။ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ပိုမိုများပြားလာလေလေ ကာကွယ်ဆေး အပေါ်အနိုင်ယူမှု များလာလေလေဖြစ်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက သတိပေးပြောကြားခဲ့သည်။

### တိုက်တွန်းထား

ယင်းအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံအများအပြားအနေဖြင့် ကိုဗစ် -၁၉ ကာကွယ်ဆေးများကို လှူဒါန်းမှုများ ပြုလုပ်ကြရန် တက်ဒရို့စ်က တိုက်တွန်းခဲ့သည်။ ကိုဗက်အစီအစဉ်မှ တစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ လှူဒန်းကြရန်လည်း တိုက်တွန်းထားသည်။ ထို့ပြင် နိုင်ငံများအနေဖြင့်လည်း အချက်အလက်အခြေပြု တိုင်းတာမှုများ တည်ထောင်ရန်အတွက်လည်း ၎င်းက ဆက်လက်တိုက်တွန်းထားသည်။ ကိုဗစ်-၁၉ ကူးစက်မှုများကို စောင့်ကြည့်ခြင်း၊ ဆေးစစ်မှုများ ပြုလုပ်ခြင်း၊ ထိတွေ့မိသူများနောက်ကို ခြေရာခံလိုက်ခြင်း၊ အသွားအလာကန့်သတ်မှုစင်တာများကို ထောက်ပံ့မှုပေးခြင်းတို့ကို ပြုလုပ်ရန်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

### ကြိုတင်ကာကွယ်မှုပြုလုပ်ရန် လိုအပ်

ပြည်သူများအနေဖြင့်လည်း တစ်ကိုယ်ရေ ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ လူမှုဝေးကွာ အစီအစဉ်များအတိုင်း နေထိုင်ခြင်း၊ လက်ဆေးခြင်း၊ လေဝင်လေထွက်ကောင်းအောင်ပြုလုပ်ခြင်း၊ မိမိကိုယ်ကိုယ်နှင့် အခြားလူများအတွက်ပါ လုံခြုံစိတ်ချရအောင်ပြုလုပ်ခြင်းတို့ကိုလည်း လိုက်နာကြရန် ၎င်းက ဆက်လက်တိုက်တွန်းထားသည်။

### အိန္ဒိယတွင် နေ့စဉ်ကူးစက်မှု နှစ်သိန်းကျော်လာ

အိန္ဒိယနိုင်ငံတွင်လည်း ကူးစက်မှုများ များပြားနေပြီး နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်မှာ နှစ်သိန်းကျော် တွေ့ရှိခဲ့သည်။ အိန္ဒိယနိုင်ငံက နေ့စဉ်ကူးစက်မှုနှုန်း နှစ်သိန်းကျော် ရှိနေသည်မှာ သုံးရက်ဆက်တိုက်ရှိနေပြီး စုစုပေါင်းကူးစက်ခံရသူ ၁၄၅၂၆၆၀၉ ဦးရှိလာသည်ဟု မေ ၁၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းများအရ သိရသည်။ မေ ၁၆ ရက်က လူပေါင်း ၁၃၄၁ ဦး သေဆုံးခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၁၇၅၆၄၉ ဦးရှိလာသည်။ အိန္ဒိယနိုင်ငံတစ်ဝန်း လက်ရှိကူးစက်ခံနေရသူ ၁၆၇၉၇၄၀ ရှိသည်။ အိန္ဒိယတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုမှာ များပြားနေပြီး အခြေအနေ ဆိုးရွားမှုများကို ထိန်းသိမ်းနိုင်ရန်အတွက် အစိုးရသည် အသွားအလာကန့်သတ်မှုများကို ချမှတ်ခဲ့သည်။ ကျောင်းအချို့တွင် စာမေးပွဲများကို ရက်ရွှေ့ထားပြီး တချို့သောကျောင်းများတွင်မူ ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေများကြောင့် စာမေးပွဲများကို ဖျက်သိမ်းထားသည်။

### အရှိန်တိုးမြှင့်လုပ်ဆောင်

မြို့တော်ဒေလီတွင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မေ ၁၆ ရက် ညပိုင်းမှစတင်ကာ သီတင်းတစ်ပတ်ကြာ အသွားအလာကန့်သတ်မှုများ စတင်ပြီဖြစ်သည်။ လွန်ခဲ့သည့် သီတင်းပတ်များအတွင်း နေ့စဉ်ကူးစက်မှုနှုန်းများ တဖြည်းဖြည်းများပြားလာသည်။ ဇန်နဝါရီလအတွင်း တိုင်းပြည်၏ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၀၀၀၀ အောက်တွင် ရှိခဲ့သည်။ ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အတွင်း နောက်ထပ်ကူးစက်ခံရသူ ၉၁၀၂ ဦး ထပ်မံတွေ့ရှိခဲ့သည်။ ယင်းကူးစက်မှုပမာဏမှာ ရက်ပေါင်း ၂၃၇ ရက်အတွင်း အနိမ့်ဆုံးပမာဏပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၆ ရက်တွင် ပြုလုပ်ခဲ့သည်။ ယခုအချိန်အထိ နိုင်ငံတစ်ဝန်း လူပေါင်း ၁၁၉ ဒသမ ၉၃ သန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ ထို့အပြင် ဗဟိုအစိုးရက နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ဆေးစစ်မှုများကို အရှိန်တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

### ဒေလီမြို့တွင် နောက်ထပ်ကူးစက်မှုပေါင်း ၁၉၅၀၀ တွေ့ရှိ

ယခုအချိန်အထိ လူပေါင်း ၂၆၄ သန်းအား ဆေးစစ်မှုပြုလုပ်ပေးပြီးဖြစ်သည်။ မေ ၁၆ ရက်အထိ ဆေးစစ်မှုပေါင်း ၂၆၄၉၇၂၀၂၂ ပြုလုပ်ပေးနိုင်ခဲ့ပြီး ၎င်းတို့ထဲမှ ၁၄၉၅၃၉၇ ဦးမှာ မေ ၁၆ ရက် တစ်ရက်တည်းတွင် ဆေးစစ်မှု ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယဆေးသုတေသနကောင်စီ၏ နောက်ဆုံး ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ မြို့တော်ဒေလီသည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံး ခံစားရသည့် ဒေသတစ်ခုဖြစ်ပြီး နောက်ထပ်ကူးစက်မှုပေါင်း ၁၉၅၀၀ ကို တွေ့ရှိခဲ့ရသည်။

မေ ၁၆ ရက်တွင် ဒေလီမြို့၌ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီးသေဆုံးသူ ၁၄၁ ဦးရှိခဲ့သည်။ ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး ဒေလီမြို့တစ်ဝန်း သေဆုံးမှုပေါင်း ၁၁၇၉၃ ဦးရှိသည်ဟု ဒေလီကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

### ခေတ္တဆိုင်းငံ့မှုပြုလုပ်ခဲ့

ကာကွယ်ဆေးနှင့် ပတ်သက်၍လည်း ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားများစွာ စမ်းသပ်ထုတ်လုပ်နေပြီဖြစ်သည်။ ၎င်းတို့ထဲမှ အက်စ်ထရာဇနီကာ ကာကွယ်ဆေးမှာ သွေးခဲမှု ပြဿနာကြောင့် တချို့သောနိုင်ငံများတွင် ကာကွယ်ဆေးထိုးနှံမှုကို ခေတ္တဆိုင်းငံ့မှုများ ပြုလုပ်ခဲ့ကြသည်။

### သွေးခဲမှုဖြစ်စဉ်ခံစားရ

ဩစတြေးလျနိုင်ငံတွင်လည်း အသက် ၄၈နှစ်အမျိုးသမီးတစ်ဦးမှာ အက်စ်ထရာဇနီကာ ကိုဗစ် -၁၉ ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုးအဖြစ် ဆိုးရွားသည့်သွေးခဲမှုဖြစ်စဉ်ကို ခံစားခဲ့ရသည်ဟု ဩစတြေးလျဆေးဘက်ဆိုင်ရာ စည်းကမ်းတင်းကျပ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ နယူးဆောက်ဝေးမှအမျိုးသမီးတစ်ဦးသည် လွန်ခဲ့သည့် သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးနောက် လေးရက်အကြာတွင် သွေးခဲမှုဖြစ်စဉ် ပေါ်ပေါက်ပြီး ဆေးရုံတက်ခဲ့ရသည်။ ယင်းနောက်တွင် ယခုသီတင်းပတ်အစောပိုင်းက သေဆုံးခဲ့သည်ဟု သိရသည်။

### တင်းကျပ်သွားရန်ကြေညာ

၎င်းခံစားခဲ့ရသည့် သွေးခဲမှုဖြစ်စဉ်မှာ ကာကွယ်ဆေးနှင့် ဆက်စပ်မှု ရှိနိုင်ခြေရှိသည်ဟု ကုထုံးပစ္စည်းများဆိုင်ရာ စီမံခန့်ခွဲမှုက အတည်ပြုပြောကြားခဲ့သည်။ ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က မေ ၈ ရက်တွင် အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို ဩစတြေးလျနိုင်ငံသားများတွင် ထိုးနှံမှုကို တင်းကျပ်သွားရန် ကြေညာခဲ့သည်ဟု သိရသည်။ ။

ကိုးကား - ဆင်ဟွာ

**"ကိုဗစ် –၁၉ ကူးစက်မှုများကို စောင့်ကြည့်ခြင်း၊ ဆေးစစ်မှုများ ပြုလုပ်ခြင်း၊ ထိတွေ့မိသူများနောက်ကို ခြေရာခံလိုက်ခြင်း၊ အသွားအလာ ကန့်သတ်မှု စင်တာများကို ထောက်ပံ့မှုပေးခြင်းတို့ကို ပြုလုပ်ရန်လည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြား"**

## ၁၈-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၃၆၄၄၅၃ | ၂၄၉၀၉၈၅၅ | ၅၈၀၇၉၂ |
| ၂။ | အိန္ဒိယ | ၁၄၈၈၃၁၉၄ | ၁၂၈၃၃၃၄၇ | ၁၇၇၅၂၃ |
| ၃။ | ဘရာဇီး | ၁၃၉၀၀၁၃၄ | ၁၂၃၄၄၈၆၁ | ၃၇၁၈၈၉ |
| ၄။ | ပြင်သစ် | ၅၂၆၀၁၈၂ | ၄၀၈၁၀၁၄ | ၁၀၀၅၉၃ |
| ၅။ | ရုရှား | ၄၇၀၂၁၀၁ | ၄၃၂၆၇၈၀ | ၁၀၅၅၈၂ |
| ၆။ | ဗြိတိန် | ၄၃၈၅၉၃၈ | ၄၁၄၅၈၁၀ | ၁၂၇၂၆၀ |
| ၇။ | တူရကီ | ၄၂၁၂၆၄၅ | ၃၆၄၃၇၃၄ | ၃၅၆၀၈ |
| ၈။ | အီတလီ | ၃၈၅၇၄၄၃ | ၃၂၃၅၄၅၉ | ၁၁၆၆၇၆ |
| ၉။ | စပိန် | ၃၄၀၇၂၈၃ | ၃၁၂၉၂၃၄ | ၇၆၉၈၁ |
| ၁၀။ | ဂျာမနီ | ၃၁၄၃၅၉၂ | ၂၇၇၅၂၀၀ | ၈၀၅၅၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၀၄၃၄၈ | ၁၄၅၅၀၆၅ | ၄၃၄၂၄ |
| ဖိလစ်ပိုင် | ၉၃၆၁၁၃ | ၇၇၀၉၈၄ | ၁၅၉၆၀ |
| မလေးရှား | ၃၇၅၀၅၄ | ၃၅၃၈၂၂ | ၁၃၇၈ |
| မြန်မာ | ၁၄၂၆၃၀ | ၁၃၁၈၉၉ | ၃၂၀၆ |
| စင်ကာပူ | ၆၀၈၃၁ | ၆၀၄၈၅ | ၃၀ |
| ထိုင်း | ၄၂၃၅၂ | ၂၈၇၅၀ | ၁၀၁ |
| ကမ္ဘောဒီးယား | ၆၃၈၉ | ၂၄၇၆ | ၄၃ |
| ဗီယက်နမ် | ၂၇၈၁ | ၂၄၇၅ | ၃၅ |
| ဘရူနိုင်း | ၂၂၁ | ၂၀၆ | ၃ |
| လာအို | ၅၈ | ၄၉ | ၀ |




## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၈**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် မင်္ဂလာတောင်တော်ဦးပရိယတ္တိ စာသင်တိုက်နှင့် မှော်ဘီမြို့နယ် အင်းတန်ကျေးရွာ စံပယ်ခြံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အောင်သုခတိုက်ကြီး ကျောင်းများရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ COVID– 19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အောင်သုခ တိုက်ကြီးကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရွှေပြည်သာမြို့နယ် အမှတ် (၁၆) ရပ်ကွက်မှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲများထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၈**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁၆) ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၀၀၀ တို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၉-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

***ယမန်နေ့မှအဆက်***

၆၁။ **ခေတ်ပုံရိပ်သတင်းဂျာနယ်မှ ဦးမောင်မောင်မြင့်**က ယခုအမှတ်စဉ် ၄/၂၀၂၂ သတင်းစာရှင်းလင်းပွဲကို ကြိုးစားပြီးလာခဲ့ကြောင်း၊ အစိုးရအုပ်ချုပ်ရေးအဖွဲ့မှ သတင်းမီဒီယာများအား ထုတ်ပြန်ကြေညာပေးခဲ့ပြီး သတင်းမီဒီယာများ၏ စီးဆင်းမှုနှင့် ပြည်သူလူထုဆီကို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဆောင်ရွက်ပေးသောပွဲဖြစ်သည့်အတွက် ရောက်အောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာများတွင် သုံးလေ့ရှိသောစကားလည်းဖြစ်ပြီး ပြစ်မှုဆိုင်ရာ ရာဇဝတ်မှုပုဒ်မများတွင် ကျင့်သုံးနေသော အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအလို့ငှာ ဆိုသည့်အတိုင်း အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးရှိမည့် မေးခွန်းများ မေးမြန်းသွားမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအပိုင်း၊ မီဒီယာအပိုင်းနှင့် အများပြည်သူ အကျိုးရှိမည့် မေးခွန်းများ မေးမြန်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အုပ်ချုပ်ရေးအာဏာကို လွှဲယူခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁) တွင် ပါရှိသော အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ပုဒ်မ ၄၁၇ ကို ရှင်းလင်းပြသခဲ့ကြောင်း၊ တပ်မတော်မှ အာဏာလိုချင်၍ သိမ်းသည်ဆိုသော အချက်ကိုသာ ပြည်သူလူထုမှ နားလည်ထားပြီး ပြည်သူလူထုနားမလည်နိုင်သော အချက်တစ်ချက်ရှိကြောင်း၊ ပုဒ်မ ၄၁၇ တွင် ပါရှိသောအချက်များအရ အုပ်ချုပ်ရေးအာဏာကို ဆူပူခြင်း၊ အကြမ်းဖက်ခြင်း၊ မတရားရယူခြင်းတို့ကြောင့် အာဏာကို ထိန်းသိမ်းခဲ့ရသည်ဆိုသည်ကို ပြည်သူလူထု သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပေးရန်လိုပါကြောင်း၊ အုပ်ချုပ်ရေးတွင် နိုင်ငံတော်မှ တိုင်းဒေသကြီး၊ ပြည်နယ်များကို စီမံခန့်ခွဲ၍ အုပ်ချုပ်မှုသည် အထက်အဆင့်များတွင် အဆင်ပြေသော်လည်း လက်ရှိအရေးပေါ်ကာလ ဖြစ်လာခဲ့သည်မှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှုအောက်ရှိ ပြည်သူလူထုများထဲမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးတွင် တည်ငြိမ်မှုမရှိသေးကြောင်း၊ ထို့ကြောင့် ဆူပူဆန္ဒပြမှုများ များပြားခဲ့ကြောင်း၊ ပြည်သူများ၏ ဆန္ဒပြမှုများကို အပြစ်ပြော၍ မရသကဲ့သို့ မှန်ကန်သည်ဟုလည်း မပြောလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အရ လွတ်လပ်စွာ ဆန္ဒပြခွင့်ရှိကြောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြသည့်အပိုင်းတွင် ၎င်းတို့ မှန်ကန်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုနောက်ပိုင်း အကြမ်းဖက်မှုများ၊ လက်နက်ကိုင်ဆောင်မှုများ၊ မီးရှို့သည့်အပိုင်းများ ဖြစ်လာသည့်အခါ နိုင်ငံတော်မှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးကို တိကျခိုင်မာစွာ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေရှိ/မရှိ သိလိုကြောင်း၊ မီဒီယာအနေဖြင့် မီဒီယာကြီးမှ မဟုတ်ကြောင်း၊ နယ်ဘက်ကျေးရွာများတွင် လက်ရှိဖြစ်နေသော အကြောင်းအရာများအား ဖော်ပြလိုခြင်းကြောင့် စိတ်စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ အမှန်တရားအကြောင်းကို မီဒီယာကြီးတစ်ခုမှ မိမိအား မေးမြန်းဖူးပါကြောင်း၊ အမှန်တရားသည် အများပြည်သူ၏ ဆန္ဒအရ၊ အများပတ်ဝန်းကျင်၏ လိုလားချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသည်သာ အမှန်တရားဟု မိမိမှ ပြန်လည်ဖြေကြားခဲ့ကြောင်း၊ အဖြေမှန်သည်၊ မှားသည်ကို မသိပါကြောင်း၊ အမှန်တရားဆိုသည်မှာ တရားဥပဒေနှင့်ညီညွတ်ရမည်ဟု မိမိနားလည်ထားပါကြောင်း၊ မိမိနှင့်မိသားစု၊ နီးစပ်ရာ ပတ်ဝန်းကျင်အားလုံးကို ဥပဒေလေးစားလိုက်နာရန် အမြဲတိုက်တွန်းကြောင်း၊ မီဒီယာအပိုင်းတွင် အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ဘုန်းတော်ဘွဲ့အခမ်းအနား၊ ဖဲကြိုးဖြတ်သတင်းများ ရေးပြီး တစ်ဖက်ကို အထင်သေးစေသော၊ သိက္ခာကျစေသော၊ ထိခိုက်စေသော သတင်းများရေးသားသည့် မီဒီယာများရှိကြောင်း၊ ယင်းမီဒီယာများကိုလည်း အရေးယူပြီးဟုသိရကြောင်း၊ မိမိတို့လို မီဒီယာငယ်များအနေဖြင့် သတင်းတစ်ချက်အရေးမှားပါက မကျေမှုလည်း တစ်ခုံနှစ်ယောက်စာ ပေးစီးရသည့်အတွက် နစ်နာမှုရှိကြောင်း၊ ပြည်သူလူထုသည် အရေးပေါ်အခြေအနေတစ်ရပ်ကြောင့် ခါးစည်းခံရသည့်သဘောဖြစ်ကြောင်း၊ ယင်းကိစ္စအတွက် နိုင်ငံတော်မှ စီစဉ်ပေးရန် ရှိ/မရှိ သိလိုကြောင်း၊ လက်လုပ်လက်စားများ အရေးပေါ်အခြေအနေကြောင့် အပြင်မထွက်ရသည်များရှိကြောင်း၊ Covid-19 ကြောင့် အပြင်မထွက်ရသည်များလည်း ရှိပါကြောင်း၊ လက်လုပ်လက်စား၊ တစ်နေ့လုပ်တစ်နေ့စား ပြည်သူများ အလုပ်အကိုင်အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု လုပ်ကိုင်မည့် အခွင့်အလမ်းများ ဖွင့်ပေးစေလိုကြောင်း၊ အခွင့်အလမ်းများဖွင့်ပေးရန် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးကို တည်ငြိမ်အောင်၊ ပီပြင်အောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၄/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

> “ယခုလက်ရှိတွင် အရေးပေါ်ကာလအဖြစ် တစ်နှစ်ပြဋ္ဌာန်းထား၊ အရေးပေါ်ကာလအဖြစ်ကြေညာရာတွင် ပြဋ္ဌာန်းချက်များရှိ၊ ယခုကြေညာထားသည့် တစ်နှစ်ဆိုသည်မှာ ပထမဦးဆုံး ပြဋ္ဌာန်းထားခြင်းဖြစ်၊ ၎င်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြောရလျှင် ကြေညာထားသည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ မပြီးစီးပါက နောက်ထပ် ၆ လတိုးပိုင်ခွင့်ရှိပြီး ထိုကာလအတွင်း လုပ်ငန်းများပြီးစီးမှုမရှိပါက နောက်ထပ် ၆ လတိုးပိုင်ခွင့်ရှိကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များထဲတွင် ပါပြီးဖြစ်”

နပ်မှုကြောင့် လုပ်ကြံမှုများရှိသည့်အတွက် အရေးယူမည်ဆိုပါက မီဒီယာကောင်စီဖြင့် ညှိနှိုင်းဆောင်ရွက်ရန် အတိုင်းအတာအနေဖြင့် မိမိတို့မီဒီယာငယ်များကို အထောက်အကူ၊ အကာအကွယ်ပြုနိုင်သည့် စီမံချက်ရှိ/မရှိ သိလိုကြောင်း၊ အများပြည်သူအရေးဆိုသည်မှာ ပြည်သူလူထု အောက်ခြေလူတန်းစားကို ပြောလိုကြောင်း၊ အများပြည်သူဟုဆိုရာတွင် အများပြည်သူဆိုတိုင်း ဥပဒေနှင့်မညီသောအရာ ပြုလုပ်သူတိုင်းကို ပြည်သူမှန်သည်ဟုမည်သည့်အခါမှ မရေးခဲ့ပါကြောင်း၊ တရားဥပဒေနှင့်ညီညွတ်စွာဆောင်ရွက်ပါမှ အများပြည်သူအရေးကို နိုင်ငံတော်မှ ကြည့်ရှု ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါကြောင်း၊ Covid ကာလသည် ၂၀၁၉ ခုနှစ် မတ်လမှစပြီး တားဆီးမှု၊ ပိတ်ပင်မှုများရှိကြောင်း၊ ပြည်သူလူထုအောက်ခြေလူတန်းစားများ အလုပ်အကိုင်အခက်အခဲများ ဖြစ်ခဲ့ရကြောင်း၊ အခက်အခဲဖြစ်သည့်အတွက် သွားလာမှုအပိုင်းအတွက် နံပါတ်တစ်ပြောလိုကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ယခုကာလအတွင်း လုပ်ငန်းရှင်ဖြစ်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် လူမပြည့်သည့်အတွက် နှစ်ခုံတစ်ယောက်ပေးရခြင်းကြောင့် နစ်နာမှုရှိကြောင်း၊ ပြည်သူလူထုဘက်မေးမြန်းသည်။

**တရားဥပဒေစိုးမိုးရေး အမြန်ဆုံးဆောင်ရွက်မည်**

၆၂။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က အုပ်ချုပ်ရေးအပိုင်းအနေဖြင့် မိမိဖြေကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် ဖြစ်နေသည့်ကိစ္စများ၊ အောက်ခြေတွင် ပြည်သူလူထု ခံစားနေရသော ကိစ္စများ မိမိသိရှိပါကြောင်း၊ အမြဲတမ်းနားစွင့်နေကြောင်း၊ အမြဲတမ်းသတင်းပေးမှုများ၊ ပြောဆိုမှုများကြောင့် သိရှိရကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးများတွင် ပြောရမည်ဆိုပါက တက်ကြွသည့်လူများလုပ်နေသည်ဟု ပြောနေသော်လည်း အမှန်တကယ် လက်တွေ့အခြေအနေတွင် လူမိုက်များကသာ လုပ်ဆောင်နေကြောင်း၊ အုပ်ချုပ်နေကြောင်း၊ လူမိုက်များက ဒလန်ဟုပြောသူကိုသတ်ကြပြီး ဒလန်ဟုပြောသည့် အိမ်ကိုမီးရှို့နေကြောင်း၊ ယခုနောက်ပိုင်း သာမန်ပြည်သူများကိုပင် ဆွဲထုတ်သည့်အခြေအနေဆိုးများ ဖြစ်နေပါကြောင်း၊ မိမိပြောလိုသည်မှာ တရားဥပဒေစိုးမိုးရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်တွေ့ဆောင်ရွက်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မီဒီယာအပိုင်းအနေဖြင့် ပြောလိုသည်မှာ သတင်းမီဒီယာကောင်စီ၏ ဥပဒေနှင့် နည်းဥပဒေများရှိကြောင်း၊ ***စာမျက်နှာ ၁၇ သို့***

## သတင်းစာရှင်းလင်းပွဲ မှတ်တမ်း



*စာမျက်နှာ ၁၆ မှ*

ယခုအချိန်အထိ ညှိနှိုင်းဆောင်ရွက်နေခြင်းများရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းမီဒီယာဥပဒေနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ သတင်းမီဒီယာဥပဒေပြဋ္ဌာန်းချက်များအရ နစ်နာသူများမှ တိုက်ရိုက် ရာဇသတ်ကြီးဖြင့် တရားစွဲခြင်း နစ်နာသူဥပဒေဖြင့် တရားစွဲပါက သတင်းမီဒီယာကောင်စီသည်လည်း တရားရုံးအထိရောက်ရှိပါက မည်သို့မှမတတ်နိုင်ပါကြောင်း၊ သတင်းမီဒီယာကောင်စီအနေဖြင့် ဖြေလျှော့ပေးသည့် လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများအနေနှင့် တရားစွဲဆိုပါက သတင်းမီဒီယာကောင်စီဖြင့် ညှိနှိုင်း၍ဆောင်ရွက်လျက်ရှိကြောင်း၊ လက်လုပ်လက်စား ပြည်သူလူထု၏ အခွင့်အလမ်းအနေအထား ပြောလိုသည်မှာ တပ်မတော်အနေဖြင့် ယခင်ကတည်းကတိုင် ရိက္ခာလေးမျိုး ဝေငှပေးခဲ့မှုများရှိကြောင်း၊ လုံလောက်မှုရှိမည်မဟုတ်ကြောင်း၊ အဓိကဆောင်ရွက်ရမည့်ကိစ္စမှာ အောက်ခြေအဆင့်အထိ လုပ်နိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်တွေ့ ဆောင်ရွက်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

၆၃။ **ခေတ်ပုံရိပ်သတင်းဂျာနယ်မှ ဦးမောင်မောင်မြင့်**က ပြည်သူလူထုအတွက် သိလိုပါကြောင်း၊ အောက်ခြေလူတန်းစားများ ချေးငွေချေးထားခြင်းများရှိကြောင်း၊ Covid-19 ကြောင့် အလုပ်မရှိသည့်အတွက် ချေးငွေပြန်ဆပ်ရန် အခက်အခဲဖြစ်နေကြောင်း၊ မဆပ်နိုင်သေးသည့်အတွက် နိုင်ငံတော်က မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

၆၄။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စနှင့်ပတ်သက်ပြီး မှတ်သားထားမည်ဖြစ်ကြောင်း၊ မူဝါဒလည်း ရှင်းရှင်းလင်းလင်းမသိသေးကြောင်း၊ သက်ဆိုင်ရာကို မေးမြန်းပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

၆၅။ **VOA သတင်းဌာနမှ သတင်းထောက် ဦးဇော်ထက်** က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ ဖမ်းဆီးခံထားရသည့် သတင်းသမားများ အယောက် ၆၀ ထက်မနည်းရှိသည်ဟု သိရပါကြောင်း၊ ထိုအထဲတွင် အယောက် ၃၀ကျော်သည် ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲခံထားရသည်ဟု သိရကြောင်း၊ ယခုကဲ့သို့ ဖမ်းဆီးခြင်းသည် သတင်းရေးသား တင်ဆက်နေသည့် သတင်းထောက်များ၏ လွတ်လပ်စွာပြောဆိုခွင့်အတွက် အတားအဆီးဖြစ်မဖြစ်ကို သိလိုပါကြောင်း၊ ယခုအချိန်တွင် ၎င်းတို့ကို အမြန်ဆုံးလွတ်မြောက်စေလိုပါကြောင်း၊ မိမိမေးလိုသည်မှာ လက်ရှိတွင် သတင်းထောက် မည်မျှဖမ်းဆီးထားသည်ကို သိလိုကြောင်းနှင့် ၎င်းတို့ကို မည်သည့်ပုဒ်မများဖြင့် တရားစွဲဆိုမှုများ ပြုလုပ်ထားသည်ကို အတိအကျ ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဆန္ဒပြပွဲများကိုယ်တိုင်ဦးစီးပြီး သတင်းရယူ**

၆၆။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က အချို့နေရာများ၌ သတင်းထောက်များအနေဖြင့် ဖမ်းဆီးခဲ့ခြင်းမဟုတ်သည်ကို သိရပါကြောင်း၊ ယခု မေးခွန်းနှင့်ပတ်သက်၍ ယခင် သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ ဆန္ဒပြမှုများတွင် သတင်းရယူနေသည့် သတင်းထောက်တိုင်းကို ဖမ်းဆီးမှုမရှိပါကြောင်း ၊ မှားယွင်းဖမ်းဆီးခံခဲ့ရခြင်းများရှိကောင်းရှိလိမ့်မည်ဖြစ်သော်လည်း မှားယွင်းဖမ်းဆီးမှုဖြစ်ကြောင်းကို အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ ပြောနိုင်သဖြင့် ပြန်လည်လွှတ်ပေးခဲ့သည့် သတင်းထောက်များလည်းရှိကြောင်း၊ အချို့ သတင်းထောက်များမှာ သတင်းထောက်ဆိုသော်လည်း ဆန္ဒပြပွဲများကို ၎င်းတို့ကိုယ်တိုင် ဦးစီးဆောင်ရွက်ပြီး သတင်းရယူ ရိုက်ကူးထုတ်လွှင့်မှုများ ပြုလုပ်ခဲ့ ခြင်းကြောင့် အရေးယူခံရခြင်းဖြစ်ကြောင်း၊ ဥပဒေအရအရေးယူရာတွင် သတင်းထောက်ဖြစ်၍ အရေးယူခြင်းမဟုတ်ဘဲ ပုဒ်မ ၅၀၅ နှင့် ငြိစွန်းသည့် လုပ်ဆောင်ချက်မျိုး လုပ်ဆောင်ခဲ့သည့်အတွက် အရေးယူခြင်းဖြစ်သည်ဟု ပြောလိုပါကြောင်း၊ ဆန္ဒပြမှုများတွင် ဖမ်းဆီးခံရသည့် သတင်းထောက်အရေအတွက် စာရင်းအတိအကျ မိမိထံတွင်မရှိပါကြောင်း၊ သတင်းမီဒီယာများနှင့် ပတ်သက်၍ ပြောရလျှင် မှန်ကန်သည့်သတင်း၊ ဘက်ညီသည့်သတင်း၊ တရားမျှတသည့် သတင်းများကိုရေးသားနေသည့် သတင်းမီဒီယာများကို ကန့်သတ်တားဆီးရန်မရှိပါကြောင်း၊ သို့သော် ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်စေမည့် သတင်းများကို သွေးထိုးလှုံ့ဆော်၍ မမှန်မကန်ရေးသားနေသည့် သတင်းဌာနများကို ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**"မိမိတို့ပြောနိုင်သည်မှာ အရေးပေါ်ကာလ ကြေညာထားခြင်းသည် ၂ နှစ်အတွင်းပြီးစီးရမည်ဖြစ်ပြီး ၂ နှစ်အတွင်း ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပရမည်ဖြစ်ကြောင်း၊ ၎င်းကာလအတွင်း ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အနိုင်ရရှိသူများကို နိုင်ငံတော်တာဝန်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ အာဏာသိမ်းသည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းရမည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တာဝန်ယူထိန်းသိမ်းထားပြီး ရှေ့လုပ်ငန်းစဉ်များနှင့် မူဝါဒလမ်းစဉ်များကို အတိအလင်းပြောပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များကုန်ပြီဆိုလျှင် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ကမ္ဘာသိအာမခံပြီးဖြစ်"**

၆၇။ **VOA သတင်းဌာနမှ သတင်းထောက် ဦးဇော်ထက်**က လက်ရှိအချိန်၌ အာဏာယူထားပြီး တစ်နှစ်ကြာသည့်အခါ၌ ရွေးကောက်ပွဲလုပ်ပေးမည်ဟုဆိုသော်လည်း ၂ နှစ်ကြာနိုင်သည်ဟု ကြားသိနေရပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကိုမည်သည့်အချိန်တွင် ပြန်လည်ပြုလုပ်ပေးပြီး အနိုင်ရပါတီကို မည်သည့်ကာလတွင် အာဏာလွှဲပြောင်းပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ရွေးကောက်ပွဲမဖြစ်မနေ ကျင်းပရမည်**

၆၈။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီး၏ မေးခွန်းမှာ အဓိကအနေဖြင့် အရေးပေါ်ကာလပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ပါကြောင်း၊ ယခုလက်ရှိတွင် အရေးပေါ်ကာလအဖြစ် တစ်နှစ်ပြဋ္ဌာန်းထားကြောင်း၊ အရေးပေါ်ကာလအဖြစ် ကြေညာရာတွင် ပြဋ္ဌာန်းချက်များရှိကြောင်း၊ ယခုကြေညာထားသည့် တစ်နှစ်ဆိုသည်မှာ ပထမဦးဆုံး ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ၎င်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြောရလျှင် ကြေညာထားသည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ မပြီးစီးပါက နောက်ထပ် ၆ လတိုးပိုင်ခွင့်ရှိပြီး ထိုကာလအတွင်း လုပ်ငန်းများပြီးစီးမှုမရှိပါက နောက်ထပ် ၆ လတိုးပိုင်ခွင့်ရှိကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များထဲတွင် ပါပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များတွင် ပုဒ်မ ၄၁၀ မှစပြီး ပုဒ်မ ၄၃၂ အထိရှိကြောင်း၊ ၎င်းတို့အထဲမှ ကိုးကားရမည့် အကြောင်းအရာများသည် ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၈၊ ပုဒ်မ ၄၁၉ တို့ဖြစ်ပြီး တာဝန်ယူခြင်းနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ ပါရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်နှစ်ဆိုသည်မှာ ခြောက်လ၊ ခြောက်လ နှစ်ကြိမ်ဖြစ်ကြောင်း၊ မိမိတို့ပြောနိုင်သည်မှာ အရေးပေါ်ကာလ ကြေညာထားခြင်းသည် ၂ နှစ်အတွင်းပြီးစီးရမည်ဖြစ်ပြီး ၂ နှစ်အတွင်း ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပရမည်ဖြစ်ကြောင်း၊ ၎င်းကာလအတွင်း ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အနိုင်ရရှိသူများကို နိုင်ငံတော် တာဝန်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ အာဏာသိမ်းသည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းရမည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တာဝန်ယူထိန်းသိမ်းထားပြီး ရှေ့လုပ်ငန်းစဉ်များနှင့် မူဝါဒလမ်းစဉ်များကို အတိအလင်း ပြောပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များကုန်ပြီဆိုလျှင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကမ္ဘာသိ အာမခံပြီးဖြစ်ကြောင်း၊ ယင်းကတိအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၆၉။ **VOA သတင်းဌာနမှ သတင်းထောက် ဦးဇော်ထက်**က မိမိတို့သိထားသည်မှာ စစ်အုပ်ချုပ်ရေး ကြေညာထားသည့် မြို့နယ်များမှာ ရန်ကုန်၌ ၆ မြို့နယ်၊ မန္တလေး၌ ၆ မြို့နယ်ရှိကြောင်း၊ သို့သော် ဆန္ဒပြမှု အဓိကရုဏ်းဖြေရှင်းသည့်နေရာတွင် တွေ့ရသည်မှာ အားလုံးကို တစ်ပြေးညီတည်းပုံစံမျိုး လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ စစ်အုပ်ချုပ်ရေးကြေညာထားသည့်မြို့နယ်နှင့် စစ်အုပ်ချုပ်ရေး မကြေညာထားသည့် မြို့နယ်များကို မည်သို့ဖြေရှင်းမည်ကို သိလိုကြောင်းမေးမြန်းသည်။

၇၀။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က စစ်အုပ်ချုပ်ရေးသည် ရန်ကုန်၌သာရှိကြောင်း၊ စစ်အုပ်ချုပ်ရေး ကြေညာထားသည့်မြို့နယ်နှင့် စစ်အုပ်ချုပ်ရေး မကြေညာထားသည့် မြို့နယ်ကွာခြားမှုကို ပြောရလျှင် စစ်အုပ်ချုပ်ရေးမကြေညာမီ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားတာရှိကြောင်း၊ ၎င်းပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့်မြို့များမှာ တစ်နိုင်ငံလုံးတွင် များပြားသည့်အတွက် စစ်အုပ်ချုပ်ရေးနှင့် ပုဒ်မ ၁၄၄ လွဲနေသည်ဟု ထင်ကြောင်း၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့်မြို့နယ်များတွင် ညမထွက်ရ အမိန့်ရှိပြီးဖြစ်ကြောင်း၊ လူ ၅ ဦးအထက် ပိုမစုရဆိုသည်မှာလည်း ပုဒ်မ ၁၄၄ တွင် ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် တူညီသည်ဟု ထင်နိုင်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ရန်ကုန်၌ စစ်အုပ်ချုပ်ရေး ထုတ်ပြန်ထားသည့် ၆ မြို့နယ်ကို မိမိတို့အနေဖြင့် အုပ်ချုပ်နေမှုသည် စစ်အုပ်ချုပ်ရေးဆိုသည့် အသွင်သဏ္ဌာန်ထက် များစွာလျော့နည်းအုပ်ချုပ်နေသောကြောင့် တူညီနေသည်ဟု ထင်နေသည်ဖြစ်နိုင်ကြောင်း၊ အမှန်တကယ် စစ်အုပ်ချုပ်ရေးအရ အုပ်ချုပ်မည်ဆိုလျှင် ယခုလိုပုံမျိုးမဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အရေးယူသည့်အပိုင်းတွင် ကွာခြားချက်များရှိ**

၇၁။ **အဆိုပါမေးမြန်းချက်နှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ဖြည့်စွက်ပြောကြားရာတွင် စစ်အုပ်ချုပ်ရေးထုတ်ပြန်သည်ဆိုသည်မှာ သက်ဆိုင်ရာတပ်မှူးကို အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ အစရှိသည်တို့ကို ကျင့်သုံးရန် အပ်နှင်းလိုက်ခြင်းဖြစ်ကြောင်း၊ ထိုသို့အပ်နှင်းရာတွင် စစ်အုပ်ချုပ်ရေးနယ်မြေ၌ ကျူးလွန်သည့်ပြစ်မှုများကို အရေးယူမှုနှင့် အခြားစစ်အုပ်ချုပ်ရေး မကြေညာထားသော နယ်မြေများတွင် ကျူးလွန်သည့်ပြစ်မှုများကို အရေးယူသည့်အပိုင်းတွင် ကွာခြားချက်များရှိကြောင်း၊ စစ်အုပ်ချုပ်ရေးနယ်မြေတွင် ပြစ်မှုများကို စစ်ခုံရုံးနှင့် စစ်ဆေးရန်အတွက် အခွင့်အာဏာ အပ်နှင်းထားပြီးဖြစ်ကြောင်း၊ ၎င်းကို တရားစီရင်ရမည့်အချိန်တွင် နယ်ဘက်တရားရုံးများနှင့် လုပ်ထုံးလုပ်နည်း ကွာခြားသွားမည်ဖြစ်ကြောင်း၊ အခြားစစ်အုပ်ချုပ်ရေး မကြေညာထားသည့်နယ်မြေများ၌ တရားစီရင်ရေးကဏ္ဍများတွင်လည်း သက်ဆိုင်ရာ တရားရုံးများက စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယင်းကွာခြားမှုများရှိကြောင်း၊ စစ်အုပ်ချုပ်ရေး ကြေညာထားသည့်နယ်မြေများတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အခွင့်အာဏာ အပ်နှင်းခြင်းခံရသည့် တပ်မှူးမှ လိုအပ်သလို အမိန့်ထုတ်ပြန်ပြီး ဆောင်ရွက်၍ ရကြောင်း စသည့် ကွာခြားချက်များရှိကြောင်း၊ ပုဒ်မ ၁၄၄ ထုတ်ပြန် ထားသည်နှင့် မတူညီကြောင်း၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည်ဆိုသည်မှာ ရာဇဝတ်ကျင့်ထုံးအရ တစ်စုံတစ်ခုမလုပ်ရ၊ ညမထွက်ရ၊ လူငါးယောက်ပိုမစုရဟူ၍ ကန့်သတ်ထားခြင်းဖြစ်ပြီး စစ်အုပ်ချုပ်ရေးနှင့် မတူပါကြောင်း၊ စစ်အုပ်ချုပ်ရေးသည် သက်ဆိုင်ရာတပ်မှူးကို အလုံးစုံ အခွင့်အာဏာလွှဲအပ်လိုက်သည့်သဘောဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံ့ဝန်ထမ်းတို့၏ ဂုဏ်သိက္ခာ

## တက္ကသိုလ်ပွင့်သူအောင်

**နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများသည် မိမိတို့ကျရာတာဝန်များကို ထမ်းဆောင်ရင်း ပြည်သူတို့၏ အကျိုးစီးပွားအတွက် လုပ်ကိုင်ဖော်ဆောင်နေကြရသူများ ဖြစ်ကြသည်။ ထိုကဲ့သို့ဆောင်ရွက်ကြရာတွင် နိုင်ငံ့ဝန်ထမ်းသည် ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်စသည်များတွင် အသေးစိတ်ပြဋ္ဌာန်းဖော်ပြထားသော ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်းများကို ကျင့်ထုံးကြရမည် ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် မိမိတို့ကိုယ်တိုင်ရွေးချယ်ခဲ့ပြီးနောက် ဝန်ထမ်းဘဝရောက်ရှိခဲ့ပြီဆိုလျှင် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရသည်။**

**"ဝန်ထမ်းတစ်ဦးချင်းစီတို့သည် ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် ကိုယ်စီကိုယ်င အတတ်ပညာ ကိုယ်စီရှိကြရသည်။ ထိုအတတ်ပညာ၊ အသိပညာ ကျွမ်းကျင်မှုတို့ဖြင့် အကောင်းဆုံး စွမ်းဆောင်ကြရသည်။ ဤသည်မှာ ဝန်ထမ်းတို့၏ စွမ်းရည်ပင်ဖြစ်သည်"**

ဝန်ထမ်းကျင့်ဝတ်စာစောင်၌ ဖော်ပြထားသော ဝန်ထမ်းထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်အချက်ပေါင်း(က)မှ (ဏ)အထိ (၁၅) ချက်အနက်၊

"(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိ ရိုသေရမည်။

( ဠ ) ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဎ) နိုင်ငံတော်ကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်းမပြုလုပ်ရ။

(ဏ) နိုင်ငံတော်၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းသို့မဟုတ်အားပေးကူညီခြင်းမှ ရှောင်ကြဉ်ရမည်။ "

ဟူသောအချက်များကိုလည်းကောင်း။

၂၀၁၃ ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၀ တွင် ဖော်ပြထားသော အချက်ပေါင်း(က) မှ (ဠ)အထိ (၁၂) ချက်အနက်၊

"( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊

( င ) မိမိအားပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊

( ဠ ) ပြည်သူကိုရိုသေလေးစားခြင်း၊"

ဟူသော အချက်များကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကျင့်သုံးလိုက်နာဆောင်ရွက်ပါမှ နိုင်ငံနှင့် လူမျိုးသိက္ခာကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

### ပြည်သူချစ်သောဝန်ထမ်းများအဖြစ် ရပ်တည်နိုင်ရေး

အထူးသဖြင့် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းရွက်ရင်းပြည်သူများနှင့် ဆက်စပ်ပတ်သက်နေသော လုပ်ငန်းများကို ဝန်ထမ်းထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့်အညီ အကောင်းဆုံး အမြန်ဆုံးဖြစ်အောင် စိတ်ရင်းစေတနာ ရှေ့ထားပြီး ကူညီဆောင်ရွက်ပေးသင့်သည်။ သို့မှသာ ဝန်ထမ်းကို အပြန်အလှန် လေးစားသော စိတ်ဓာတ်များ ပေါက်ဖွား ရှင်သန်လာမည်ဖြစ်သည်။ တစ်နည်းဆိုရသော် ပြည်သူချစ်သော ဝန်ထမ်းများအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် ချက်ချင်းလက်ငင်း အကောင်အထည်ဖော်နိုင်သော ကိစ္စရပ်များ၊ ရေတိုလုပ်ဆောင်ရမည့်ကိစ္စရပ်များ၊ ရေရှည်တည်ဆောက်ရမည့် လိုအပ်ချက်များကို ရည်မှန်းချက်အဖြစ်ထားပြီး ပြည်သူတို့နှင့် သက်ဆိုင်သော လက်တွေ့လုပ်နိုင်မည့် ကိစ္စများကို ဦးစားပေးကြိုးစားဆောင်ရွက်ခြင်း ဖြင့် ပြည်သူချစ်သော ဝန်ထမ်း၏ ဂုဏ်သိက္ခာသည်လည်း မြင့်သည်ထက် မြင့်လာမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရကို တာဝန်ခံကာ ပြည်သူကို ဗဟိုပြုလျက် ပြည်သူ့အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ကြရမည့်သူများပင်ဖြစ်သည်။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများတွင် အကျုံးဝင်သူများဖြစ်သည့် အားလျော်စွာ ပြစ်မှုဆိုင်ရာ ဥပဒေများ၊ တရားမတရားဥပဒေများ၊ အထူးဥပဒေစသည်များကိုလည်း လိုက်နာရမည်ဖြစ်သည်။ ထို့မျှမက ၂၀၁၃ ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၁၀) ပုဒ်မ – ၃၈ တွင် ဖော်ပြထားသော "ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့် ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန်ဆောင်ရွက်ရမည်"ဟူသော အချက်ကိုလည်း သတိပြုနေရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံ့ဝန်ထမ်း၏ ဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ ခေတ်အဆက်ဆက် နိုင်ငံ့ဝန်ထမ်းကောင်းများစွာ ရှိခဲ့ရာ သာဓကတစ်ခုအဖြစ် မြန်မာဘုရင်များ လက်ထက်က ဝန်ထမ်းကောင်းတစ်ဦးအကြောင်း ဖော်ပြလိုသည်။

### မြန်မာ့သမိုင်းထဲက ဝန်ထမ်းကောင်းတစ်ဦး

မြန်မာသက္ကရာဇ် ၉၉၀ မှ ၁၀၀၀ ပြည့်နှစ်အထိ ထီးနန်းစိုးစံခဲ့သည့် သာလွန်မင်းတရားကြီး လက်ထက်၌ ဝန်ကြီးဗညားကျန်းတောသည် တစ်နေ့သောအခါတွင် စစ်ကိုင်းမြို့၌ ညဉ့်နက်အောင်နေပြီးမှ အင်းဝနေပြည်တော်သို့ ပြန်လာခဲ့သည်။ နန်းတော်ရှေ့ရှိ မာန်အောင်တံခါးဝဆီသို့ ရောက်လာသည့်အခါ "ဝန်ကြီး စစ်ကိုင်းက ပြန်ရောက်လာသည် တံခါးဖွင့်ပေးပါ" ဟု မင်းမှုထမ်းတစ်ယောက်ခေါ်၍ တံခါးမှူးထံစေလွှတ်ပြောခိုင်းခဲ့သည်။ ထိုအခါ မာန်အောင်တံခါးမှူးက "သန်းခေါင် ဝန်ကြီးကို ငါမတွေ့ဖူးပါ။ အချိန်မဲ့ဝင်လိုလျှင် မြို့ဝန်ထံစာခံ၍ ပြလှည့်ပါ" ဟု ပြောဆိုလိုက်သောအခါ ဝန်ကြီးဗညားကျန်းတောက "ငါ... ဝန်ကြီးရောက်လာသည်ကို နင်အဘယ်ကြောင့် တံခါးဖွင့်မပေးသနည်း"ဟု ပြန်မေးလိုက်သည်။ ထို့ကြောင့် မာန်အောင်တံခါးမှူးက "ဝန်ကြီး စစ်ကိုင်းသွားခဲ့စဉ်က ငါဘယ်အချိန်ပြန်ရောက်မည်ဟု ကြိုတင်၍မိန့်မှာထားခြင်းလည်းအလျဉ်းမရှိပါ။ သို့မဟုတ် စောစောက ကြိုတင်ပြီး လူလွှတ်၍ ပြောဆိုခဲ့ခြင်းလည်း လုံးဝမရှိပါ။ သို့အတွက် ဝန်ကြီးအင်္ဂါနှင့် မညီညွတ်၍ ဝန်ကြီးလည်းဟုတ်မည်မထင်။ ဤကဲ့သို့ အရေးကြီးလွန်းလှသောဝင်ပေါက်တံခါးမကြီးကို အကြောင်းပြချက် မခိုင်လုံဘဲ စည်းကမ်းမဲ့ဖွင့်ပေးပါက သူပုန်သူကန်၊ အဖျက်သမား၊ သစ္စာဖောက်ရန်သူတို့က ဝန်ကြီးယောင်ဆောင်၍ လာခဲ့သော် အကျိုးမယုတ်ပါလော...၊ ကျွန်ုပ်တံခါးကို လုံးဝဖွင့်မပေးနိုင်"ဟူ၍ ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား ပြောဆိုလိုက်သည်။

ဝန်ကြီးဗညားကျန်းတောသည် မာန်အောင်တံခါးမှ ဝင်ခွင့်မရသောကြောင့် အောင်ထွန်းတံခါးသို့ လှည့်၍ သွားခဲ့ရသည်။ ထို့နောက် ဝန်ကြီးဗညားကျန်းတောသည် အောင်ထွန်းတံခါးမှူးအား မိမိသည် ဝန်ကြီးဖြစ်ကြောင်း၊ စစ်ကိုင်းမှပြန်လာခဲ့ခြင်းဖြစ်ကြောင်း ဝင်ခွင့်ပေးရန်ပြောဆိုခဲ့သည်။ ထိုအခါ အောင်ထွန်းတံခါးမှူးက အစစ်အဆေးအမေးအမြန်းမပြုတော့ဘဲ တံခါးဖွင့်ပေးလိုက်သည်။

နောက်တစ်နေ့နံနက်ခင်းအချိန် ရောက်သောအခါ ဝန်ကြီးဗညားကျန်းတောသည် မာန်အောင်တံခါးမှူးနှင့် အောင်ထွန်းတံခါးမှူးနှစ်ဦးကို ရှေ့တော်သို့ခေါ်ယူလိုက်သည်။ ထို့နောက် အထက်အကြီးအကဲတို့က ပေးအပ်ထားသောတာဝန်ကို တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့သော မာန်အောင်တံခါးမှူးကို ချီးမွမ်းဂုဏ်ပြုစကားပြောဆိုပြီး တာဝန်ကို ပေါ့ပေါ့ဆဆထမ်းဆောင်ခဲ့သည့် အောင်ထွန်းတံခါးမှူးကို ပြစ်တင်ရှုတ်ချ၍ ပြင်းထန်စွာ ပြစ်တင်စကား ပြောဆိုခဲ့သည်။ သစ္စာရှိရှိ တာဝန်သိသိ ပြတ်ပြတ်သားသား တာဝန်ထမ်းဆောင်ခဲ့သော မာန်အောင်တံခါးမှူးကို ဆုလာဘ်များစွာ ဂုဏ်ပြုချီးမြှင့်ပေးအပ်လိုက်သည်။ ထိုဖြစ်စဉ်ကိုကြည့်ပါက မာန်အောင်တံခါးမှူးသည် ဝန်ထမ်းတစ်ဦးအနေဖြင့် လိုက်နာကျင့်သုံးရမည့် တာဝန်နှင့်ဝတ္တရားများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခဲ့ပြီး အောင်ထွန်းတံခါးမှူးသည် တာဝန်နှင့်ဝတ္တရားများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များကို စောင့်ထိန်းလိုက်နာကျင့်သုံးမှုမရှိခဲ့ကြောင်း၊ ပေါ့ပေါ့ဆဆတာဝန်ကို ထမ်းဆောင်ခဲ့ကြောင်းကို တွေ့ရမည်ဖြစ်သည်။ မာန်အောင်တံခါးမှူးသည် အထက်အကြီးအကဲများ၏ ညွှန်ကြားချက်ကို တိတိကျကျလိုက်နာ၍ တာဝန်သိ ဝန်ထမ်းကောင်းတစ်ဦးဖြစ်ပြီး အောင်ထွန်းတံခါးမှူးသည် တာဝန်ကို ပေါ့ပေါ့ဆဆ ဆောင်ရွက်သော ဝန်ထမ်းဖြစ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

### ကိုယ်ကျင့်ကောင်းမွန်ရေးနှင့်စွမ်းရည်

မည်သည့်လုပ်ငန်းဌာနမဆို အုပ်ချုပ်သူအရာရှိ၊ အတတ်ပညာရှင်နှင့် အခြေခံကျွမ်းကျင်ဝန်ထမ်း(ဝါ) လုပ်သားဟူ၍ ရှိကြသည်။ ယင်းတို့အားလုံးသည် သူ့ဆိုင်ရာဆိုင်ရာ အလုပ်တို့အပေါ် ကျွမ်းကျင်အတတ်တို့ဖြင့် လုပ်ငန်းတစ်ခုအောင်မြင်စွာ ပြီးစီးရေး အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ ထိုကဲ့သို့ ဖော်ဆောင်လုပ်ကိုင်ရာ၌ ဝန်ထမ်းတစ်ဦးချင်းစီတို့သည် ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် ကိုယ်စီကိုယ်င အတတ်ပညာကိုယ်စီ ရှိကြရသည်။ ထိုအတတ်ပညာ၊ အသိပညာ ကျွမ်းကျင်မှုတို့ဖြင့် အကောင်းဆုံး စွမ်းဆောင်ကြရသည်။ ဤသည်မှာ ဝန်ထမ်းတို့၏ စွမ်းရည်ပင်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ ပြည်သူတို့၏ အသံနားထောင်ကြည့်လျှင် ကိုယ်ကျင့်ကောင်းမွန်ရေးကို ပျက်စီးစေသော "လာဘ်ပေးလာဘ်ယူမှု"၊ "အကျင့်ပျက်ခြစားမှု"၊ "အဂတိလိုက်စားမှု" ဟူသည့် ကျယ်လောင်သောအသံများ ထွက်ပေါ်လျက်ရှိရာ ဝန်ထမ်း၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပျက်ပြားနေမှုကို ထောက်ပြနေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် လုပ်ငန်းတစ်ခုဖော်ဆောင် လုပ်ကိုင်ရာတွင် အရေးပါသော အုပ်ချုပ်သူအရာရှိသည် လုပ်ငန်းတစ်ခုကို မှန်ကန်စွာ ဦးစီးဦးဆောင်ပြုနိုင်ရန် မိမိကိုယ်တိုင် ရိုးသားဖြောင့်မတ်တည်ကြည်သူ ဖြစ်ရပါမည်။ ရိုးသားဖြောင့်မတ်ခြင်း ရှိမှသာလျှင် လုပ်ငန်းတစ်ခုကို တည့်မတ်မှန်ကန်စွာ ဆုံးဖြတ်ချက်ချပေးနိုင်၏။ ထိုမှန်ကန်သော ဆုံးဖြတ်ချက်သည်ပင်လျှင် လုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည်။ အရာရှိဟူသည်မှာ အရာရာကို သိမြင်နှံ့စပ်သူဖြစ်သည့်အလျောက် မိမိလက်အောက်ရှိ ဝန်ထမ်းတိုင်း ကိုယ်ကျင့်ကောင်းမွန်ရေးနှင့် စွမ်းရည်ရှိစေရန် အခြေခံအကျဆုံးဖြစ်သော ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်စသည်များတွင်အသေးစိတ်ပြဋ္ဌာန်းဖော်ပြထားသည့် ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်းများ ကျင့်သုံးဆောင်ရွက်နိုင်ရန် လစဉ်ပြုလုပ်သော ဌာနတွင်းပုံမှန်အစည်းအဝေးများ၌ ဆွေးနွေးရမည် ဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ အခန်း(၁၅)၊ နည်းဥပဒေ ၁၆၁ တွင် ဖော်ပြထားသည့် အလုပ်ချိန်နှင့် သက်ဆိုင်သော ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများကိုပါ ဝန်ထမ်းတိုင်းသိရှိစေရန် ထည့်သွင်းဆွေးနွေးရမည်ဖြစ်သည်။ ဌာနအတွင်း အစည်းအဝေးနှင့်အတူ ဆန္ဒထုတ်ဖော်မှု(ဒါဘာ) အစည်းအဝေးကို ပြုလုပ်၍ ဝန်ထမ်းအချင်းချင်း၊ ဝန်ထမ်းနှင့် အုပ်ချုပ်သူအရာရှိတို့ မကျေနပ်ချက်များ ထုတ်ဖော်ပြောဆိုစေပြီး ကျေနပ်သည်အထိ ရှင်းလင်းဆောင်ရွက်ကာ ယင်းဆွေးနွေးချက်၊ ရှင်းလင်းချက်များကို အစည်းအဝေးမှတ်တမ်းပြုလုပ်ရန်လည်း လိုအပ်မည်ဖြစ်သည်။

ထိုကဲ့သို့ လစဉ်ဆောင်ရွက်သွားခြင်းဖြင့် ဝန်ထမ်းအားလုံးတို့သည် ကိုယ်ကျင့်ကောင်းမွန်ပြီး စွမ်းရည်ထက်မြက်ကာ ဟန်ချက်ညီညီဖော်ဆောင်လုပ်ကိုင်နိုင်၍ လုပ်ငန်းများအောင်မြင် ပြီးမြောက်စေနိုင်မည်ဖြစ်သည်။ ထိုအခါ မိမိတို့၏ တာဝန်အသီးသီးကို ထမ်းဆောင်ရာတွင် အားနည်းချက်၊ လိုအပ်ချက်၊ ဟာကွက်၊ ပျော့ကွက်များဖြည့်ဆည်းပြုပြင်နိုင်ပြီး နိုင်ငံ့ဝန်ထမ်းတို့၏ ဂုဏ်သိက္ခာသည် တိုးလာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## အသိပေး ကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ် စာစောင်စာရင်းတွင် မိုလိုတော့ဗ် စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစီးပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တစ်လကြာရင် ပြန်လာမတဲ့လား မစာဥရယ်

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၄)

ဒေါင်

“မိုး…ရွာမယ်ဆိုရင်လေ သည်းလိုက်စမ်းပါ့ကွယ်… ခြိမ်းပြီးတော့မှ မရွာရင်… ပျိုး… ပင်ပျိုငယ်တွေကို ပျိုးတဲ့ရာသီမို့…”

သကြ်ၤန်မိုးနှင့်အတူ ဘေးအိမ်က အပျိုကြီး မစာဥ၏ ဆွေးဆွေးမြည့်မြည့် သီဆိုလိုက်သည့် သီချင်းသံကိုခံစားရင်း လူပျိုကြီးကိုသံချောင်း မနေနိုင် မထိုင်နိုင်ဖြစ်လာ၏။ သူကား မစာဥနှင့် စကားလက်ဆုံမကျရသည်မှာ အခါတွင်းတစ်လျှောက်ပင် မဟုတ်ပါလား။ သို့နှင့် ဘေးအိမ်သို့ ကူးသွားရင်း…

“သီချင်းသံလေးနဲ့ သကြ်ၤန်မိုးနဲ့ကတော့ လိုက်ဖက်ပါပေ့ မစာဥရယ်။ မစာဥဆိုတဲ့ အတိုင်းပဲဗျ။ မိုးဟာ ခြိမ်းတိုင်းမရွာဘူး မဟုတ်လား။ အားရပါးရ ရွာစေချင်တာ”

“တော်ပါရှင့် ကျွန်မက သီချင်းသာ ဆိုနေတာ အတွေးကတော့ တစ်မျှင်မှ မပြတ်ဘူး။ တွေးမိတိုင်းလည်း နိုင်ငံ့အရေးပဲ ဖြစ်ဖြစ်နေတာ၊ ရှင့်ကိုတောင် မေးဦးမလို့။ ရက်ကနေ လနဲ့ချီလာပြီ။ ဆန္ဒလည်း ထွက်မပြနိုင်တော့ဘူး။ သံပုံးလည်း မတီးနိုင်တော့ဘူး။ တော်လှန်ရေးသီချင်းတွေကလည်း ဆိုရတာ ရိုးလာပြီရှင့်။ လူငယ်တွေကတော့ ပြောက်ကျားနည်းနဲ့ တော်လှန်ကြမှာဆိုပဲ။ ဒါပေမယ့် သိပ်လည်း စုစည်းမရ ဖြစ်နေကြတယ်ရှင့်။ အပြစ်တင်သူတွေ၊ အုပ်စုကွဲသူတွေ ဖြစ်လာပြီရှင့်…။ ရှင်ကောဘယ်လိုထင်လဲ”

“မစာဥရယ်…ကျွန်တော်က နိုင်ငံရေးသုတေသီမှမဟုတ်တာ…ဘယ်လိုတော့အတပ်ပြောနိုင်ပါ့မလဲဗျ…။ ကျွန်တော်တို့က ပြည်သူတွေလေ။ အစိုးရက ဘာတွေလုပ်နေတယ်ဆိုတာကို လေ့လာရမယ်၊ တစ်ဖက်မှာလည်း ဆန့်ကျင်သူတွေက ဘယ်လိုလူတွေ၊ သူတို့လားရာလမ်းကြောင်းက ဘာလဲဆိုတာကိုလည်း မျက်ခြည်ပြတ်လို့ ဘယ်ရမလဲဗျာ။ အမှန်နဲ့ အမှား ဆုံးဖြတ်ရွေးချယ် ကြရတာကတော့ ကျွန်တော်တို့ ပြည်သူတွေပဲ မဟုတ်လားဗျာ။ အဲဒီတော့ သတင်းအစစ်အမှန်တွေ၊ သူတို့တွေရဲ့ လားရာကို သေသေချာချာကြည့်ရင်း အဖြူအမည်း သဲကွဲရတာပေ့ါဗျာ”

“ဟုတ်ကဲ့ရှင့်။ ဆက်ပါဦး”

“နိုင်ငံရေးလေ့လာသူတစ်ဦး ပြောထားတာ ရှိတယ်ဗျ။ ဒီတော်လှန်ရေးက ဒီမိုကရေစီ မဟုတ်ဘူးတဲ့။ အရှေ့နဲ့အနောက် နိုင်ငံရေးစနစ် အားပြိုင်မှုနဲ့ လစ်ဘရာကိုလိုနီဆိုပြီး ပြောထားတယ်ဗျ။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ ဆိုတာတွေက ဟန်ပြပဲတဲ့ဗျ။ အဓိက လားရာက တိုင်းပြည်ကို တောင်နဲ့မြောက် နှစ်ခြမ်းခွဲပစ်ကြဖို့ ကြံစည်နေတာတဲ့ဗျ။ ဒါကြောင့် ခင်ဗျားကြားမိတယ်မဟုတ်လား ဖက်ဒရယ်အာမီ၊ ဖက်ဒရယ်အာမီဆိုပြီး တွင်တွင်ပြောကြတယ်ဗျာ။ တရားမဝင်ဖွဲ့ထားတဲ့ လေလှိုင်းထဲက သူပုန်အဖွဲ့မှာ တိုင်းရင်းသားတွေကို ဝန်ကြီးနေရာတွေ အများကြီး ပေးထားတယ်။ အမှန်က တိုင်းရင်းသားတွေ ပါဝင်လာအောင် မျှားတဲ့သဘောပေ့ါ မစာဥရယ်။ ဒါမှဆီးရီးယားလိုပဲ မြန်မာပြည်ကြီးက ချုံးချုံးကျအောင် ကြံလို့ရမှာပေ့ါ။ လူထုကိုမြှောက်ပေးပြီး ပြည်တွင်းစစ်တို့၊ ပြောက်ကျားစစ်တို့ ဖြစ်စေချင်ကြတာလေ”

“ဖက်ဒရယ်အာမီဆိုတာ သိပ်ကိုကောင်းတဲ့ အာမီမဟုတ်လား ကိုသံချောင်းရဲ့။ ကချင်ရော၊ ချင်းရော၊ ကရင်ရော၊ ကယားရော၊ ရှမ်းရော၊ ရခိုင်ရော တိုင်းရင်းသားပေါင်းစုံ ပါမှာလေ။ ဒါမှသာ ကျွန်မတို့ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်မှာ မဟုတ်ဘူးလား။ အားလုံးစုပြီး တော်လှန်ကြရင် တစ်လမခံပါဘူးရှင့်။ ဒါကိုအင်တာနက်မှာ သေသေချာချာ ကျွန်မ ဖတ်ကြည့်ပြီးပါပြီ”

“မစာဥကလည်း နီးမလိုနဲ့ ဝေးပြန်ပြီဗျာ။ … အဲဒါပြောတာပေ့ါ။ စာဖတ်ပါဆိုရင် အဆိပ်အတောက် စာပေတွေချည်း ဖတ်တာကိုးဗျ။ တရားလေးဘာလေးထိုင်ပြီး အမှန်ကို အမှန်အတိုင်း မြင်တတ်အောင် ခင်ဗျားကြိုးစားဖို့လိုနေပြီ၊ ဒီလိုဗျ..”

> **“စစ်စွမ်းရည်အရ သက်တမ်း ၇၆ နှစ် ရှိပြီဖြစ်တဲ့ မြန်မာ့တပ်မတော်ကြီးနဲ့ ခင်ဗျားပြောနေတဲ့ ဖက်ဒရယ်အာမီကြီး ဘယ်သူက အင်အားတောင့်တင်းမလဲဗျ။။ တကယ်တမ်း နင်လား ငါလား တိုက်ကြကြေးဆိုရင် ဘယ်သူက နိုင်မယ်ထင်သလဲ။ ကျွန်တော်ကတော့ တပ်မတော်ကပဲ နိုင်မယ်လို့ ကျိန်းသေပြောရဲတယ်ဗျာ။ ကျွန်တော်တင်မဟုတ်ဘူး။ နိုင်ငံရေး၊ ပထဝီသဘောတရား၊ ပကတိအခြေအနေ အားလုံးကို သဘောပေါက်တဲ့သူတိုင်း အဲဒါကို သိကြတယ်ဗျာ။ ဒါတင်မကသေးဘူး၊ အခုဆိုရင် ချင်းပြည်နယ်ဘက်မှာ မင်းမဲ့စရိုက်ပုံစံနဲ့ ပုန်ကန်ထကြွနေတယ်ဗျာ။ လူထုကို မြှောက်ပေးတာပေ့ါ မစာဥရယ်။ ရခိုင်၊ ချင်း၊ ရှမ်းစတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ဖက်ဒရယ်အာမီဆိုပြီး စည်းရုံးနေတာပေ့ါ။ ရည်ရွယ်ချက်က မူဆလင်ပြည်နယ်ခွဲထွက်မယ်၊ တစ်ဖက်မှာလည်း အရှေ့မြောက်ခြမ်းခွဲထွက်မယ်၊ မြန်မာပြည်အရှေ့ခြမ်းကလည်း ခွဲထွက်မယ်။ အဲဒီလိုဖြစ်အောင် လုပ်နေတယ်လို့ လေ့လာသူတွေက သုံးသပ်ပြတယ်ဗျ”**

“ဟုတ်ကဲ့ပါရှင့်။ ကျွန်မတရားလည်း ထိုင်ကြည့်ပါ့မယ်၊ ရှင်ပြောချင်တာလေးတော့ ဆက်ပါဦးရှင့်၊ ဆက်ငြင်းရ ခုန်ရအောင်လို့”

“စစ်စွမ်းရည်အရ သက်တမ်း ၇၆ နှစ် ရှိပြီဖြစ်တဲ့ မြန်မာ့တပ်မတော်ကြီးနဲ့ ခင်ဗျားပြောနေတဲ့ ဖက်ဒရယ်အာမီကြီးဘယ်သူက အင်အားတောင့်တင်းမလဲဗျ။ တကယ်တမ်း နင်လား ငါလား တိုက်ကြကြေးဆိုရင် ဘယ်သူက နိုင်မယ်ထင်သလဲ။ ကျွန်တော်ကတော့ တပ်မတော်ကပဲ နိုင်မယ်လို့ ကျိန်းသေပြောရဲတယ်ဗျာ။ ကျွန်တော်တင်မဟုတ်ဘူး။ နိုင်ငံရေး၊ ပထဝီသဘောတရား၊ ပကတိအခြေအနေအားလုံးကို သဘောပေါက်တဲ့သူတိုင်း အဲဒါကို သိကြတယ်ဗျာ။ ဒါတင်မကသေးဘူး၊ အခုဆိုရင် ချင်းပြည်နယ်ဘက်မှာ မင်းမဲ့စရိုက်ပုံစံနဲ့ ပုန်ကန်ထကြွနေတယ်ဗျာ။ လူထုကို မြှောက်ပေးတာပေ့ါ မစာဥရယ်။ ရခိုင်၊ ချင်း၊ ရှမ်းစတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို ဖက်ဒရယ်အာမီဆိုပြီး စည်းရုံးနေတာပေ့ါ။ ရည်ရွယ်ချက်က မူဆလင်ပြည်နယ်ခွဲထွက်မယ်၊ တစ်ဖက်မှာလည်း အရှေ့မြောက်ခြမ်းခွဲထွက်မယ်၊ မြန်မာပြည်အရှေ့ခြမ်းကလည်း ခွဲထွက်မယ်။ အဲဒီလို ဖြစ်အောင် လုပ်နေတယ်လို့ လေ့လာသူတွေက သုံးသပ်ပြတယ်ဗျ”

“အဲဒါကရော ဖြစ်နိုင်လို့လားရှင်”

“ဒါပေ့ါမစာဥရယ်။ ခင်ဗျားပြောသလို အခုပဲ ဖက်ဒရယ်အာမီတပ်ကြီးက ဝင်လာတော့မလိုလို ပြောနေကြသူတွေက အမှန်အတိုင်း မမြင်နိုင်တဲ့ အတွက် ပြောတယ်လို့ပဲ ကျွန်တော်ကတော့ ထင်တယ်။ ဥပမာတစ်ခုပြောမယ်ဗျာ။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြောနေတဲ့ ရည်မှန်းချက်ထဲက အရေးကြီးဆုံးတစ်ခုဟာ အချိန်ကာလ ပြည့်မြောက်တဲ့အခါ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပပေးမယ်ဆိုတာ ပါဝင်တယ်လေ။ ဆယ်စုနှစ်များစွာ စစ်တိုက်လာခဲ့ရတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအတွက် အချိန်ကာလတစ်ခု ပေးပြီး စောင့်ကြည့်ဖို့ ပိုပြီးအားသန်ကြမှာပေ့ါ မစာဥရယ်။ မတရားမှုတွေဖြစ်လာလို့ တရားမျှတအောင် လုပ်ပေးနေပါတယ်ဆိုတာကို ဂရုမစိုက်ဘဲ အတင်းကာရော ပူးပေါင်းမယ်ဆိုတဲ့ လေလှိုင်းထဲက တရားမဝင် တိုင်းပြည်သစ္စာဖောက်တဲ့သူတွေရဲ့ ပြောစကားကို တိုင်းရင်းသားတွေက အပြည့်အဝ လက်ခံကြမယ်လို့ ကျွန်တော်တော့ မထင်ဘူးဗျ။ ဘယ်သူမှ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ နစ်မွန်းခံပြီး အတင်းကာရော မတိုက်ပါဘူး။ ဒါကြောင့် နောက်ကွယ်က မြှောက်ပေးတိုင်း ဖြစ်နိုင်မလား၊ မဖြစ်လာနိုင်မလားဆိုတာကို မစာဥပဲ စဉ်းစားကြည့်ပေ့ါဗျာ။ ကျွန်တော်ကတော့ ဖက်ဒရယ်အာမီလည်း မမျှော်လင့်ဘူး၊ ပြီးခဲ့တဲ့ လတုန်းက UN တပ်တွေဆိုပြီး မျှော်တုန်းကလည်း မပါဘူး။ တိုင်းပြည်အေးချမ်းတည်ငြိမ်ဖို့ပဲ မျှော်လင့်တယ်ဗျာ”

“ကျွန်မမိတ်ဆွေ တော်လှန်ရေးသမားကြီး တစ်ယောက်ကတော့ တစ်လနေရင် ပြန်လာမယ် ပြောတယ်။ လက်ရှိမှာတော့ ရှောင်နေရတယ်ရှင့်။ သူက သတင်းစာထဲမှာလည်း အရေးယူဖို့ ကြေညာထားတာ ခံနေရတော့ ပုန်းနေရှာတယ် ထင်ပါရဲ့။ သူပြောတာတော့ သူတို့က တစ်လအတွင်း ပြန်လာမှာတဲ့။ သူတို့တွေက ပြောက်ကျားနည်းနဲ့တော်လှန်နေတာတဲ့”

“ တစ်လကြာရင်ပြန်လာမတဲ့လား မစာဥရယ်။ ခင်ဗျား မိတ်ဆွေကြီးကို မေးကြည့်လိုက်ပါဦး ဘယ်လိုပြန်လာမှာလဲဆိုတာကို။ ပြန်လာခဲ့ပေ့ါဗျာ။ ပြီးရင် တိုင်းပြည်နဲ့ လူမျိုးကို အဆိပ်သင့်အောင်၊ ဘေးဖြစ်အောင် လုပ်ခဲ့တဲ့ လုပ်ရပ်ရှိရင် ပြန်ပြီး အပြစ်ကျေတဲ့အထိ ပေးဆပ်ပေးပါလို့။ အခုဆိုရင် ကိုဗစ်ကြောင့် အလုပ်အကိုင်တွေ ပြိုလဲကြရတယ်။ လူတွေရဲ့ စားဝတ်နေရေးတွေ ခက်ခဲကြရတယ်။ ကျွန်တော်တို့ တိုင်းပြည်တင်တော့ မကဘူးပေ့ါဗျာ။ တစ်ကမ္ဘာလုံးဖြစ်ကြရတာ။ ဒါကို ပြန်လည် ကုစားကြရမယ့်အချိန် တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုး အတွက်ဆိုပြီး ဆရာဝန်က ဆေးမကုပေးတာ၊ ဆရာက စာမသင်တာ၊ လုပ်သားတွေက အလုပ် မဆင်းတာမျိုးတွေဟာ တိုင်းပြည်ကို ထိခိုက်အောင် လုပ်နေတာပဲပေ့ါ မစာဥရယ်။ ဒါကြောင့် သွေးခွဲပေးမယ့် တို့မီးရှို့မီးတွေကို ရှောင်ရှားပါ။ တစ်လအတွင်း မဟုတ်ပါဘူးဗျာ။ ချက်ချင်းကို တိုင်းပြည်အတွက် တည်ငြိမ်အေးချမ်းအောင် အဖျက်အမှောင့်လုပ်ရပ်တွေကို ရပ်ပေးပါလို့ ကျွန်တော်ကတော့ တောင်းဆိုချင်တာပါပဲ”

ကိုသံချောင်းနှင့်မစာဥတို့ စကားဝိုင်းကလေး ရုတ်တရက် တိတ်ဆိတ်သွားသည်။ ပတ်ဝန်းကျင်တွင် ရာသီဥတုက ခုနကနှင့်မခြား သာယာလျက်ရှိပေပြီ။ မစာဥကလည်း တိတ်ဆိတ်လျက်သား။ မိုးစဲ၍ တိမ်ကင်းစင်သွားသည်နှင့်တစ်ပြိုင်နက် နေရောင်ခြည်က လန်းဆန်းတောက်ပစွာ အလင်းနုနုကိုပေးသည်။ သက်တံတို့က ပေါ်ထွန်းလျက်…၊ ကျေးငှက်မောင်နှံတို့ ဟိုမှသည်မှ ပျံသန်းတွန်ကျူးလျက်နှင့် အပျိုကြီး၊ လူပျိုကြီးနှစ်ဦးကို ကျီစယ်နေသလို…။ သာယာလှပေပြီ။ မြန်မာနိုင်ငံတော်ကြီးလည်း တိမ်မြူကင်း၍ လင်းချင်းလိုလှပါပြီဟုသာ…။ ။

> **“ တစ်လကြာရင် ပြန်လာမတဲ့လား မစာဥရယ်။ ခင်ဗျားမိတ်ဆွေကြီးကို မေးကြည့်လိုက်ပါဦး ဘယ်လိုပြန်လာမှာလဲဆိုတာကို။ ပြန်လာခဲ့ပေ့ါဗျာ။ ပြီးရင် တိုင်းပြည်နဲ့ လူမျိုးကို အဆိပ်သင့်အောင်၊ ဘေးဖြစ်အောင်လုပ်ခဲ့တဲ့ လုပ်ရပ်ရှိရင် ပြန်ပြီး အပြစ်ကျေတဲ့အထိ ပေးဆပ်ပေးပါလို့။ အခုဆိုရင် ကိုဗစ်ကြောင့် အလုပ်အကိုင်တွေ ပြိုလဲကြရတယ်။ လူတွေရဲ့ စားဝတ်နေရေးတွေ ခက်ခဲကြရတယ်။ ကျွန်တော်တို့ တိုင်းပြည်တင်တော့ မကဘူးပေ့ါဗျာ။ တစ်ကမ္ဘာလုံးဖြစ်ကြရတာ။ ဒါကို ပြန်လည် ကုစားကြရမယ့်အချိန် တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးအတွက်ဆိုပြီး ဆရာဝန်က ဆေးမကုပေးတာ၊ ဆရာက စာမသင်တာ၊ လုပ်သားတွေက အလုပ် မဆင်းတာမျိုးတွေ ဟာ တိုင်းပြည်ကို ထိခိုက်အောင်လုပ်နေတာပဲပေ့ါ မစာဥရယ်။ ဒါကြောင့် သွေးခွဲပေးမယ့် တို့မီးရှို့မီးတွေကို ရှောင်ရှားပါ။ တစ်လအတွင်း မဟုတ်ပါဘူးဗျာ။ ချက်ချင်းကို တိုင်းပြည်အတွက် တည်ငြိမ်အေးချမ်းအောင် အဖျက်အမှောင့်လုပ်ရပ်တွေကို ရပ်ပေးပါလို့ ကျွန်တော်ကတော့ တောင်းဆိုချင်တာပါပဲ”**



## မိုင်းဖြတ်၌ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားစွာ ကျင်းပ

**မိုင်းဖြတ် မေ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နှစ်ဆန်း ၁ ရက်နေ့က ဝမ်မိုင်ရပ်ကွက်မှစ၍ ပြည်ထောင်စုလမ်းမကြီးပေါ်၌ စုပေါင်းလောင်းလှူကြသည်။(**အပေါ်ပုံ**)

**ကုသိုလ်ပြုလောင်းလှူ**

ထိုသို့ကျင်းပရာတွင် ဝမ်မိုင်ရပ်ကွက်မှ ပြည်ထောင်စုလမ်းမကြီးပေါ်တစ်လျှောက် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းအထိ မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၂၈ကျောင်းမှ ရဟန်း၊သံဃာ အပါး ၄၄၁ ပါးတို့အား ဗိုလ်မှူးကြီးကျော်ဇင်အေးနှင့် တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ဝတ္ထုငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းတို့ကို ကုသိုလ်ပြု လောင်းလှူကြောင်း သိရသည်။

ရှောလမွန် (ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီး ၁၃၈၃ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကျင်းပ

**မုံရွာ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့က မုံရွာမြို့ ကန်သာယာကန် ရွှေလိမ္မော်ကျွန်း၌ စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးပြီး တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ ပြုလုပ်သည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကန်သာယာကန်အတွင်းသို့ ငါးမြစ်ချင်းအကောင်ရေ ၂၅၀၀၀ နှင့် ထိုင်းငါးခုံးမ အကောင်ရေ ၂၅၀၀၀ စုစုပေါင်း ငါးအကောင်ရေ ၅၀၀၀၀ ကို လွှတ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် မုံရွာမြို့ ဘိုးဘွားရိပ်သာခန်းမ၌ မုံရွာမြို့ပေါ်ရှိအသက် ၈၀ နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများက အဘိုး အဘွားတစ်ဦးလျှင် ငွေသားနှင့်ပစ္စည်းအပါအဝင် တန်ဖိုးငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အဘိုး ၂၁ ဦးနှင့် အဘွား ၆၄ အတွက် စုစုပေါင်းငွေကျပ်၄၂၅၀၀၀၀ ကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြပြီး ဆက်လက်၍ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုမွှာရုံတွင် မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောစီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညို ကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကမ္ဘာ့ရှားပါးလိပ်အပါအဝင် ပင်လယ်လိပ်ငါးမျိုးကို သမီးလှကျွန်းမှ ကာကွယ်စောင့်ကြပ်ပေးလျက်ရှိ

**ရန်ကုန် မေ ၁၈**

ကမ္ဘာတွင် ပင်လယ်လိပ် ခြောက်မျိုးရှိရာ ရှားပါးလိပ်အပါအဝင် ငါးမျိုးမှာ မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ သမီးလှကျွန်း(လိပ်ကျွန်း)တွင် လာရောက် ဥချလေ့ရှိရာ ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးစခန်းမှ နှစ်စဉ် ကာကွယ်စောင့်ကြပ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဆန်းပိုင်းက ပင်လယ်လိပ်များ ကျွန်းသို့လာရောက်ဥချလျက်ရှိ၍ ၂၀၂၀ပြည့်နှစ် နှစ်ကုန်ပိုင်းက ပင်လယ်လိပ်ပေါင်း ၈၀ ခန့်ကမ်းပေါ်တွင် ဥချရာ၌ ကျင်း တစ်ကျင်းလျှင် ဥ ၇၀ ကျော် ဥချသောကြောင့် ယခုနှစ်ဆန်းပိုင်း၌ လိပ်ကောင်ရေမျိုးပွားလျက်ရှိသည်။

အဆိုပါ ပင်လယ်လိပ် ငါးမျိုးတွင် ကမ္ဘာ့ရှားပါးစာရင်းဝင်မျိုးစိတ်တို့ပါဝင်ပြီး ပြင်သာလိပ်၊ လိပ်လျှောင်းရှည်နှင့် ဂရင်းထပ်ထဲလ် အပါအဝင် လိပ်မျိုးစိတ် ငါးမျိုး အဓိကဥချလေ့ရှိရာ ရေသယံဇာတ ပင်လယ်လိပ် ထိန်းသိမ်းရေးအနေဖြင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။ သမီးလှကျွန်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးစခန်းတစ်ခု ထားရှိပြီး ကမ္ဘာ့ရှားပါးလိပ်များ နှစ်စဉ်လာရောက် ခြေချရာကျွန်းဖြစ်သောကြောင့် ဥချမှုကို နှစ်စဉ်လေ့လာ စောင့်ကြည့်လျက်ရှိသည်။

ထိုကျွန်းသို့ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပင်လယ်လိပ် ၆၇ကျင်း၊ ၂၀၁၈ ခုနှစ်တွင် ၉၈ ကျင်း၊ ၂၀၁၉ ခုနှစ်တွင် ၇၈ ကျင်းနှင့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင်လည်း ၇၈ ကျင်း ဥချကြောင်း မှတ်တမ်းထားရှိပြီး ရှားပါးလိပ်များ ပေါက်ပွားနှုန်းကောင်းခြင်းကို သဘာဝပေါက်ကျင်းများတွင်သာ တွေ့ရှိရ၍ သမီးလှကျွန်းတွင် လိပ်များဥချရာ၌ ကျင်းများကို သဘာဝကျွန်းအဖြစ်ထားရှိရန်ခက်ခဲခြင်းမှာ ကျွန်း၏ ပင်လယ်ပြင် အနေအထားပြောင်းလဲမှုကြောင့် သောင်ပြင်ကျဉ်းမြောင်းလာရာ သောင်ပြင်ပင်လယ်ရေဖုံးလွှမ်းမှုကြောင့် ဥများပျက်စီးခြင်း၊ ပင်လယ်ကမ်းစပ်နှင့် သောင်ပြင်ကပ်လျက်ရှိသည့်အတွက် တောအတွင်းဝင်ရောက် ဥချရာ၌ သစ်ပင်ငုပ်များနှင့် ထိခိုက်ပျက်စီးမှုကြောင့် သဘာဝကျင်းများထားရှိရန် ခက်ခဲလာမှုအပေါ် ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးစခန်းအနေဖြင့် ဥများကိုပြောင်းရွှေ့သယ်ဆောင်ပြီး လူလုပ်ကျင်းများတွင် ဥဖောက်ရာ၌ ၈၀ ရာခိုင်နှုန်းအထိ ပေါက်ပွားလေ့ရှိသည်။



လိပ်မျိုးစိတ် ထိန်းသိမ်းရေးလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး သမီးလှကျွန်း (လိပ်ကျွန်း)သို့ နှစ်စဉ် ပင်လယ်လိပ်များလာရောက်ဥချရာနေရာပြောင်းရွှေ့ထိန်းသိမ်းခြင်းဖြင့် အကောင်ပေါက်များကို မွေးဖွားသည့်ရက် အမှတ်အသားပြုလုပ်ကာ ပင်လယ်အတွင်းသို့ ပြန်လွှတ်၍ လိပ်မျိုးစိတ်များ သဘာဝပင်လယ်ပြင်တွင် ရှင်သန်မျိုးပွားနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပင်လယ်လိပ်များရှားပါးလာမှုမှာ ပင်လယ်အတွင်းငါးဖမ်းပိုက်တို့တွင် ဖမ်းဆီးသေဆုံးခြင်းနှင့် ကုန်းပေါ်၌ ပင်လယ်စာဈေးကွက်သို့ တင်ပို့မှုကြောင့် နှစ်၂၀အတွင်း ကုန်းနေ၊ ရေနေလိပ်များ ရှားပါးလာခြင်းဖြစ်သည်။ အဆိုပါ ပင်လယ်လိပ်တို့ကို ကမ္ဘာ့နိုင်ငံများက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ အနီးကပ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ သမီးလှကျွန်း(လိပ်ကျွန်း) တွင်လည်း ကမ္ဘာ့ရှားပါးလိပ်အပါအဝင် ပင်လယ်လိပ် ငါးမျိုးကို မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရန် နှစ်စဉ် ကာကွယ် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ**

## တီးတိန်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းဖွင့်

**တီးတိန် မေ ၁၈**

ချင်းပြည်နယ် တီးတိန်မြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၁)ဖွင့်ပွဲကို မေ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုးက အမှာစကားပြောကြားပြီး ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေဆိုင်ရာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများ၊ ပုံစံ(၂၇) မျိုး ဖြည့်သွင်းခြင်းဆိုင်ရာ လုပ်ငန်းများနှင့် အခြားသိသင့်သည့်အချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပို့ချကြကြောင်း သိရသည်။

အဆိုပါ မွမ်းမံသင်တန်းတွင် တီးတိန်မြို့နယ်နှင့် ခိုင်ကမ်းမြို့တို့မှ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ၅၉ ဦး တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော်  မေ  ၁၈

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်သည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ကျော်ဇော်လင်း (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ ခင်လေးထွန်း (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | ဖန်းမော်မြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ စောမြင့်ထွန်း (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ထင်ကျော်ဦး (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ဝဏ္ဏ (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ မေသော်တာ (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ဖြူသွယ်စိုး (လ/ထ ဆရာဝန်) | တောင်ငူ ပြည်သူ့ဆေးရုံ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ထွန်းနန္ဒာ | တောင်ငူ ပြည်သူ့ဆေးရုံ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ စုစုမြတ်အောင် (လ/ထ ဆရာဝန်) | ကသာ ပြည်သူ့ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ မျိုးလင်း (လ/ထ ဆရာဝန်) | ကသာ ပြည်သူ့ဆေးရုံ | ဆောမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ မိုးကျော် (လ/ထ ဆရာဝန်) | ကသာ ပြည်သူ့ဆေးရုံ | ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ ဝေလင်းထိုက် (လ/ထ ဆရာဝန်) | ကသာ ပြည်သူ့ဆေးရုံ | ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ ကျော်သီဟအောင် (လ/ထ ဆရာဝန်) | ကသာ ပြည်သူ့ဆေးရုံ | အင်းတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ မျိုးဇော်ထွန်း (တိုက်နယ် ဆရာဝန်) | ကသာ တိုက်နယ်ဆေးရုံ | ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ စိုးထက်လင်း (လ/ထ ဆရာဝန်) | စစ်တွေ ပြည်သူ့ဆေးရုံ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ အောင်မင်းသင် (အရိုးဆရာဝန်) | လွိုင်ကော် ပြည်သူ့ဆေးရုံ | လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ စိုးစုစုဆွေ (ရောဂါဗေဒ) | လွိုင်ကော် ပြည်သူ့ဆေးရုံ | လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ အေးနန်းသီတာ (လ/ထ ဆရာဝန်) | သံဖြူဇရပ် ပြည်သူ့ဆေးရုံ | သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ ကိုကိုဦး (လ/ထ ဆရာဝန်) | ကော့ကရိတ် ပြည်သူ့ဆေးရုံ | ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ ဖုန်းမင်းဇော (လ/ထ ဆရာဝန်) | ကော့ကရိတ် ပြည်သူ့ဆေးရုံ | ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် လွိုင်ကော် ပြည်သူ့ဆေးရုံတို့မှ ဒေါက်တာ အောင်မင်းသင်(အရိုးဆရာဝန်) နှင့် ဒေါက်တာ စိုးစုစုဆွေ(ရောဂါဗေဒ) တို့သည် ချယ်ရီအထူးကုဆေးခန်း၌ လည်းကောင်း၊ သံဖြူဇရပ်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ အေးနန်းသီတာ(လက်ထောက်ဆရာဝန်)သည် ဆေးခန်းဖွင့်လှစ်၍လည်းကောင်း၊ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာကိုကိုဦး (လက်ထောက်ဆရာဝန်)သည် မြတ်မိခင်ဆေးခန်း၌ လည်းကောင်း၊ ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဖုန်းမင်းဇော (လက်ထောက်ဆရာဝန်) သည် ဖုန်းမင်းဇောဆေးခန်း၌လည်းကောင်း တာဝန်ကျရာဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရသည်။



ဒေါက်တာ အောင်မင်းသင် (အရိုးဆရာဝန်၊ လွိုင်ကော်ပြည်သူ့ဆေးရုံ) ဖွင့်လှစ်ကုသနေသည့် "ချယ်ရီ"ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ အောင်မင်းသင်

စာမျက်နှာ ၂၃ သို့

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၈

**ဆူပူအကြမ်းဖက်သူများအသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။**



မြိတ်မြို့ဆူပူအကြမ်းဖက်သူများ အသုံးပြုသည့် လက်လုပ်ဗုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်ကို တွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် မြိတ်မြို့ မြိတ်တောင် ကျေးရွာအုပ်စု ရာပြည့်ရပ်ကွက် ရာပြည့်(၃) လမ်း၌ မသင်္ကာဖွယ် ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ အောင်ကျော်ဦး(ဘ) ဦးနောင်ကြီး၊ ရဲဇင်မောင်(ဘ) ဦးဘကြွယ်နှင့် မောင်မောင်ဝင်း(ဘ) ဦးစံတင်တို့ သုံးဦးအား လက်လုပ်မိုင်း ၁၄ လုံး၊ အခြားဆက်စပ် ပစ္စည်းများနှင့် လည်းကောင်း၊ အဆိုပါလမ်း အနီးတစ်ဝိုက်ရှိ ချုံပုတ်အတွင်းမှ ဝေယံကို (ဘ) ဦးမြင့်စိုးနှင့် အောင်နိုင်ဝင်း (ဘ) ဦးထွန်းတို့ နှစ်ဦးအား လက်လုပ်မိုင်း ၁၉ လုံး၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ သဃ်န်းကျွန်း မြို့နယ် ဆ/က ရပ်ကွက် ကြိုးစက်လမ်း အိမ်အမှတ် ၂၈ (က) ၌ သန့်ဇင်ထွန်း(၂၄)နှစ် (ဘ) ဦးသိန်းနိုင်ပါ နှစ်ဦးအား မီးပုလင်း အလုံး ၄၀၊ အခြားဆက်စပ် ပစ္စည်းများနှင့် လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၆)ရပ်ကွက် သီရိမြတ် လမ်းရှိ "ဖြူစင်" ၌ CDM ပြုလုပ် ထားသူ ရဲတပ်သားနှစ်ဦးအပါ အမျိုးသားခြောက်ဦးနှင့် အမျိုး သမီးတစ်ဦးတို့အား လက်လုပ်ဗုံး ခြောက်လုံး၊ပြုလုပ်ဆဲလက်လုပ်ဗုံး ငါးလုံးတို့နှင့်လည်းကောင်း၊ ည ၁၀ နာရီခွဲအချိန်တွင် ရန်ကင်း မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ခင်ငြိမ်းသူ (၃၁)နှစ် (ဘ)ဦးမြတ်ချယ်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ခင်ငြိမ်းသူပါ အမျိုးသားလေးဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေ ခဲ့ရာ နေအိမ်အတွင်းမှ လက်လုပ်ဗုံး ၄၃ လုံး၊ Neogle 90 စာတန်းပါ ယမ်းပျော့အချောင်း၂၀၊ ကတ်သီး Steel (လက်ပစ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသော အစပျိုးယမ်း) အတောင့် ၂၀၊ ယမ်းကြိုး(စနစ် တံကြိုး) ၁၀ ပေ၊ ဂျင်ကလိမြားတံ ၅၀၂ ချောင်း၊ လေးခွ ၁၈ လက်၊ စမုတ်တံခြောက်ချောင်း၊ တာပင် တိုင်(၄လီတာပါ)၁၂လုံး၊ ဓာတ်ဆီ သုံးဘူး၊ နိုင်ငံတော်ဆန့်ကျင်ရေး စာသားပါ ပိုစတာတစ်ခု၊ သံစကူ နှစ်ကျပ်သားတို့ကိုလည်းကောင်း။

ရွှေလင်ပန်း ကျေးရွာ၊ ရွှေဘုံသာလမ်းသွယ် (၆)လမ်း၊ အမှတ်(၆၁၁)ရှိ အဆောင် တစ်ဆောင်အား ဝင်ရောက် စစ်ဆေးခဲ့ရာ ၃ လွှာရှိ အခန်း(၁) အတွင်းမှ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး စံပြကျေးရွာနေ ပိုင်စိုးကျော်(ခ)ပိုင်စိုး (၂၈)နှစ်၊ (ဘ)ဦးမင်းသူပါ အမျိုးသားသုံးဦး အားလက်လုပ်ဗုံးကိုးလုံး၊ လက်လုပ် ဗုံး အခွံခြောက်လုံး၊ မြောက်အိုး ၁၅ လုံး၊ ဓာတ်ငွေ့ကာမျက်နှာ ၁၀ ခု၊ ဖိုက်ဘာဦးထုပ် ၁၂ လုံး၊ လေးခသုံးလက်၊ ဓာတ်မြေဩဇာ နှစ်ပြည်ခန့်တစ်ထုပ်၊ မီးစာ တပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း ကိုးလုံး၊ စနက်တံ ၄၇ ချောင်း၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသား များပါ စာရွက် ၂၅ ရွက်တို့နှင့် လည်းကောင်း၊ အခန်း(၂)အတွင်း မှ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ ရန်ပိုင်ဝင်း(ခ) ဝသန် (၂၃)နှစ် (ဘ)ဦးသိန်းဝင်းပါ အမျိုးသားနှစ်ဦးနှင့် အတူလက်လုပ် ဗုံးတစ်လုံး၊ နိုင်ငံတော်ဆန့်ကျင် ရေးစာများပါ စာရွက်၁၅ရွက်တို့ကို လည်းကောင်း အသီးသီး ဖမ်းဆီး ထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် ကွတ်ခိုင်မြို့နယ် နမ့်ခိုင်စစ်ဆေး ရေးဂိတ်၌ မူဆယ်ဘက်မှ ကွတ်ခိုင်ဘက်သို့ ယာဉ်မောင်း ဦးနော်တင်(ဘ) ဦးအိုက်ထွန်း မောင်းနှင်လာသည့် ယာဉ်အမှတ်၊ YGN 1I/--- WISH အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့် စစ်ဆေးရာ ယာဉ်နောက်ခန်း အတွင်းရှိ ဂျပ်ဖာအတွင်းမှ M-22 ကျည်အတောင့် ၁၀၀၀ နှင့် လည်းကောင်း၊ ဝက်လက်မြို့နယ် ရွာတော်ကျေးရွာရှိ ဦးစိုးမြင့်(ဘ) ဦးထွန်းစိန်၏နေအိမ်၌ ၎င်းအပါ အဝင် အမျိုးသားငါးဦးနှင့် အမျိုး သမီးတစ်ဦးတို့အား လက်လုပ် သေနတ်ငါးလက်၊ မီးပုလင်း ခြောက်လုံး၊ အခြားဆက်စပ် ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက် ရာတွင် အသုံးပြုသည့် လက်နက် များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်း ရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူ နိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက် လျက်ရှိကြောင်းနှင့် စစ်ဆေး ရှာဖွေသတင်း ဖော်ထုတ်မှုများကို ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

စာမျက်နှာ ၂၂ မှ



ဒေါက်တာ စိုးစုစုဆွေ (ရောဂါဗေဒ၊ လှိုင်ကော်ပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "ချယ်ရီ"အထူးကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ စိုးစုစုဆွေ



ဒေါက်တာ ကိုကိုဦး(လက်ထောက်ဆရာဝန်၊ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံကြီး) ဖွင့်လှစ်ထားသည့် မြတ်မိခင်ဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကိုကိုဦး



ဒေါက်တာ ဖုန်းမင်းဇော(လက်ထောက်ဆရာဝန်၊ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံကြီး) ဖွင့်လှစ်ထားသည့် "ဖုန်းမင်းဇော" ဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဖုန်းမင်းဇော



ဒေါက်တာ အေးနန်းသီတာ(လက်ထောက်ဆရာဝန်၊ သံဖြူဇရပ်မြို့ပြည်သူ့ဆေးရုံ) ဖွင့်လှစ်ထားသည့်ဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ အေးနန်းသီတာ

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်း ပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်း မဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလ တာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပ ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံ အားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ခေတ်သစ်နယ်ချဲ့ အလိုကျ ရှုးရှုးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# ပြည်သူ့အကျိုးပြု နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ . . .

**– – ရွှေနှင်းဆီဖြူ – –**

**ဒီလပိုင်းထဲမှာ အလုပ်နဲ့ပတ်သက်ပြီး တွေးစရာတွေ များခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းအလုပ်(အများအခေါ် အစိုးရဝန်ထမ်း) ဆိုတဲ့ အလုပ်ကို ကျွန်မ ဘာကြောင့် ရွေးချယ်မိခဲ့သလဲပေါ့။ နိုင်ငံ့ဝန်ထမ်းအလုပ်ကို လုပ်ဖို့ ကျွန်မ ရွေးချယ်မိတာကတော့ နံပါတ် (၁) မိဘရဲ့တိုက်တွန်းမှုကြောင့်ရယ်၊ နံပါတ် (၂) ဘဝအတွက် အာမခံချက်ရှိလို့ရယ်၊ နံပါတ်(၃) လုပ်မယ့်အလုပ်နဲ့ဝါသနာကိုက်ညီမှုရှိလို့ရယ်ကြောင့် လုပ်ဖြစ်တယ်ဆိုတာ သွားတွေ့ရပါတယ်။ တကယ်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခွင့်ရခဲ့တာကို ကျွန်မတစ်ယောက် ဘယ်တော့မှ နောင်တမရခဲ့ပါဘူး။ အထူးသဖြင့် အလုပ်နဲ့ဝါသနာကိုက်ညီမှုရှိတဲ့အတွက်ကြောင့် အလုပ်ကို အားကြိုးမာန်တက် ကြိုးစားထမ်းဆောင်ခဲ့တဲ့အတွက် ဝန်ထမ်းသက်တမ်းတစ်လျှောက်မှာ နေထိုင်စားသောက်ဖို့ ပူစရာမလိုခဲ့သလို နိုင်ငံခြားတိုင်းပြည်တွေကိုလည်း စေလွှတ်ခြင်းခံရဖူးပါတယ်။**

ဖေဖော်ဝါရီလ ၁ရက်နေ့ နောက်ပိုင်းကာလများမှာတော့ ကျွန်မတို့ နိုင်ငံ့ဝန်ထမ်းတွေကြားထဲမှာ CDM ဆိုတဲ့စကား ခေတ်စားလာပြီး CDM လုပ်ဖို့ ဆွဲဆောင်မှုများ ရှိလာခဲ့ပါတယ်။ ဝန်ထမ်းတော်တော်များများ CDM လုပ်လာကြပါတယ်။ ကျွန်မတို့ဌာနက ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တချို့တောင် CDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြပြီး ပုံမှန်လုပ်နေရတဲ့ လုပ်ငန်းခွင်ကို ကျောခိုင်းလာကြပါတယ်။ ဒီအချိန်မှာတော့ ဝန်ထမ်းတွေကြားထဲ CDM လုပ်မလား၊ အလုပ်ဆက်တက်မလားဆိုတာ ရွေးချယ်ရပါပြီ။

### CDM လုပ်ကြတော့ စားဝတ်နေရေးအဆင်ပြေပါ့မလား

တစ်နေ့တော့ နိုင်ငံခြားက ကျွန်မရဲ့အသိမိတ်ဆွေတစ်ယောက်က ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကို သိချင်လို့ ကျွန်မဆီ လှမ်းမေးလာပါတယ်။ “မင်းတို့နိုင်ငံမှာ အလုပ်ဆက်မလုပ်ကြတော့ မင်းတို့ စားဝတ်နေရေး ဘယ်လိုဆက်လုပ်ကြမလဲ။ အလုပ်မရှိရင် စားဝတ်နေရေး အဆင်ပြေကြပါ့မလား”တဲ့။ ဟုတ်ပါတယ်။ သူမေးတာ မှန်ပါတယ်။ အလုပ်မလုပ်ရင် လခဆိုတဲ့ လုပ်အားခပိုက်ဆံ မရပါဘူး။ ရေရှည်အတွက် ကျွန်မတို့ ကြည့်ရပါမယ်။ CDM လုပ်လို့ပြင်ပကနေ ထောက်ပံ့ကြေးပေးတယ်ဆိုပါရဲ့ အဲဒီထောက်ပံ့ကြေးကရော ရေရှည်ပေးနိုင်မလား။ တစ်လ၊ နှစ်လ အများဆုံး ငါးလထက်ပိုပြီး အလုပ်မလုပ်ဘဲ အိမ်မှာနေနေတဲ့သူတွေကို ဘယ်သူက ရေရှည်ထောက်ပံ့နိုင်မလဲ။ ဘယ်သူက လာပြီး ထောက်ပံ့မလဲ။ ဘက်စုံ စဉ်းစားရပါပြီ။ ရေရှည်ကို တွက်ကြည့်မှန်းဆဖို့လိုတယ်လို့ တွေးမိပါတယ်။

နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ထမ်းဆောင်ရမယ့် တာဝန်ရှိသူမို့ ဘယ်အစိုးရပဲ နိုင်ငံကို တာဝန်ယူယူ ကိုယ်လုပ်စရာရှိတဲ့ အလုပ်ကို လုပ်ကိုင်သွားရမယ့် သူတွေပဲလို့ ကျွန်မတော့ ခံယူဆုံးဖြတ်ထားပါတယ်။ ဒီခံယူဆုံးဖြတ်ချက်မှာ ကျွန်မကို မှီခိုနေရတဲ့ မိသားစုတွေရဲ့ စားဝတ်နေရေးကို ကျွန်မဦးစားပေး စဉ်းစားဆုံးဖြတ်သလို ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကိုကြည့်ပြီး နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနဲ့ အဓိက ဘာလုပ်သင့်သလဲဆိုတာကို စဉ်းစားဆုံးဖြတ်ပါတယ်။ ခပ်ရှင်းရှင်းပြောရရင် ဘယ်အစိုးရတက်တက် ပြည်သူပြည်သားတစ်ယောက်အနေနဲ့ ကိုယ်လုပ်စရာရှိတဲ့ အလုပ်ကို ပုံမှန်လုပ်ဖို့ လိုတယ်လို့ပဲ စဉ်းစားဆုံးဖြတ်ပါတယ်။

ဒီအတွက် ပုံမှန်ရုံးတက်တဲ့သူတွေကို ပြစ်တင်မှုတွေ၊ ဝေဖန်မှုတွေ၊ ခါတ်ပုံတွေနဲ့ လူမှုကွန်ရက်ပေါ်တင်ပြီး Social Bullying အရှက်ခွဲမှုတွေ လုပ်လာကြတာ တွေ့ရတာကိုတော့ စိတ်မကောင်းဖြစ်မိပါတယ်။ လူတိုင်းဟာ ကိုယ့်ရပ်တည်ချက်နဲ့ကိုယ် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်၊ ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်၊ ကိုယ်တိုင်ဝေဖန်ပိုင်းခြားနိုင်ခွင့် ရှိပါတယ်။ ဘယ်သူကမှ သူတစ်ပါးရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပါဘူး။ မတူညီတဲ့ နိုင်ငံရေးစိတ်ခံစားချက်တွေ လူတိုင်းမှာ ရှိကြမှာ အမှန်ပါပဲ။ ကွဲလွဲပိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် သူတစ်ပါးကို ခြိမ်းခြောက်အကျပ်ကိုင်ခွင့်တော့ မရှိပါဘူး။

ကျွန်မတို့ ရုံးဌာနမှာလည်း CDM လုပ်ကြတဲ့သူ တချို့ရှိကြပါတယ်။ CDM လုပ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကနေ အဲဒီလူတွေကို ပထမအကြိမ်၊ ဒုတိယအကြိမ် စာပေးပို့ပြီး သတိပေးမှုတွေ ရှိခဲ့ပါတယ်။ အဲဒါတွေပြီးမှ အရေးယူ အပြစ်ပေးမှုတွေ ရှိလာတာပါ။ CDM လုပ်တဲ့သူတွေ အရေးယူ အပြစ်ပေးခံရတော့ သူတို့တွေနဲ့ အလုပ်အတူတွဲလုပ်ခဲ့ကြတဲ့ ကျွန်မတို့တစ်တွေလည်း သူတို့အစား ဝမ်းနည်းရပါတယ်။ ဘယ်သူမဆို လက်ရှိအလုပ်ရှိနေရာကနေ လက်မဲ့အဖြစ် အလုပ်ရပ်ဆိုင်းခံရတာကို ပျော်ရွှင်မယ့်သူ မရှိဘူးလို့ ထင်ပါတယ်။ CDM လုပ်လို့ အလုပ်ပြုတ်သွားတာဟာ တကယ့်ကို မတန်ဘူးလို့ ကျွန်မတော့ ထင်ပါတယ်။ နိုင်ငံရေးကိစ္စမှာ အစိုးရဝန်ထမ်းပဲဖြစ်ဖြစ်၊ ကုမ္ပဏီဝန်ထမ်းပဲဖြစ်ဖြစ် ဘယ်သူမှ ဝင်မပါတာ အကောင်းဆုံးပါပဲ။ ကိုယ်ဖြစ်ရင် ကိုယ်ခံရမယ့် အခြေအနေမျိုး ကိုယ်တိုင် မဖန်တီးဖို့ လိုပါတယ်။ ကိုယ့်သေတွင်း ကိုယ်မတူးတာ အကောင်းဆုံးပါပဲ။

> **“နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ထမ်းဆောင်ရမယ့်တာဝန်ရှိသူမို့ ဘယ်အစိုးရပဲ နိုင်ငံကို တာဝန်ယူယူ ကိုယ်လုပ်စရာရှိတဲ့အလုပ်ကို လုပ်ကိုင်သွားရမယ့် သူတွေပဲလို့ ကျွန်မတော့ ခံယူဆုံးဖြတ်ထားပါတယ်။ ဒီခံယူဆုံးဖြတ်ချက်မှာ ကျွန်မကို မှီခိုနေရတဲ့မိသားစုတွေရဲ့ စားဝတ်နေရေးကို ကျွန်မဦးစားပေးစဉ်းစားဆုံးဖြတ်သလို ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကိုကြည့်ပြီး နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနဲ့ အဓိကဘာလုပ်သင့်သလဲဆိုတာကို စဉ်းစားဆုံးဖြတ်ပါတယ်။ ခပ်ရှင်းရှင်းပြောရရင် ဘယ်အစိုးရတက်တက် ပြည်သူပြည်သားတစ်ယောက်အနေနဲ့ ကိုယ်လုပ်စရာရှိတဲ့အလုပ်ကို ပုံမှန်လုပ်ဖို့လိုတယ်လို့ပဲ စဉ်းစားဆုံးဖြတ်ပါတယ်”**

### လေးစားစရာကောင်းသော ရုံးဝန်ထမ်းတစ်ဦး

ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ရုံးဌာနတစ်ခုမှာ အလုပ်လုပ်နေတဲ့ ကျွန်မရဲ့ အစ်မဆို တကယ့်ကို လေးစားစရာ ကောင်းလှပါတယ်။ ဆန္ဒပြသူတွေ လမ်းတွေပေါ်ရှိတဲ့ အချိန်ကတည်းက သူ့မှာအလုပ်ကို တစ်ရက်မပြတ် သွားခဲ့ပါတယ်။ အိမ်ကနေ ရုံးကို ရောက်ဖို့ နှစ်နာရီကြာ ကားစီးရပါတယ်။ လမ်းမပေါ်မှာ ဆန္ဒပြသူတွေကြောင့် ကားတွေပိတ်ပြီး ဆက်သွားလို့မရရင် လမ်းဆင်းလျှောက်၊ ရောက်တဲ့ နေရာကနေ ကားတစ်ဆင့်ပြန်စီးပြီး ရုံးတက်နဲ့ သွားရလာရတာ အတော်ခက်ခက်ခဲခဲပါပဲ။

> **“CDM လုပ်လို့ အစိုးရရဲ့လုပ်ငန်းတွေ အားလုံးရပ်ဆိုင်းသွားရင် အဲဒီရဲ့အကျိုးဆက်ကို ခံရမှာက ပြည်သူပါပဲ။ အခုတင်ပဲ CDM လုပ်ကြသူ အချို့ကြောင့် မကောင်းတဲ့ အကျိုးဆက်တွေ နေရာတချို့မှာ ခံစားနေကြရပြီ မဟုတ်ပါလား။ ဒီလိုသာ ကြာရှည် လုပ်နေကြရင် ဘယ်သူမပြု မိမိမှုဆိုသလို ပြည်သူပဲ ဒုက္ခရောက်မှာပါ။ ပြည်သူဒုက္ခ ရောက်တယ်ဆိုတာ ကိုယ်ဒုက္ခရောက်တာနဲ့ အတူတူပါပဲ”**

တစ်ခါဆို သူတို့ရုံးမှာ ရုံးတက်သူ အနည်းငယ်ပဲရှိတဲ့ အချိန် လစာပေးဖို့ရှိတဲ့လူနဲ့ပဲ ဝိုင်းပြီးလုပ်ရပါတယ်။ အဲဒီနေ့ အလုပ်ကပြန်တော့ ကားတွေမရှိတော့လို့ သူ့မှာ မြို့ဆင်ခြေဖုံးမှာရှိတဲ့သူ့အိမ်ကို တက္ကစီခ အများကြီးပေးပြီး တက္ကစီငှား ပြန်ရပါတယ်။ အဲဒီ တက္ကစီခလည်း သူတို့ရုံးက ပြန်မပေးပါဘူး။ သူ့အိတ်စိုက်ပြီး သူပြန်ရတာပါ။

တစ်ခါတလေ သူအလုပ်သွားတဲ့လမ်းမှာ အပစ်အခတ်တွေရှိရင် မသွားရဲအောင်အထိ ကြောက်မိတယ်လို့ သူကပြောပါတယ်။ ကိုယ့်လုံခြုံရေးအတွက် ကိုယ်တိုင်သတိထားပြီး သွားရလာရတဲ့အခါ သူ့ရဲ့လက်မှာ သွေးအမျိုးအစားနဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်ကို မင်နဲ့ရေးထားပြီး သက်စွန့်ဆံဖျား အလုပ်သွားရတယ်လို့ သူကပြောပါတယ်။ CDM မလုပ်ဘဲ ရုံးတစ်ရက်မပြတ်လာတက်လို့ သူ့ကို တချို့လုပ်ဖော်ကိုင်ဖက်တွေက ခြိမ်းခြောက်ပြောဆိုမှုတွေ ရှိတယ်လို့လည်း ပြောပါတယ်။ သူရုံးတက်တဲ့အတွက် အနည်းနဲ့အများဆိုသလို သူတို့ဌာနက ရုံးလုပ်ငန်းတွေကို လုပ်ပေးနိုင်တဲ့အတွက် သူဂုဏ်ယူတယ်လို့ ဆိုပါတယ်။ သူ့ကို ဘယ်သူအသိအမှတ်ပြုပြု မပြုပြု သူ့လုပ်ရပ်ကိုသူ မှန်ကန်တယ်လို့ သူခံယူထားပါတယ်။ ဘယ်လိုအခြေအနေ အခက်အခဲမျိုးမှာပဲဖြစ်ပါစေ အလုပ်ကိုတော့ မပြတ်လုပ်မယ်လို့ သူဆုံးဖြတ်ထားပါတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ အလုပ်လုပ်မှ လစာရမယ်လေတဲ့။ အလုပ်မလုပ်ဘဲနဲ့ လစာထုတ်ချိန်မှ လစာလိုချင်တဲ့သူ မဖြစ်ချင်ဘူးတဲ့။ သူ့ရဲ့အကြောင်းကို ပြောပြလို့ ကျွန်မ သူ့အစား မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပါပဲ အစ်မရေလို့ အသိအမှတ်ပြု ထောက်ခံမိပါတယ်။ ဒီလိုအချိန်မှာ CDM မလုပ်ဘဲ ကိုယ်လုပ်စရာရှိတဲ့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ လုပ်ဆောင်သူတိုင်းကို ကျွန်မ လေးစား ဦးညွှတ်မိပါတယ်။

### ကိုယ့်ကိုယ်ကိုယ် မဖျက်ဆီးပါနဲ့

CDM လုပ်လို့ အစိုးရရဲ့လုပ်ငန်းတွေ အားလုံး ရပ်ဆိုင်းသွားရင် အဲဒီရဲ့အကျိုးဆက်ကို ခံရမှာက ပြည်သူပါပဲ။ အခုတင်ပဲ CDM လုပ်ကြသူ အချို့ကြောင့် မကောင်းတဲ့ အကျိုးဆက်တွေ နေရာတချို့မှာ ခံစားနေကြရပြီ မဟုတ်ပါလား။ ဒီလိုသာ ကြာရှည်လုပ်နေကြရင် ဘယ်သူမပြု မိမိမှုဆိုသလို ပြည်သူပဲ ဒုက္ခရောက်မှာပါ။ ပြည်သူ ဒုက္ခရောက်တယ်ဆိုတာ ကိုယ်ဒုက္ခရောက်တာနဲ့ အတူတူပါပဲ။

ကျွန်မတို့ ပြည်သူပြည်သားတွေအားလုံး နိုင်ငံကိုချစ်ကြတာ မှန်ပါတယ်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်ကြတာ မှန်ပါတယ်။ နိုင်ငံကို တည်ငြိမ်အေးချမ်းစေချင်ကြတာ မှန်ပါတယ်။ နိုင်ငံကို ချစ်ကြရပါမယ်။ နိုင်ငံကို သစ္စာရှိကြရပါမယ်။ နိုင်ငံအပေါ် တာဝန်ကျေပွန်မှုရှိကြရပါမယ်။ CDM လုပ်နေရုံနဲ့ ဘာမှလုပ်နိုင်လာမှာ မဟုတ်ပါဘူး။ CDM လုပ်မှ နိုင်ငံပျက်ယွင်းမှာပါ။ နိုင်ငံပျက်ယွင်းလို့ ဒုက္ခရောက်ရင် အများဒုက္ခရောက်ကြမှာပါ။ နည်းမှန်လမ်းမှန် စဉ်းစားတွေးခေါ်ပြီး မိမိလုပ်နေကျ အလုပ်ကို မူလအတိုင်း ပြန်လည်လုပ်ကိုင်ကြမှသာ အခြေအနေ ပြန်ကောင်းလာမှာပါ။ CDM ဆက်မလုပ်ကြဖို့ လိုပါတယ်။

CDM လုပ်နေသူများအားလုံးကို လုပ်ငန်းခွင်များအားလုံးက ပြန်လည်ကြိုဆိုနေပါတယ်။ လုပ်ငန်းခွင် အသီးသီးကို ပြန်လာကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ကျွန်မအထက်မှာ ရေးခဲ့သလိုပါပဲ။ ကျွန်မတို့ ရည်ရွယ်ချက် ကိုယ်စီနဲ့ လုပ်ကိုင်ခဲ့ကြတဲ့ လုပ်ငန်းတွေကို စွန့်ပစ်တဲ့အထိ နိုင်ငံရေးမှာ ဝင်မပါဖို့ လိုပါတယ်။ ကျွန်မကတော့ ကျွန်မဘဝအတွက်၊ ကျွန်မ မိသားစုအတွက်၊ ကျွန်မ နိုင်ငံအတွက် ကျွန်မရွေးချယ်ခဲ့တဲ့ အလုပ်ကို ဘယ်အစိုးရတက်တက် ဆက်လက်လုပ်ကိုင်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်မဘဝအတွက် ကျွန်မ အိပ်မက်တွေကို ကျွန်မ မစွန့်ပစ်နိုင်ပါဘူး။ ပြည်သူ့အကျိုးအတွက်၊ နိုင်ငံ့အကျိုးအတွက် ကျွန်မ လုပ်ကိုင်စရာအလုပ်ကို ဆက်လက်လုပ်ကိုင်နေဦးမှာပါ။ CDM လုပ်ပြီး ကိုယ့်ကိုယ်ကိုယ်နဲ့ နိုင်ငံအတွက် အခက်အခဲဖြစ်အောင် မလုပ်ဘူးလို့ ဆုံးဖြတ်ထားပါတယ်။ CDM လုပ်နေကြတဲ့ ကျွန်မတို့ မိတ်ဆွေတွေအနေနဲ့ရော ကိုယ့်ဘဝအတွက် အာမခံချက်ပေးနိုင်တဲ့အလုပ်ကို တကယ်ပဲ လက်လွှတ်ဆုံးရှုံးခံပြီး CDM ဆက်လုပ်သွားကြမှာပါလား။ အလုပ်ထုတ်ပယ်လိုက်ပါပြီဆိုတဲ့ စာကို တကယ်ပဲ မှန်ပေါင်သွင်းပြီး ဧည့်ခန်းမှာ ချိတ်ဆွဲထားကြမှာပါလား။ စိတ်ကူးယဉ်တယ်ဆိုတာ အတွေးလွယ်သလောက် တကယ့်လက်တွေ့ဘဝက အလုပ်မရှိရင် ခက်ခဲတယ်ဆိုတာ အားလုံးလည်း သိကြမှာ အမှန်ပါပဲ။ CDM လုပ်လို့ ဘာအကျိုးထူးမှ မရှိပါဘူး။ ကိုယ့်ကိုယ်ကိုယ် စိတ်ကူးနဲ့ မလိမ်ညာပါနဲ့။ တည်ငြိမ်နေတဲ့ ကိုယ့်ဘဝကို မဖျက်ဆီးကြပါနဲ့။ လက်တွေ့အခြေအနေမှန်ကို ရင်ဆိုင်ပါ။ မှန်ကန်တဲ့ ဝေဖန်ပိုင်းခြားမှုနဲ့အတူ ဆင်ခြင်သုံးသပ်မှုရှိနိုင်ကြပါစေ။ ။

# လူငယ်နှင့် နိုင်ငံရေး

## ကိုဝင်းမော်ထွန်း

နိုင်ငံရေးဆိုသည်မှာ နိုင်ငံသားအားလုံး၏အရေးပင် ဖြစ်ပေသည်။ သို့ဖြစ်ရာ နိုင်ငံသားအားလုံးတွင် တာဝန်ကိုယ်စီရှိကြပေသည်။ ထို့ကြောင့် လူသည် နိုင်ငံရေးသတ္တဝါဖြစ်၏ဟု ဆိုကြ၏။ နိုင်ငံရေးလုပ်ကြသည်ဆိုရာ၌ နိုင်ငံရေးကိုအကြောင်းပြု၍ ကိုယ်ကျိုးအတွက် ပြုလုပ်ကြသူများကို နိုင်ငံရေး လုပ်စားသူများဟု ခေါ်ဆိုလေ့ရှိကြပြီး နိုင်ငံကောင်းစားအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် မိမိကိုယ်ကျိုးကိုမငဲ့ဘဲ လုပ်ကိုင်ဆောင်ရွက်ကြသူများကိုတော့ နိုင်ငံရေးသမားစစ်စစ် (သို့မဟုတ်) နိုင်ငံရေးသမားကောင်းဟု ခေါ်ဆိုတတ်ကြလေသည်။

**အသုံးချခံလူငယ်များအဖြစ် မရောက်ရှိရန်**

တစ်နည်းဆိုရပါမူ အတ္တသက်သက်နှင့် အတ္တပရမ္မတအောင် ဆောင်ရွက်သူတို့၏ နိုင်ငံအပေါ်ထားသောစေတနာနှင့် လုပ်ဆောင်ချက်ကောင်းမွန်မှုကိုကြည့်ရှုရခြင်းပင် ဖြစ်ပေသည်။ “စေတနာ ဟံ ဘိက္ခဝေ ကမ္မာဝဒ္ဒာမိ” စေတနာမှန်သာလျှင် ကံဖြစ်သည်ဆိုသည့်အတိုင်း နိုင်ငံ့အပေါ်ထားသော စိတ်စေတနာကောင်းကြောင့် မိမိ၏လုပ်ဆောင်ချက် အောင်မြင်ခြင်း၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင်လည်း ထင်ရှားအောင်မြင်ရခြင်းတို့ ဖြစ်နိုင်ပေသည်။ ယင်းကို အများစုက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သော နိုင်ငံရေးသမားကောင်း၊ နိုင်ငံ့ခေါင်းဆောင်ကောင်းဟု သတ်မှတ်ကြပေမည်။

သို့သော် အချို့သော နိုင်ငံရေးသမားတို့၏ ရှေ့မှကာဒိုင်းအနေဖြင့် အသုံးချခံ လူငယ်များအဖြစ်သို့ မရောက်ရှိရန် လိုပေ၏။ စေတနာမှန်ဖြင့် နိုင်ငံရေးအသိပညာရရန် လက်တွဲခေါ်ယူခြင်းကိုတော့ လေးစားရမည် ဖြစ်သည်။ နိုင်ငံရှိ၍ နိုင်ငံရေးဆိုတာ ရှိသည်မို့ ထိုအရေးကိုစိတ်ဝင်စားသူ လူငယ်မောင်မယ်များလည်း ရှိနိုင်ပေ၏။ ထိုသူများထဲမှ ကောင်းမွန်သောစိတ်ဓာတ်ဖြင့် အများအကျိုးဆောင် ပရဟိတစိတ်ရှိသူ လူငယ်များ၊ အနစ်နာခံလုပ်ကိုင်သူ လူငယ်များလည်း ရှိနိုင်ပေသည်။ လူငယ်တို့သဘာဝ အသစ်အဆန်းတီထွင်ဖန်တီးလိုစိတ်တက်ကြွမှု၊ အမှန်တရားနှင့် လွတ်လပ်ခြင်းကို မြတ်နိုးမှု၊ စူးစမ်းရှာဖွေတတ်မှုတို့ကို အသိအမှတ်ပြုကာ နိုင်ငံရေးသမိုင်းခရီးစဉ်တွင် ပါဝင်လာကြခြင်းကို အလေးထားကြရမည်မှာ အမှန်ပင်ဖြစ်၏။ သို့သော် စည်းကမ်းမဲ့သော မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်မှုမျိုးကိုတော့ ရှောင်ရှားရမည် ဖြစ်ပေ၏။

> **“ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသို့သွားရာတွင် ဒီမိုကရေစီစံနှုန်းများမှ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး စည်းကမ်းသေဝပ်စွာဖြင့် ချီတက်လျှောက်လှမ်းသင့်ကြပေ၏။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ခေါင်းဆောင်များကို ကြည့်ပါကလည်း တက်ကြွလှုပ်ရှားသော လူငယ်ဘဝမှ အသွင်ကူးပြောင်းလာကြသည်ကို တွေ့မြင်ကြားသိရပေ၏။ ထိုသို့ဆိုရာတွင် နိုင်ငံ့အရေးကို ဆောင်ရွက်ရာ၌ အမျိုးသားအကျိုးစီးပွားကို ဦးတည်ဆောင်ရွက်နိုင်ရန်၊ တိုင်းပြည်ငြိမ်းချမ်းရေးရရှိရန်၊ စစ်မှန်သော ဒီမိုကရေစီစနစ်ဖော်ဆောင်ရန် စသည်တို့ ရှေ့တန်းတင်၍ ပြုလုပ်နိုင်မှသာ လူငယ်နိုင်ငံရေး သမားကောင်းတစ်ယောက် ဖြစ်လာနိုင်”**

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသို့သွားရာတွင် ဒီမိုကရေစီစံနှုန်းများမှ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး စည်းကမ်းသေဝပ်စွာဖြင့် ချီတက်လျှောက်လှမ်းသင့်ကြပေ၏။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ခေါင်းဆောင်များကိုကြည့်ပါကလည်း တက်ကြွလှုပ်ရှားသော လူငယ်ဘဝမှ အသွင်ကူးပြောင်းလာကြသည်ကို တွေ့မြင်ကြားသိရပေ၏။ ထိုသို့ဆိုရာတွင် နိုင်ငံ့အရေးကို ဆောင်ရွက်ရာ၌ အမျိုးသားအကျိုးစီးပွားကို ဦးတည် ဆောင်ရွက်နိုင်ရန်၊ တိုင်းပြည်ငြိမ်းချမ်းရေးရရှိရန်၊ စစ်မှန်သော ဒီမိုကရေစီစနစ် ဖော်ဆောင်ရန် စသည်တို့ ရှေ့တန်းတင်၍ ပြုလုပ်နိုင်မှသာ လူငယ်နိုင်ငံရေး သမားကောင်းတစ်ယောက် ဖြစ်လာနိုင်ပေသည်။ နိုင်ငံ၏ စီးပွားရေး၊ စစ်ရေး၊ ပညာရေး၊ နိုင်ငံတကာ ဆက်ဆံရေး အစရှိသော ကဏ္ဍများစွာတွင် ဟန်ချက်ညီစွာ ထိန်းညှိဆောင်ရွက်ခြင်း (Check & Balance) ပြုလုပ်နိုင်မှသာလျှင် ထိုတိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး ကောင်းမွန်ဖွံ့ဖြိုးတိုးတက်မှု အလားအလာ ပိုကောင်းမည်ဖြစ်ပေသည်။ နိုင်ငံရေးသမားတစ်ဦးအဖို့ ထိုအချက်ကိုအလေးဂရုပြုသင့်ပေသည်။

**နိုင်ငံသားအားလုံး၏ အကျိုးစီးပွားမြှင့်တင်ရေး**

Check & Balance ကို မထိန်းနိုင်လျှင် နိုင်ငံအတွင်း ပဋိပက္ခများ၊ ဆူပူလှုပ်ရှားမှုများ၊ ဆန္ဒပြ တောင်းဆိုမှုများ ဖြစ်ပေါ်လာကာ ပြည်တွင်းမငြိမ်မသက်ဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးလည်း ထိခိုက်ပျက်ပြား ပေသည်။ နိုင်ငံ့အရေးစိတ်ပါဝင်စားသူပုဂ္ဂိုလ်များ အထူးသတိပြုသင့်သော အခြေအနေပင် ဖြစ်၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် အခန်း(၄)ဥပဒေပြုရေး၊ အခန်း(၅) အုပ်ချုပ်ရေး၊ အခန်း(၆) တရားစီရင်ရေးဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိကြရပေ၏။ နိုင်ငံရေးစိတ်ဝင်စားသူ လူငယ်အများသည်လည်း ထိုအခန်းကဏ္ဍများကို ကောင်းစွာသိရှိအောင် လေ့လာဖတ်ရှုပြီးမှ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ဆောင်ရွက်ပါလျှင် ပိုမို၍စည်းကမ်းတကျ ထိမိလှစွာ ဆောင်ရွက်နိုင်ပေမည်ဟု တွေးတောမိပါသည်။

မိမိနိုင်ငံသားအားလုံး၏ အကျိုးစီးပွား မြှင့်တင်ရေး၊ လူနေမှုဘဝ လုံခြုံစိတ်ချစေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့ကို အထူးအလေးထား၍ ဦးလည်မသုန် ရှက်ဆောင်ကြပါမူ ပြည်သူတို့အပ်နှင်းသောအာဏာဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုရှိသော နိုင်ငံရေးသမားကောင်းတစ်ယောက်အဖြစ် ပြည်သူလူထုက လေးစားယုံကြည်၊ အားကိုးကြ ပေလိမ့်မည်။ နိုင်ငံရေး သဘောတရားရေးရာများကို လေ့လာသုံးသပ်သူ၊ နိုင်ငံတော်၏ အခက်အခဲ ပြဿနာများကို အစဉ်ကြံဆတွေးတော ဝင်ရောက် ဖေးမကူညီဆောင်ရွက်သူ၊ ပြည်ပအဖျက်အမှောင့်များရန်မှ ကာကွယ်ပေးသူ၊ နိုင်ငံတော်လုံခြုံရေး ကာကွယ်စောင့်ရှောက်ပေးရာ၌ ကိုယ်ကျိုးမငဲ့ဘဲ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ပေးသူများကိုလည်း နိုင်ငံရေးနယ်ပယ်မှာ လေးစားအားကိုးထိုက်သူအဖြစ် အသိအမှတ်ပြုအပ်ပါ၏။

၂၁ ရာစု နည်းပညာလှိုင်းတံပိုးကြီး ရိုက်ခတ်ချိန်၌ သတင်းတု၊ သတင်းမှားများနှင့် မှန်ကန်သောသတင်းတို့ကို ခွဲခြားဝေဖန် စိစစ်ခြင်းအတတ်ပညာနှင့် အသိပညာလည်း အထူးလိုအပ်လှပေသည်။ “နှိုင်းနှိုင်းချိန်ချိန် သုခမိန်” ဆိုစကားအရ ခွဲခြမ်းစိတ်ဖြာ ယုံကြည်သင့်ကြပေသည်။ စာရေးဆရာများနှင့် နိုင်ငံရေးသုတေသီများစွာတို့၏ မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးသမိုင်းဆိုင်ရာ စာအုပ်စာပေများကို လူငယ်တိုင်း တတ်အားသမျှ ရှာဖွေလေ့လာဖတ်ရှုနိုင်ကြပါမူ နိုင်ငံရေးဗဟုသုတ ပိုမို၍ ကြွယ်ဝပြည့်စုံကာ တိုင်းပြည်ကောင်းကျိုး သယ်ပိုးဆောင်ရွက်ရာ၌ အထောက်အပံ့ ဖြစ်နိုင်ပေ၏။

**လုပ်သင့်၊ မလုပ်သင့် ခွဲခြားနားလည်**

ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကျရောက်နေချိန်၌ နိုင်ငံတိုင်းသည် ကာကွယ်ဆေးဝယ်ယူရန်၊ ကာကွယ်ဆေးထိုးနှံရန်နှင့် မြန်မာနိုင်ငံသူနိုင်ငံသားများ စီးပွားရေးကျဆင်းနေချိန် စားဝတ်နေရေး အဆင်ပြေအောင် ကြိုးစားနေကြရချိန်တွင် ပို၍ပင် ပြည်သူ ပြည်သားတို့၏အသိဉာဏ် အတွေးအခေါ် ပြည့်ဝပြီး ဆင်ခြင်တွေးဆစိတ်ဖြင့် လုပ်သင့်သည့်အရာ မလုပ်သင့်သည့်အရာ၊ ခန္တီစ ဆိုစကားအတိုင်း သည်းခံစောင့်ဆိုင်းရမည့် အကြောင်းတရား ခွဲခြားနားလည်သင့်ကြပေပြီဖြစ်၏။

နိုင်ငံရေးသမားကောင်း တစ်ယောက်ဖြစ်လာရန် ပြည်သူ့အကျိုးစီးပွားဖွံ့ဖြိုးမှုနှင့် တိုင်းပြည်ငြိမ်းချမ်းရေးရရှိရန် ကြိုးစားရာ၌ ယခုအကြောင်းအရာများသည် လေ့ကားထစ်တစ်ခုသဖွယ် ဖြစ်ပါစေတော့ဟု ဆန္ဒမွန်ဖြင့် ကျွန်ုပ်တို့နိုင်ငံတွင်းတွင် လတ်တလော ဖြစ်ပေါ်နေသည့် နိုင်ငံရေး လှုပ်ရှားမှုများကို သတိပြုတွေးဆဆင်ခြင်ကြည့်နိုင်ကြပါရန် စေတနာမှန်ဖြင့် ရေးသားလိုက်ရပါသည်။ ။



## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ သံလွင်မြစ်အတွင်း ဇီဝိတဒါနငါးမျိုးများစိုက်ထည့်

**နေပြည်တော် ဧပြီ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲကို မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် (နှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ဆိပ်ကမ်းသာတံတား၌ ပြုလုပ်သည်။

အခမ်းအနားသို့ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ ခရိုင်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သထုံငါးလုပ်ငန်းစခန်းမှ နှစ်လက်မနှင့်အထက် အရွယ်အစားရှိ ငါးသားပေါက်ကောင်ရေ ၈၀၀၀၀ ကို ဇီဝိတဒါနအဖြစ် သံလွင်မြစ်အတွင်းသို့ စေလွှတ်ပေးကြောင်း သိရသည်။

သတင်းစဉ်

# အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန် ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ် ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များနှင့် အချို့သောပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟုစွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံး တုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံး တုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းစသည်ဖြင့်ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅–က၊ ၅၀၆ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင်ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၄။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများ စသည့်ကျူးလွန်ခံရမှုများရှိလာပါက မှတ်တမ်းဓာတ်ပုံအထောက်အထားများနှင့်တကွ ထိရောက်စွာအပြစ်ပေးအရေးယူနိုင်ရေးအတွက် မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းဖိုင်များပေးပို့နိုင်ရေး သက်ဆိုင်ရာခရိုင်အလိုက် ဖော်ပြထားသော Viber ဖုန်းနံပါတ်များသို့ ပေးပို့တိုင်ကြားနိုင်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်–

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
Viber Phone – ၀၉ ၄၂၅၂၈၃၃၃၄

(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂
Viber Phone – ၀၉ ၄၅၀၈၄၀၈၈၈

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉ ၈၈၀၈၂၅၆၉၆
Viber Phone – ၀၉ ၇၉၄၆၁၁၃၅၁

(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂
Viber Phone – ၀၉ ၄၂၀၁၆၇၁၂၆

(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉
Viber Phone – ၀၉ ၄၀၃၇၃၉၁၆၃

(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉ ၈၈၀၈၂၅၆၇၇
Viber Phone – ၀၉ ၂၅၀၃၄၄၂၁၉

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂
Viber Phone – ၀၉ ၇၇၇၇၄၁၉၈၀

(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈
Viber Phone – ၀၉ ၂၅၈၂၈၆၉၉၂

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၇၂၇၉၁၅၇

(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉
Viber Phone – ၀၉ ၄၀၉၇၀၁၉၇၂

(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉ ၇၄၀၈၄၇၉၅၀
Viber Phone – ၀၉ ၅၁၃၂၅၁၁

(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၈၂၉၁၇၅၉၆
Viber Phone – ၀၉ ၄၀၀၄၅၅၁၅၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၇၄၆၅၇၁၅၄၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၉၈၃၉၂၆၀

(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၀၄၂၇
Viber Phone – ၀၉ ၄၀၀၄၅၅၁၉၉

(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂
Viber Phone – ၀၉ ၂၃၀၀၈၁၇

(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈
Viber Phone – ၀၉ ၄၄၄၇၇၆၆၅၉

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၆၈၀၁၅၁၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉ ၆၈၀၃၇၄၉၇၄
Viber Phone – ၀၉ ၄၂၀၇၃၆၈၂၇

(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၈၄၆၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁
Viber Phone – ၀၉ ၂၅၈၄၆၆၆၆၈

(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉ ၇၅၉၆၉၈၇၈၃
Viber Phone – ၀၉ ၂၅၉၁၀၇၀၇၂

(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉
Viber Phone – ၀၉ ၄၅၈၀၂၅၄၁၉

(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃
Viber Phone – ၀၉ ၉၅၁၄၉၅၄၀၉

(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉
Viber Phone – ၀၉ ၄၂၁၀၇၁၃၆၉

(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁
Viber Phone – ၀၉ ၄၀၂၅၀၈၄၆၈

(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃
Viber Phone – ၀၉ ၈၈၀၀၈၇၃၄၀

(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃
Viber Phone – ၀၉ ၈၈၉၂၉၁၉၄၀

(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉
Viber Phone – ၀၉ ၇၆၄၄၂၂၆၇၄

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁
Viber Phone – ၀၉ ၆၆၉၉၀၅၂၈၁

(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၁
Viber Phone – ၀၉ ၇၅၅၁၀၀၇၅၇

(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉
Viber Phone – ၀၉ ၈၉၅၉၁၂၁၆၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆
Viber Phone – ၀၉ ၄၀၀၅၄၀၁၄၀

(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇
Viber Phone – ၀၉ ၂၅၀၉၉၉၇၄၇

(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆
Viber Phone – ၀၉ ၄၄၃၁၃၅၅၂၀

(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅
Viber Phone – ၀၉ ၇၉၆၅၈၄၆၃၇

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၅၄၈၅၈၂၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆
Viber Phone – ၀၉ ၉၅၄၂၀၆၀၆၁

(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅
Viber Phone – ၀၉ ၄၀၀၃၁၁၁၁၀

(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈
Viber Phone – ၀၉ ၇၉၄၄၄၇၂၈၀

(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၁၇၊ ၀၉ ၂၆၁၀၁၇၂၅၇
Viber Phone – ၀၉ ၂၅၇၀၈၀၀၉၈

(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄
Viber Phone – ၀၉ ၉၇၃၃၇၃၆၈၈

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၄၊ ၀၉ ၈၈၉၈၅၈၇၈၈
Viber Phone – ၀၉ ၉၆၉၉၅၆၄၇၂

(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈
Viber Phone – ၀၉ ၄၂၀၇၆၀၂၄၆

စာမျက်နှာ ၂၈ သို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

*စာမျက်နှာ ၂၇ မှ*

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
Viber Phone – ၀၉ ၆၈၁၁၅၃၄၅၃

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
Viber Phone – ၀၉ ၄၄၀၁၄၂၆၆၇

(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone – ၀၉ ၄၀၃၇၄၂၂၆၅

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၁၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅၂
Viber Phone – ၀၉ ၇၈၅၀၈၂၆၁၅

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆
Viber Phone – ၀၉ ၄၂၀၂၅၁၄၈၄

### မွန်ပြည်နယ်ရဲတပ်ဖွဲ့

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
Viber Phone – ၀၉ ၂၅၅၈၅၄၄၁၀

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊ ၀၉ ၄၂၃၃၃၂၇၄၆
Viber Phone – ၀၉ ၂၅၅၇၁၁၁၇၄

### ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
Viber Phone – ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
Viber Phone – ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
Viber Phone – ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
Viber Phone – ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁
Viber Phone – ၀၉ ၂၅၄၃၁၅၂၉၉

### ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၂၉၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
Viber Phone – ၀၉ ၄၂၁၁၂၈၉၅၁

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
Viber Phone – ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
Viber Phone – ၀၉ ၅၁၉၄၂၂၃

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄
Viber Phone – ၀၉ ၇၈၆၂၈၁၄၅၆

### ရှမ်းပြည်နယ်ရဲတပ်ဖွဲ့

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
Viber Phone – ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
Viber Phone – ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
Viber Phone – ၀၉ ၂၅၀၉၃၆၅၆၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
Viber Phone – ၀၉ ၇၈၉၇၂၃၇၄၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
Viber Phone – ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
Viber Phone – ၀၉ ၉၇၆၄၅၃၆၉၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
Viber Phone – ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
Viber Phone – ၀၉ ၄၂၀၀၀၆၀၆၇

(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
Viber Phone – ၀၉ ၉၅၇၉၂၄၁၅၉

(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
Viber Phone – ၀၉ ၇၇၃၁၁၇၈၅၉

(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁
Viber Phone – ၀၉ ၆၈၉၉၁၀၉၇၀

### ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
Viber Phone – ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၁၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၉၇
Viber Phone – ၀၉ ၂၅၉၀၄၂၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
Viber Phone – ၀၉ ၄၅၄၄၆၆၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၁၁
Viber Phone – ၀၉ ၉၅၀၉၇၇၃၇၆

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၂၆
Viber Phone – ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၉၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၉၇၄၂၁၂
Viber Phone – ၀၉ ၂၆၉၄၈၂၈၂၀

---

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၁၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။



## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း- ၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) ဖုန်း- ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ဖုန်း- ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၂၀၁၃၆၉၆၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်) ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ဖုန်း-၀၉-၆၈၇၉၀၂၇၃၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား) ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) ဖုန်း-၀၉-၉၇၅၃၂၈၆၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး) ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး) ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့်
ပေးပို့၍လည်း ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

5% Discount
အမြန်ဆုံး ရယူလိုက်ပါ

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ၀၉-၄၅၀၅၃၉၅၅၃၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၄၈၀၄၂၂၁၄၊ ၀၉-၄၃၀၃၆၀၃၀၊
  ၀၉-၄၂၀၁၄၅၆၁၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၅၀၀၂၅၅၇၀၊ ၀၉-၄၅၀၀၂၅၁၄၅၊
  ၀၉-၇၇၃၀၉၄၉၃၁
- The Global New Light of Myanmar(ရန်ကုန်)
  ၀၉-၂၅၀၂၀၄၆၅၃၊ ၀၉-၇၇၀၆၇၇၅၁၃၊
  ၀၉-၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၄၄၂၂၇၁၁၀၇
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၄၂၂၁၇၀၁၀၄
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

## သင့် လုပ်ငန်းများအောင်မြင်ဖို့

အမြို့မြို့အနယ်နယ်ပျံ့သည့်

မြန်မာ့အလင်း

ကြေးမုံ

THE GLOBAL NEW LIGHT OF MYANMAR

သတင်းစာတွင် ကြော်ငြာထည့်ကြစို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်စိန်

ကျောက်ဖြူမြို့

အသက်(၇၂)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ(ဦးဘထွန်း-ဒေါ်မတင်)တို့၏သမီး၊ ဦးဘိုးနု ၏ဇနီး၊ (ဦးထွန်းတင်အောင်)၊ ဦးထွန်းရင်၊ ဦးကိုအေး၊ ဒေါ်အေးမေ၊ (ဦးထွန်းခင်)၊ (ဦးထွန်းသိန်း)၊ ဦးထွန်းဝေ ၊ ဦးသာသန၊ ဦးမျိုးသိမ်းတို့၏ အစ်မကြီး၊ ဒေါက်တာနုနုခိုင်၊ ဦးတင်နီထွန်း၊ ဒေါ်ကေသွယ်ခိုင်တို့၏ မိခင်သည် ၁၈-၄-၂၀၂၁ရက် နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၁ရက်တွင် ကျောက်ဖြူ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်စိန် (ကျောက်ဖြူမြို့)

အသက်(၇၂)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ(ဦးဘထွန်း-ဒေါ်မတင်)တို့၏သမီး၊ ဦးဘိုးနု ၏ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အင်ဂျင်နီယာချုပ်(မြို့ပြ)၊ ဦးထွန်းဝေ-ဒေါ်ချိုချိုအေးတို့၏အစ်မကြီးသည် ၁၈-၄-၂၀၂၁ရက် နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝန်ထမ်းမိသားစု**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပခုက္ကူမြို့

**အိတ်ဖွင့်တင်ဒါ(Open Tender ခေါ်ယူခြင်း(တတိယအကြိမ်)**

**၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်**

**၂၀၂၁ ခုနှစ် ဧပြီ ၁၂ ရက်**

၁။ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | Lot No |
|---|---|---|---|
| ၁ | ခန်တောမြောင်း အုတ်ရေမြောင်းချဲ့ခြင်းနှင့် မြောင်းဖြတ် တံတား(၁၁)စင်းပြုလုပ်ခြင်း (ပန်းတည်းလမ်းထိပ်မှ မြစ်ဝအထိ)<br>- အုတ်ရေမြောင်း<br>- မြောင်းဖြတ်တံတား | ၂၄၄၂'x ၄'x (၃'x၆''+၆'x၃'')/၂<br>၂၄၅' x ၆'- ၃'' | Lot 1 |
| ၁ | ရုံးအဆောက်အအုံဆောက်လုပ်ခြင်း | (၆၀' x ၄၅' x ၂၂')+<br>(၂၀' x ၁၀' x ၂၂') | Lot 2 |
| ၁ | မြို့ရေပေးရေးလုပ်ငန်းအတွက် ၁၀' Ø၅၀၀' စက်ရေတွင်းတူးဖော်ခြင်း | ၂တွင်း<br>၁၀' Ø ၅၀၀' | Lot 3 |

၂။ တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့် အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၀-၄-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီ

တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၅-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီ

တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ - ပြည်သာယာခန်းမ၊ ပခုက္ကူမြို့

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၀-၄-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်အား ထပ်မံကြေညာပါမည်။ အသေးစိတ်အချက် အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၂-၂၂၁၉၁၊ ၀၆၂-၂၁၄၉၉၊ ၀၆၂-၂၁၀၆၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မြဝတီမြို့နယ်တရားရုံးတော်၌**

**၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

ဒေါ်ညွန့်လှိုင် နှင့် (၁) ဗိုလ်မှူးချိုဝင်း (၂) ဦးဝင်းတင်

**တရားလို** **တရားပြိုင်များ**

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ သဃ်န်းညီနောင်၊ ခမရ(၃၅၇)နေ ဗိုလ်မှူးချိုဝင်း (ယခုလိပ်စာမသိ)နှင့် မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဝင်းတင်(ယခုလိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်တွင် တရားလိုက ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ (၄) ရပ်ကွက်၊ (၅၃-အေ)၊ မြို့သစ်(က)၊ ဦးပိုင်အမှတ် (၃၅၇)၊ ဧရိယာ(၀ဒသမ၀၈၃)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၁ခုနှစ် ဧပြီ ၂၉ရက် (၁၃၈၃ခုနှစ် တန်ခူးလဆုတ် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွပ်စွဲချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများ ကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဧပြီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောသိန်းကုဋ္ဌေအောင်)**

**တွဲဖက်မြို့နယ်တရားသူကြီး**

**မြဝတီမြို့နယ်တရားရုံး**

## ဗိုလ်ကြီးရွှေရိုး(ခ)ရဲထက်(ငြိမ်း)

**OTS(90)၊ ဦးစီးအရာရှိ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်ရုံး(လောက်ကိုင်)**

**အသက်(၅၈)နှစ်**

လောက်ကိုင်မြို့နေ ဒေါ်နန်းသိန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူနွယ်၊ မဗေဒါရဲထက်၊ မဒေလီယာရဲထက်၊ မောင်မျိုးကိုကိုတို့၏ချစ်လှစွာသောဖခင်သည် ၁၇-၄-၂၀၂၁ရက် ညနေ ၅:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၂၁ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးရွှေရိုး(ခ)ရဲထက်(ငြိမ်း) OTS(90)

**ဦးစီးအရာရှိ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်ရုံး(လောက်ကိုင်)**

**အသက် (၅၈)နှစ်**

လောက်ကိုင်မြို့နေ ဗိုလ်ကြီးရွှေရိုး(ခ)ရဲထက်(ငြိမ်း) အသက် (၅၈)နှစ်သည် ၁၇-၄-၂၀၂၁ရက် ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**O.T.S (90) သူရတပ်ခွဲမှ သူငယ်ချင်းများ**

## ဦးကိုလေး(ပဲခူး)

## အသက်(၇၃)နှစ်

ပဲခူးမြို့၊ ၂၉လမ်း၊ ယခင်ရွှေဟသ်ာဆေးတိုက်ပိုင်ရှင် (ဒေါက်တာ P.M. Ghosh နှင့် Mrs.R.Ghosh)တို့၏သားငယ်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ဝေဿန္တရာလမ်း၊ အမှတ် (၁၁၃၆/အေ)နေ ဒေါ်ရီရီဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝေဖြိုးတင်-မနီလာ(UN-World Food Programme)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ရာဇမာန်ဖြိုး၊ မဘေဘီနီလာတို့၏ ဘိုးဘိုးကြီးသည် ၁၇-၄-၂၀၂၁ရက် ည ၇:၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၂၁ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း

ဒါယိကာမကြီး

## ဆရာမ ဒေါ်မိုးသူ

**B.A (Myanmar)**

**တိုင်းရင်းဆေးဒီပလိုမာ အပါတ်စဉ်(၁၄)**

**အသက် (၅၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၄)၊ အောင်တော်မူလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ (တိုင်းရင်းဆေးကောင်စီဝင် ဆရာကြီးဦးစံတင့်-ဒေါ်သိန်းရင်)၊ ပဲခူယ်ကုန်းမြို့နယ်နေ (ဦးသာဇံ-ဒေါ်ဖွားစိန်)တို့၏မြေး၊ (ဆရာမကြီးဒေါ်ခင်ငြိမ်း)၊ (ဆရာကြီးဦးမြင့်)-ဒေါ်နွဲ့တို့၏ တူမ၊ (ဦးစိုးတင့်-ဒေါ်ခင်ထွေးရီ)တို့၏သမီး၊ ဦးခင်ဇော်-ဒေါ်ငွေငွေဦး၊ (ဦးခင်မောင်စိုး-ဒေါ်တင်တင်အေး)တို့၏ညီမ၊ ဦးသိန်းလွင်-ဒေါ်မိုးစံ၊ ဦးမိုးမင်းတို့၏ချစ်လှစွာသောအစ်မ၊ တူ တူမ (၄)ယောက်တို့၏ ချစ်လှစွာသော အဒေါ်ဖြစ်သူ ဆရာမ ဒေါ်မိုးသူသည် ၁၅-၄-၂၀၂၁ ရက် (ကြာသပတေးနေ့) ညနေ(၄)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၂၁ရက် (သောကြာ နေ့) နံနက်(၁၁) နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၁-၄-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးလှရွှေ

## ရုံးအုပ်(ငြိမ်း)၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း

## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ် ၃၁၄နေ (ဦးထွန်းလှိုင်-ဒေါ်မှုတ်)တို့၏သားထွေး၊ ဒေါ်မြင့်မြင့်မော် ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဉာဏ်လင်း(Eager Communications Co., Ltd)-ဒေါက်တာ မြတ်မြတ်သော် (ဒုတိယပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)၊ ဒေါ်မြမြဝင်း(မရမ်းကုန်းမြို့နယ်၊ လမ်းဦးစီးဌာန)၊ ဦးတင်ထွန်း-ဒေါ်အေးအေးဝင်း၊ ဒုတိယဗိုလ်မှူးကြီး သောင်းထိုက် (ကကင္ဖ) - ဒေါ်ဖြိုးမင်းသန့် (ကထိက၊ မြန်မာစာ)၊ ဦးကျော်ဖြိုးကို- ဒေါ်ဟန်စုယဉ် တို့၏ဖခင်၊ မောင်ကျော်မင်းသန့်၊ မောင်မင်းသုကျော်၊ မောင်ကောင်းခန့်ကျော်တို့၏အဘိုးသည် ၁၆-၄-၂၀၂၁ ရက်(သောကြာနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၂၁ ရက်(စနေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င-၁၂)ရှိ ပန်းခြံ(၃)လမ်း၊ မြေကွက်အမှတ်(၄၅၈)၊ မြေအကျယ်အဝန်း(၆၀ပေ × ၆၀ပေ)ရှိ **ဒေါ်ခင်မေအောင်(၁၂/ကတတ(နိုင်)၀၀၈၅၂၂)** အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ဒေါနလမ်း၊မြေကွက်အမှတ်(၄၆၉)၊ မြေအကျယ်အဝန်း (၆၀ပေ × ၆၀ပေ) ရှိ **ဗိုလ်မှူးစောရွှေ(AKB-၁၉၂၃၆၈)**အမည်ပေါက် မြေချပါမစ်မြေကွက်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်များထံမှ **ဦးရိုးရိုးချိန်(၉/မရတ(နိုင်)၁၀၆၁၀၆)**သည် **"နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်"** များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်-၁၁၄၀၆)**

**တရားလွှတ်တော်ရှေ့နေ**

အမှတ် (၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃ ၊ ၀၉-၇၉၆၃၀၈၀၂

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာ ရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီနားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက် ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီး ပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင် ထားရှိခြင်း များကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက် ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ် စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အား မမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့် မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်း ထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိ ပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ် အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေး ကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ် ဆေးဘူး ထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ် ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့် သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါ အားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါး ခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ ပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၆၃၀ ဦးရှိ

### (၁၈-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၇-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅၄၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၉,၂၃၅) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၃၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၉၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ COVID–19 ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၁၆) ကြိမ်မြောက် ထွက်ခွာ

**နေပြည်တော် ဧပြီ ၁၈**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ကုသရေးဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုကြောင့် ထပ်မံ ဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် COVID–19 ရောဂါကုသရေးဌာန(ဖောင်ကြီး) တွင် တပ်မတော်မှ ပါဝင်ကူညီဆောင်ရွက်ရန်အတွက် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောအဖွဲ့က သွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည်။

အဆိုပါ လှည်းကူးမြို့နယ် COVID–19 ရောဂါကုသရေးဌာန (ဖောင်ကြီး) တွင် (၁၅)ကြိမ်မြောက်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးဆရာဝန်များ ပါဝင်သော ၄၁ ဦးနှင့် လဲလှယ်ထမ်းဆောင်ရန် (၁၆)ကြိမ်မြောက် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး သြဝါဒစကား ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❐




COVID–19 ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ဘာစီလိုနာတို့ ဘီလ်ဘာအိုကို ဂိုးပြတ်အနိုင်ယူပြီး ကိုပါဒယ်ရေးဖလားကို (၃၁)ကြိမ်မြောက် ဆွတ်ခူး

စပိန်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲအဖြစ် ဘီလ်ဘာအိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ ပွဲစဉ်ကို ဧပြီ ၁၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကိုပါဒယ်ရေး ဖလားကို (၃၁) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။ ဘာစီလိုနာအသင်းအတွက် ဂိုးများကို ဂရစ်ဇ်မန်း၊ ဒီဂျောင်နှင့် မက်ဆီတို့က သွင်းယူပေးနိုင်ခဲ့သည်။



ယနေ့ပွဲစဉ်တွင် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံး ပုံစံကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်ကို တွေ့ရသည်။ ဘီလ်ဘာအိုအသင်းသည် ယနေ့ပွဲစဉ်တွင် ဘာစီလိုနာအသင်းအပေါ် ကစားကွက်အပိုင်း၊ နည်းဗျူဟာအပိုင်း၊ ဂိုးပေါက်ကန်သွင်းမှုအပိုင်းတို့တွင် မယှဉ်သာသည်ကို တွေ့ရသည်။ ဘာစီလိုနာအသင်းသည် ဘီလ်ဘာအိုအသင်းကို ဇန်နဝါရီ ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် စူပါဖလား ဗိုလ်လုပွဲ ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ဘာစီလိုနာအသင်းအတွက် အဖွင့်ဂိုးကို မိနစ် ၆၀ တွင်

စာမျက်နှာ ၇ ကော်လံ ၁ ❍

လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက် — ပြည်တွင်းသတင်း စာ ၂၄

ပြည်သူ့အကျိုးပြု နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ . . . — ဆောင်းပါး စာ ၂၅

လူငယ်နှင့် နိုင်ငံရေး — ဆောင်းပါး စာ ၂၆